www.burmeseclassic.com



# မိန်းကလေး

## အချစ်ကာစပယ်လိုမွှေးသည်



GRAPHIC BK

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးသိန်းလွင် (မြဲ-၀၄၁၃၇) (ရွှေဟသာစာပေ)
အမှတ် - ၂၆၃၊ ဆိပ်ကမ်းသာလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြဲ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဘုန်းကျော် (မော်လမြိုင်)
အတွင်းဖလင်
ကိုကြီးပေါက် (Image Art Work) (၀၉-၄၂၀၂၄၃၃၂၇)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မိန်းကလေးစာအုပ်တိုက်
၀၉-၄၄၉၂၅၁၄၁၇

၈၉၅.၈၃
မိန်းကလေး
အချစ်က စံပယ်လို မွှေး၏ / မိန်းကလေး။ - ရန်ကုန်။
ရွှေဟသာစာပေ ၊ ၂၀၁၅ ။
၂၄၈ - စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) အချစ်က စံပယ်လို မွှေး၏

## အခန်း (၁)

"ဟော့ တမန်"

"ဒီမှာကွ"

"ကိုယ်တို့ ဒီမှာ သူငယ်ချင်း"

"ဒီမှာကွ ... ဒီမှာ"

သူငယ်ချင်းလေးယောက်၏အားရဝမ်းသာခေါ်သံ တစ်ပြိုင်နက် ပေါ်ထွက်လာလျှင် တမန်သစ်ရင်ထဲမှာ လှိုက်ခနဲပျော်သွား၏။

မထင်မှတ်ဘဲ သူငယ်ချင်းများကို တစ်စုတည်းတွေ့လိုက်ရ၍ လည်း သူ့မျက်ဝန်းအစုံ မြူးလက်ပြီး တောက်ပသွား၏။

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အလင်း၊ ကောင်းကျော်၊ မိုးချောနဲ့ နိုင်းနိုင်း"

သူ့ရင်ထဲက သူငယ်ချင်းတွေရဲ့နာမည်ကို ရေရွတ်မိသလို အားရပါးရလည်း ဝင်ဖက်မိ၏။

"တမန် . . . မင်းရုပ်ကို မနည်းကြီးဖမ်းရတာကွ။ မင်း အတော်ကြီး စမတ်ကျသွားတယ်"

မိုးချောနက သူ့လက်တစ်ဖက်ကို မိမိရရ ဆုပ်ထားရင်း ဝမ်းသာ စိတ်နဲ့ပြောသည်။ နိုင်းနိုင်းတို့ကလည်း –

"ဟုတ်ပ့ါကွ၊ မင်း ရုပ်ထွက်သိပ်ကောင်းလာတယ်ကွ။ ဘော်ဒီ လည်း တအားဖြောင့်ပြီး အသားအရေက အရင်တုန်းကလို ဖြူစွတ်စွတ် မဟုတ်တော့ဘူး။ ဝင်းလဲ့နေတာကွ။ မျက်နှာလည်းကြည့်ဦးကွာ . . . ခွဲစိပ်ပြုပြင်ထားသလား အောက်မေ့ရတယ်"

"မင်းသာ မိန်းကလေးဆိုရင် ငါ့သတို့သမီးလောင်းကို အမိုက် တစ်စလို လွှင့်ပစ်ပြီး မင်းကို မရ,အရ လိုက်မှာကွ"

"ဟာ . . . ဒီကောင်တွေ"

သူငယ်ချင်းတွေ အားရဝမ်းသာ ပြောဆိုနေကြသည်က ငယ် ကျွင့်မပျောက်စွာ။ သူ့မှာ ရယ်ရမလို မဲ့ရမလိုနဲ့။ ပျော်ရွှင်ရတာတော့ အမှန်ရယ်ပါ။

"လာကွ . . . ပစ္စည်းတွေ ငါ့တပည့် သယ်လာလိမ့်မယ်"





အလင်းပြောရင်း ဆွဲခေါ်ခဲ့သည်က ကားရပ်ထားတဲ့ဆီသို့။ ယာဉ်ပေါ်က ဆင်းတုန်းက သူ့စိတ် လှုပ်ရှားနေခဲ့သည်။

ကောင်းကျော်က သူ လာကြိုမယ် ပြော၏။

ခုတော့ ကောင်းကျော်တစ်ယောက်တည်း မဟုတ်ဘဲ သူငယ် ချင်းလေးယောက်စလုံး ဖြစ်နေတော့ အံ့သြဝမ်းသာရသည်။

ဒါတင်မက ငယ်ကျင့်မပျောက်တဲ့ အပြောအဆိုတွေကြောင့် လည်း ပျော်ရတာက ကျောင်းတုန်းကအတိုင်း။

"မင်းတို့တွေလည်း အသားအရေ ပြည့်လာတော့ အရင်က ဆက် ကြည့်ကောင်းတယ်ကွ"

"ဟား ဟား ဟား"

BURMESE CLASSIC

သူငယ်ချင်းအားလုံး တဟားဟား ရယ်မောကြလေသည်။

"ကိုယ်တို့ကောင်တွေ ပြည့်တာက ဘီယာတန်ခိုးနဲ့ကွ။ ကောင်း ကျော်က အရက်တန်ခိုးနဲ့ ဖောနေတာ"

"ဟား ဟား ဟား"

"မင်းကလည်း ပြစ်ချက်တွေ ဖော်နေပြန်ပြီ"

"မဟုတ်လို့လား"

"အခု လျှော့ထားတယ်ကွ"

"ရွှေမော်မော် လက်မခံလို့ မဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်လေကွ၊ မော်က အရက်နဲ့ချစ်သူ ကြိုက်ရာရွေး တဲ့ကွ။ ကိုယ် အရက်ကိုရွေးမိလို့ ဖောသွားတာ။ ဒါကြောင့် အရက်ကို လျှော့ချပြီး ချစ်သူကိုပြန်ရွေးတာ။ မော်က ဒါတောင် အင်တင်တင်။ ကိုယ့်ဘက်က အာမခံချက်အကြီးကြီး ပေးထားရတာမျိုး"

ကောင်းကျော် လွတ်လပ်ပေါ့ပါးစွာပြောသည်က ဝိုရှ်ပင် ခင်မင် စရာကောင်းနေပြန်သည်။

"ဘာပဲဖြစ်ဖြစ် ... မော့်ကို မင်း ကျေးဇူးတင်ရမယ်"

"ကျေးဇူးတင်လွန်းလို့ တစ်ဘဝလုံးပုံပေးဖို့ အဆင်သင့်ဖြစ် နေပြီကွ"

"မင်း နစ်နာနေဦးမယ် ကောင်းကျော်ရာ"

ကောင်းကျော် ပခုံးစွန်းကို ရင်းရင်းနှီးနှီးဖက်၍ တမန်သစ် ပြောတော့ ကောင်းကျော် တဟားဟား အော်ရယ်လေသည်။

"မော်သာ လက်မခံရင် ကောင်းတော့ အရက်ပင်လယ်ထဲ ခုန်ဆင်းပြီး သေပစ်လိုက်မယ်လို့ ခြိမ်းခြောက်တာ မခံနိုင်လို့ မော် လက်ခံလိုက်တာမျိုးကွ"

အလင်းက ရှင်းပြသလိုပြောလျှင် ကောင်းကျော်က ရယ် မပျက်။

"ဘာပဲဖြစ်ဖြစ် မော့်ကို ကျေးဇူးတင်ရမယ်"





"ဘာဖြစ်လို့လဲ တမန်"

မိုးဈာန်နဲ့ နှိုင်းနှိုင်းက ပြိုင်တူမေး၏။

တမန်က ကောင်းကျော်မျက်နှာ ပြည့်ဖောင်းဖောင်းကို ကြည်လင်စွာကြည့်ရင်း –

"ကောင်းကို အရက်စည်ထဲက ကယ်ထုတ်နိုင်လို့ကွ"

"ဟုတ်တယ်ကွ၊ နွယ်သာ ကိုယ့်ညီမဆိုရင်"

"ယောက်ဖအမြန်တော်ပစ်မှာလား"

ကောင်းကျော်မေးတော့ နှိုင်းနှိုင်းမျက်နှာကြီး ရှုံ့မဲ့လျက်။

"မင်းကို ဖြတ်ပစ်မှာကွ"

"အား ကျွတ် ကျွတ် ... မလုပ်ပါနဲ့ကွာ။ ဒါလေးနဲ့ မြူးနေတဲ့ တာကွ"

ကောင်းကျော်တစ်ကိုယ်လုံး တွန့်ရင်းပြော၏။ ထိုအခါ သူငယ် ချင်းတွေ ရယ်မောရပြန်သည်။ ရယ်မောရင်းတန်းလန်း အလင်းက ဆို ပြန်သည်။

"အဲဒါသာကြည့်တော့ တမန်။ ကောင်းက ဒီအရက်ကို စွဲတဲ့ စိတ် ပိုသန်နေတာကွ"

သူ့ သက်မရှည်ကြီး ချမိသွားသည်။

"ကိုယ်တို့ကောင်တွေ စည်းရုံးတာ မအောင်မြင်ဘူး။ မော်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးလည်း မသိဘူး။ အဲဒီတော့မှ ဒီကောင်က လျှော့သွားတာ''

''လျှော့တာ မဟုတ်ပါဘူးကွ၊ လှည့်မကြည့်တော့တာ''

''ကဲပါ ... ကိုယ်တို့သူငယ်ချင်းတွေ ဆုံတဲ့အထိမ်းအမှတ်နဲ့ တစ်ပွဲလောက် နွှဲရအောင်လား''

သူပြောတော့ ကောင်းကျော်မျက်နှာကြီး ဝင်းသွားသည်။

''တစ်ပွဲမဟုတ်ဘူး၊ နှစ်ပွဲ သုံးပွဲလောက်လုပ်မယ်။ ဒါပေမဲ့ မော့်ကို အသိမပေးကြေး''

ကောင်းကျော်တောင်းဆိုလျှင် တမန် မျက်လုံးပြူးသွားသည်။ အလင်းတို့လည်း ကောင်းကျော်ကို စိုက်ကြည့်လျက် –

''ဘာလဲ ... မင်းက ဘာပွဲထင်နေလို့လဲ''

''သောက်ပွဲလေကွာ သောက်ပွဲ''

ကောင်းကျော်စကားမဆုံးခင် အလင်းက လက်သီးဖွဖွနဲ့ ကောင်းကျော်ပခုံးစွန်းကို ထိုး၏။

''မှားပါတယ် ကောင်းရာ''

''ဘာလဲကွ သောက်ပွဲမဟုတ်ဘူးလား တမန်''

''ကျွတ် ... မင်းကတော့ ဒါပဲ''

သူပြောလို့မဆုံးခင် မိုးချာန်နဲ့နှိုင်းနှိုင်း ဝင်ပြော၏။

''ဟုတ်တယ် တမန်၊ ကောင်းက အဲသလိုကွ''





''ကိုယ်ကတော့ မော့်ဘက်တော်သား။ ဘယ်တော့မှ လျှို့ ဝှက်မထားဘူး''

''ဟို့ ဟို့ ... ကိုယ်ပြောတာက သောက်ပွဲမဟုတ်ဘူး''

တမန်သစ် ကမန်းကတန်း ပြောလိုက်၏။ ကောင်းကျော်က မျက်မှောင်ကြုတ်ကြည့်ပြီး မေးသည်။

''သောက်ပွဲမဟုတ်ဘူးလား တမန်''

သူ ခေါင်းညိတ်လိုက်သည်။

''ဒါဆို ဘာပွဲလဲ''

ကောင်းကျော် နှုတ်ခမ်းကို လျှာဖျားနဲ့သပ်ရင်းမေး၏။ အလင်း တို့ကလည်း သိလိုလှသည်။ ဒါကြောင့် ဝိုင်းမေးကြသည်။

''ဘာပွဲလဲ တမန်''

''ပြေးပွဲကွ ပြေးပွဲ။ ကိုယ်တို့ ပြန်ဆုံတဲ့ အထိမ်းအမှတ်နဲ့ ပြေးပွဲလေးတစ်ခုလုပ်မယ်။ ပြေးပွဲက ကျန်းမာရေးအတွက် အကောင်း ဆုံးပဲ။ ကောင်းကိုလည်း လေ့ကျင့်ပေးရာရောက်မယ်။ ပြီးရင် မင်းတို့ သတို့သမီးလောင်းတွေနဲ့ တွေ့ဆုံပွဲလုပ်ပြီး စားပိုင်းဆက်လုပ်မယ်''

''အိုကေ''

ကောင်းကျော်မှလွဲ၍ ကျန်သူငယ်ချင်းများ ဝမ်းသာအား ရကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သဘောမကျဘူးလား ကောင်း"

"ကျ . . . ကျပါတယ်ကွ"

"ကျရင် မော့်ကိုလည်း ကြိုဖိတ်ဖို့လိုမယ်"

"အိုကေကွာ"

မော့်နာမည်ပါလာမှ ကောင်းမျက်နှာ အနည်းငယ်လန်းလာသည်။

ကောင်းက အသောက်ကိစ္စကို ခုချိန်ထိ ပြတ်နိုင်သေးဟန်မတူ။

ဒါကြောင့် –

ကောင်းလက်မောင်းကို အားပေးသလို တမန်သစ် ဆုပ်ကိုင်လျှင် ကောင်းမျက်နှာလေး လိုက်လိုက်လဲလဲ ပြုံးသွားသည်။

"ကျေးဇူးပဲ တမန်၊ ကိုယ်တို့တွေ့ဆုံပွဲလေးက ကျောင်းတုန်းကလို ရင်ခုန်စရာကောင်းနေမှာကွ"

"ကဲ . . . ကားပေါ်တက်ကြ"

ကားပါကင်နားရောက်တော့ အလင်းက ကားပေါ်တက်ဖို့ နှိုးဆော်၏။

သူ့ပစ္စည်းအိတ်တွေလည်း အလင်းတပည့် သယ်လာပြီး ကားနောက်ခန်းမှာ ထည့်ပြီးလေပြီ။

ကားတံခါးဖွင့်ပေးတဲ့ အလင်းကားနောက်ခန်းမှာ တမန်သစ်





တက်ထိုင်လိုက်သည်။ ကောင်းကျော်နဲ့ နှိုင်းနှိုင်းက မိုးစျာန်ကားပေါ် တက်၏။

ရှစ်နှစ်တာကွဲကွာနေတဲ့ သူငယ်ချင်း ပြန်လည်တွေ့ဆုံခြင်းက ပန်းတွေပွင့်တဲ့ နေ့ကလေးလို သာယာလိုက်မောဖွယ် ကောင်းနေမင့်သည် မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ တိုက်မိကုန်မယ်ကွ"

သူတို့သူငယ်ချင်းငါးယောက် ပြေးနေတဲ့လမ်းကြောင်းထဲ ပြေးတဲ့နှစ်ယောက်။ ရှေ့ကပြေးနေတဲ့သူက သရဲမျက်နှာဖုံးစွပ်ထားတဲ့ယောက်ျားတစ်ယောက်ဖြစ်သည်။

ဝတ်စားထားတဲ့အင်္ကျီကြီးက အဆမတန်ကြီးတဲ့အပြင် ခံအင်္ကျီအဝါရောင်နှင့်။ ပုဆိုးနှစ်ဖက် မပြီးပြေးနေပုံက အသေအကြေပြေးနေမှန်းသိသာနေသည်။

လိုက်နေတဲ့မိန်းကလေးက အပြင်ခံအနက်အင်္ကျီလက်ရှည်နဲ့





အိတ်တစ်လုံးကို သိုင်းလွယ်ထား၏။ လက်မှာလည်း အသင့်ချိန်ထားတဲ့ဒီဂျစ်တယ် ကင်မရာလေးကို ကိုင်လျက်။

သူတို့အုပ်စု အပြေးရပ်ကာ တအံ့တဩ ကြည့်မိသည်။

ထိုနှစ်ယောက်က ပြေးလို့ လိုက်လို့ ကောင်းဆဲ။ ဘာကြောင့်ထဲ။ ပတ်ဝန်းကျင်ကလည်း စူးစမ်းတဲ့မျက်လုံးနဲ့ လိုက်ကြည့်ကြသည်။

ထို့အခါ သူလည်း သိချင်လာသည်။ သူ့သူငယ်ချင်းတွေလည်းသိချင်နေမှန်း မျက်ဝန်းများက သက်သေတည်နေသည်။

ဒါကြောင့် မျက်ရိပ်လေးနဲ့ သူ အချက်ပြလိုက်သည်နှင့် သူငယ်ချင်းတွေ သဘောကျကာ ထိုနှစ်ယောက်နောက် အပြေးလိုက်၏။

အပြေးသန်တဲ့သူက သူမကို မှီသွား၏။ သူမက ပတ်ဝန်းကျင်ကို ငဲ့မကြည့်ဘဲ ကျန်လက်တစ်ဖက်နဲ့ ရှေ့က ပြေးနေသူကို အမိဆွဲဖို့ကြိုးစားနေသည်။ သူမနဲ့ ပြေးနေတဲ့ ရှေ့ကလူကြီးမှာ တစ်လံလောက်ကွာနေတာမို့ သူမ မမှီနိုင်ဖြစ်ကာ။

ဒီမိန်းကလေး ဘာကြောင့် ထိုလူကို အမိဖမ်းချင်ရတာလဲ။

သိချင်စိတ်တွေများနေတာမို့ ထိုလူ့နောက်ကြောဘက် သူပြေးဝင်လိုက်လျှင် မြန်ဆန်တဲ့ သူမလက်က သူ့ကုပ်ပိုးကို ဆွဲသလိုကင်မရာ ကိုင်ထားတဲ့ လက်ကလည်း ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်၏။

"ဟင် . . . ရှင်၊ ဟာ . . . လွတ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့မျက်နှာ ဘွားခနဲမြင်တော့ ဒေါသတွေ ဆောင့်တက်၏။ ထို့ပြင် ပြေးနေတဲ့လူနောက် ဆက်လိုက်၏။

သို့သော်လည်း မျက်နှာဖုံးနဲ့လူမှာ အလှမ်းကွာဝေးသွားသလို လမ်းချိုးထဲ ကွေ့ဝင်ရှောင်လိုက်တာမို့ မျက်ခြေပြတ်သွား၏။ သူက လက်ခုပ်လက်ဝါးတီး၍ ရယ်ပစ်၏။ သူနားရောက်လာတဲ့ သူငယ်ချင်းတွေလည်း ဝိုင်းရယ်ကြ၏။

"တောက်"

ထိုမိန်းကလေး ပြေးလိုက်သော်လည်း ပစ်မှတ်ကို မမြင်ရတော့ ခြေထောက်ဆောင့်ကာ နောက်ပြန်လှည့်လာသည်။

သေချာတာက သူ့ကို ရန်ထောင်ရန် နှုတ်ခမ်းသွေးထားပုံ ရသည်။

နှုတ်ခမ်းချွန်ချွန်နဲ့ ဘောက်ဆတ်ဘောက်ဆတ် ရှေ့တိုးလာပြီး ...

"ရှင် ဘာလို့ နှောင့်ယှက်တာလဲ၊ ဟင် ... သရဲ"

သူ့မျက်နှာကို တည့်တည့်ကြည့်ရင်း ရန်စကားပြောတာတွေရဲ့နောက်မှာ တစ်ခုခုကို မှတ်မိဟန်ဖြင့် မျက်လုံးလေး ဝိုင်း၏။ ထို့ပြင် သူ့မျက်နှာကို လက်ညှိုးထိုးလျက် သရဲဟု ရေရွတ်၏။

"သရဲ"





သူလည်း တိုးတိုးရေရွတ်မိလျှင် တစ်စုံတစ်ရာကို သတိရသလို ဖြစ်သွား၏။

"ဟင် ... သရဲ။ တစ် နှစ် သုံး လေး ငါး။ ဟာ ... သရဲငါးကောင်လုံး ငါ့ကို နှောင့်ယှက်နေကြတာ။ ကြည့်စမ်း ... ကျောင်းတုန်းက သောက်ကျင့်တွေ ခုထိ မပျောက်သေးဘူး။ တောက်"

"ဟင်"

ထိုတော့မှ သူတို့အားလုံး သူမကို မျက်လုံးပြူးကြီးနဲ့ ထွင်းဖောက်မတတ် ကြည့်မိသွားသည်။ မှတ်မိနေတဲ့ နာမည်ပိုင်ရှင်ကိုလည်း တစ်ပြိုင်နက် ခေါ်ဆိုမိ၏။

"လျှပ်စီးမ"

"ဘာလျှပ်စီးမ,လဲ။ တောက် ... နင်တို့သရဲသောက်ကျင့် မပျောက်တာ အရေးမကြီးဘူး။ ငါရမယ့်သတင်း လွတ်သွားပြီ။ တောက် ... နင်တို့ကို လုံးဝမကျေနပ်ဘူး"

"နေ ... နေပါဦး လျှပ်စီးမရာ၊ ငါတို့ကျောင်းပြီးကတည်းက မတွေ့ရတာ။ ကံကောင်းလို့ ခုလိုဆုံရတာ"

"ဘာကံကောင်းတာလဲ သရဲမိုးချုန်၊ တမန်သရဲလုပ်လို့ ငါရလုလုသတင်း လွတ်သွားပြီ၊ တော်ပြီ ... နင်တို့ဆုံတာ ကံဆိုးတာပဲ။ တော်ပြီ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးမ စိတ်ပျက်လက်ပျက် ပြောဆိုပြီး ခြေဆောင့်ထွက်သွား၏။ ထိုအခါ သူတို့ငါးယောက် သူမကို ဝိုင်းလိုက်ပြီး –

"လျှပ်စီးမရာ နင်က လျှပ်စီးကြောင်းလို တလျှပ်လျှပ်ပြေးလိုက်နေတာ ဘာဖြစ်လို့လဲ။ ငါတို့သိချင်တာနဲ့"

"ဘာသိချင်တာလဲ။ နှောင့်ယှက်တာလို့ ပြောလေ"

"မဟုတ်ရပါဘူးဟာ၊ ငါတို့ရှေ့က နင်တို့ဖြတ်ပြေးတာ နင်မှန်း ငါတို့ မသိဘူးဟ"

အလင်းက ရှင်းပြသလိုပြောမေး၏။ ကောင်းကျော်နဲ့ နှိုင်းနှိုင်းက ခေါင်းတညိတ်ညိတ်နဲ့ သူငယ်ချင်းမကို ပြုံးပြုံးကြီး ကြည့်ပြီး –

"ဟုတ်တယ်ဟ"

"ငါတို့က နင်လို့ မထင်ဘူး"

"အရှုးမတစ်ယောက် မျက်နှာဖုံးစွပ်နဲ့ လူကိုလိုက်နေတာလားလို့"

"တော်စမ်းပါ"

နှိုင်းနှိုင်းစကားမဆုံးခင် သူမ ဝိတ်ပြော၏။ နှိုင်းနှိုင်းတို့ ပါးစပ်ပိတ်လိုက်ပေမယ့် သဘောကျစွာ တမန်သစ် ပြုံးမိသလို သူမကိုလည်း စိုက်ကြည့်မိ၏။

သူမက သူတို့ကို ဦးဆုံးမှတ်မိသွားတာကိုပဲ ကျေးဇူးတင်ရမလို





ဖြစ်သည်။ ကျောင်းနေတဲ့သက်တမ်းတစ်လျှောက် အစအနောက်သန်တဲ့ သူတို့ငါးယောက်က သရဲငါးကောင်အဖြစ် နာမည်ကြီးသလို သူမက လျှပ်စီးမနာမည်တွင်အောင် စပ်စုရုံမက ဘယ်နေရာဖြစ်ဖြစ် လျှပ်ပြက်သလို မြန်မြန်ဆန်ဆန် သူမရောက်နေတတ်သည်။

ဒါကြောင့် သူမက ကျောင်းမှာ လျှပ်စီးမအဖြစ် နာမည်ကြီးခြင်း ဖြစ်သည်။

"နေဦး ... နင်တို့တွေ ဘယ်ကဘယ်လို ငါးယောက်လုံး တစ်ပုံနေတာလဲ"

"အဲဒီကိစ္စ နောက်မှပြောမယ်။ ဒါနဲ့ နင်က ဘာလို့ ဟိုလူနောက် အသည်းအသန် လိုက်နေရတာလဲ"

သူသိချင်တာကို ဖြတ်မေးလိုက်၏။ သူမက ဘယ်ဆီရောက်သွားမှန်း မမြင်ရတော့တဲ့ ထိုမျက်နှာဖုံးစွပ်ကို မျက်စောင်းလှမ်းထိုးပြီးပြောသည်။

"လိုက်ရမှာပေါ့ဟ။ မိလို့ကတော့ သတင်းကောင်းပဲ"

"ဘာလဲ သတင်းကောင်းဆိုတာ"

"ဒင်းတို့တွေ ဆန္ဒပြကြတယ်လေ"

"ဒီမိုကရေစီခေတ်မှာ ဆန္ဒပြတာ ဆန်းလား"

သူပြောလိုက်တော့ မျက်နှာအဖုံးစွပ်ဆီရောက်နေတဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



စောင်းက သူ့ဆီ ဒိုင်းခနဲ လည်လာသည်။

"ဟုတ်သားပဲ လျှပ်စီးမရာ"

သူငယ်ချင်းတွေကလည်း ထုံးစံအတိုင်း သူ့ဘက်က ဆင်ခြေ ပေးကြသည်။ သူမက သူနဲ့အတူ သူငယ်ချင်းအားလုံးကို ဖြန့်ကြည့်ပြီး မျက်စောင်းထိုးပြန်သည်။

"ဟိုလူဆန္ဒပြတာနဲ့ နင်နဲ့ ဘာဆိုင်လဲ"

"ငါက သတင်းထောက်'

"ဟာ"

သူတို့အားလုံး ပါးစပ်ပေါက်တွေ ကျယ်ကုန်သည်။ မျက်လုံး တွေလည်း ပြူး၏။ မယုံနိုင်အောင်လည်း ဖြစ်ရလေသည်။

သတင်းထောက်ဆိုတဲ့သူမကို စုန်ချည်ဆန်ချည် ကြည့်မိသွား သည်။ ကျောင်းတုန်းကထက် ပိုသွက်နေဟန်တူတဲ့ သူမ၊ ကျောင်းတုန်း ကလို ပိန်လှပ်လှပ်လေး မဟုတ်တော့ပါ။ အသားအရေပြည့်ကာ ပို လှနေသည်။

"နင်က သတင်းထောက် ဟုတ်လား လျှပ်စီးမ"

နှိုင်းနှိုင်း ပြန်မေးတော့ သူမ ဖီအော်၏။

"ဟုတ်တယ်ဟေ့ ... ဟုတ်တယ်၊ ဟိုလူတွေ ဆန္ဒပြတာ မမြင်ဘူးလား။ မျက်နှာဖုံးကြီးနဲ့"





"အေး ... အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါပြောတာပေါ့ ဆန္ဒပြတာက ပွင့်လင်းမြင်သာမှု ရှိရမယ် ။ ငါ ဘယ်သူ ဘာကြောင့် ဆန္ဒထုတ်ဖော်တယ်ဆိုတာ မျက်နှာပြပြီး ောင်းဆိုရမှာ၊ ခုတော့ သူတို့အဖွဲ့က ဘာထွင်လည်း မသိဘူး။ မျက်နှာ ွေဖုံးပြီးတော့ ဆန္ဒထုတ်ဖော်တာ။ အဲဒါကြောင့် သရဲမျက်နှာဖုံးကို ည်ကြည့်ချင်တာ။ အဲဒီတော့မှ ဆန္ဒအမှန် ဖော်ထုတ်သူလား၊ ပါတီ စ်ခုခုက နေ့တွက်ပေးလို့ ဘယ်သူမှ မမှတ်မိအောင် မျက်နှာဖုံးစွပ်ပြီး ဆန္ဒထုတ်ဖော်တာလား၊ ဒါမှမဟုတ် တခြားအကြောင်းကြောင့်လား ိုတာ ဖော်ထုတ်ချင်လို့ အမိဖမ်းဖို့ လိုက်တာ"

"နင်လိုက်တော့ ဟိုက ပြေးတယ်မဟုတ်လား"

"ပြေးမှာပေါ့၊ နေ့တွက်ယူပြီး ဆန္ဒထုတ်ဖော်တဲ့သူတွေလားမှ သိတာ။ ဒါကြောင့် သူတို့မျက်နှာကို လူမြင်မခံရဲတာ။ မိလိုက်လို့က တော့"

"ငါတို့မှမသိတာကွ။ သိရင် မိအောင်လိုက်ပါတယ်။ ဟော့ ကောင် ... မပြေးနဲ့ဆိုပြီး ကုပ်ကိုဖမ်းဆွဲပြီး ဒင်းမျက်နှာဖုံးကို ဆွဲချွတ် ပေးပါတယ်"

"တော်စမ်းပါ"

သူမက ဘယ်လိုမှ အခဲမကြေဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲလာ . . . စိမ်းစိမ်းစွေး"

"ဘယ်လဲ . . . နင်က"

ကောင်းကျော်က အတင်းကာရော ဆွဲခေါ်သလို လုပ်၏။ သူမက ခပ်ဟောက်ဟောက်ပြောလျှင် –

"ငါတို့သူငယ်ချင်းတွေ ဆုံတွေ့ခြင်းအထိမ်းအမှတ်ပွဲ ရှိတယ်"

မိုးချာန် သွက်သွက်ကလေး ပြော၏။ သူမက မယုံသလို ရှု ကြည့်၏။

"တကယ်ပြောတာဟ"

"လာပါ၊ နင့်ကို ငါတို့ ဝိုင်းမခြောက်ပါဘူးဟာ"

"တမန် ဒီနေ့ပဲ ဂျပန်က ပြန်ရောက်တာ။ မထင်မှတ်ဘဲ နင်နဲ့ပါ ဆုံသွားတော့ ငါတို့ပွဲလေးကို နင့်ပါ နွှဲဖို့ ဖိတ်တာပေါ့ဟ။ လာပါ လျှပ်စီးမရာ"

"ငါတို့တွေ ကျောင်းပြီးကတည်းက ကွင်းနေကြတာ မဟုတ်လား"

"ဘာကွင်းနေတာလဲ၊ နှိုင်းနှိုင်းနော် စကားပြောရင် ကြည့်ပြော"

နှိုင်းနှိုင်းက တဟားဟားအော်ရယ်ရင်း ပြော၏။

"ကွေကွင်းနေတာ မဟုတ်လား၊ ဒါကြောင့်"





သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတာနဲ့ သူမက တမန်သစ်ကို မျက်မှောင်ကြုတ်ကြည့်ပြီး မေး၏။

"တကယ်လား သရဲကြီး"

သူမကို ကြည်နူးပြုံးနှင့် စိုက်ကြည့်ပြီး သူ ခေါင်းညိတ်၏။ ထိုအခါ သူမက ကျောင်းတုန်းက အိုက်တင်အတိုင်း နှုတ်ခမ်းချွန်ပြ၏။

ထိုနှုတ်ခမ်းချွန်ချွန်လေးက ပန်းငုံဖူးလေးနှယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ည။

ညက ကြယ်ရောင်တို့ကြောင့် ချိုလှငြိမ်မောဖွယ်ကောင်းနေသည်။ ညဥ့်ငှက်ကလေးများရဲ့ တောင်ပံခတ်သံလေးများကလည်း ညဥ့်ချိုချို၏ဂီတသံနှယ် နားဆင်လို့ကောင်းနေသည်။

လေပြည်လေးသော့နွဲ့ ကျီစယ်လျှင် သစ်ရွက်ကလေးများ အချင်းချင်း ပွတ်သပ်၍ သယောထိုးလေပြီ။

ထိုအခါ သူ့မျက်ဝန်းမှာ ပုံရိပ်တစ်ခု စွန်းထင်၏။

လျှပ်စီးမ။





မျက်နှာကျဝိုင်းဝိုင်းလေးဖြစ်ပေမယ့် မေးဖျားလေးချွန်နေသည့်မျက်နှာပုံက သာမန်မိန်းကလေးများနဲ့မတူ။ တစ်မျိုးလေး ထူးခြား၏။

ပါးမို့မို့နှစ်ဖက်အထက်က တောက်ရှန်းသောမျက်ဝန်းအစုံက ဘယ်အရာကိုမဆို စူးစမ်းလိုစွာ ကြည့်လဲ့နေသည်။

မိန်းကလေးတိုင်းလို မျက်နှာကို အခြယ်အလှယ်တို့နဲ့ မွမ်းမံထားသည်က သဘာဝအလှကို ပို၍ပေါ်လွင်စေကာ။

အသားအရေကြည်သော ကိုယ်နေဟန်က အဆီအပိုတွေနဲ့ မဟုတ်တဲ့ အချိုးအဆကျနေသည်က မော်ဒယ်မလေးများထက် ကြည့်ကောင်းနေသည်။

ဆံပင်ရှည်ရှည်မှာ နဂိုအဖြောင့်အတိုင်းရယ်၊ လက်သည်းဆိုးဆေးတွေ ဘာညာလည်း ဆိုးမထား။ ဝတ်စားထားတာက ခေတ်အမီကြီး မဟုတ်ပါ။

ရှပ်အင်္ကျီပုံစံဖြစ်ပြီး အပြင်ခံ ထပ်ဝတ်ထားသောကြောင့် ပြေးပြေးလွှားလွှား ဘယ်လိုပင်လုပ်လုပ် ကျနေရနေသည်။

နှုတ်ကတော့ ဘာသွက်သလဲ မမေးနဲ့။

"ဟာ . . . ဟော့ မော်၊ ဟွန်း . . . နီနီ၊ သန္တာနဲ့ သီရိဟေမာ မဟုတ်လား။ ဘယ်ကဘယ်လို နင်တို့ ဒီနေရာရောက်နေတာလဲ"

ရွှေမော်မော်၊ သန္တာချိုချို၊ နီနီခရမ်းနဲ့ သီရိဟေမာတို့



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်ကို မြင်သည်နှင့် သူမ မေး၏။

ထိုလေးယောက်ကလည်း သူမကို လက်ညှိုးတထိုးထိုးနဲ့။

"နင် ... လျှပ် လျှပ်စီးမ"

"လျှပ်စီးမ ... နင်က ဘယ်ကဘယ်လို"

"ကြည့်စမ်း ... ကျောင်းပြီးကတည်းက လျှပ်စီးမလက်တော့တာ၊ ခုမှ လျှပ်စီးကြောင်း ဖြန်းခနဲလက်သလို ပေါ်လာတယ်၊ အံ့ပါ့ဟယ်"

"လျှပ်စီးမရယ်၊ ခုမှပဲ ပြန်တွေ့ရတာ ဝမ်းသာတယ်ဟယ်။ နေ ... နေပါဦး၊ တမန် လျှပ်စီးမနဲ့ ဘယ်မှာဆုံလာတာလဲ"

ရွှေမော်မော်တို့ရဲ့မေးသံတွေ ညံစီသွားသလို သူမအသံတွေလည်း ကျယ်သွား၏။ သူမက အဖြစ်အပျက်ကိုပြောပြနေတာက အားရပါးရပြောနေတဲ့အထဲမှာ သူ့ကို မကျေမချမ်းဖြစ်လျက်။

"ငါတို့တွေ့ဆုံပွဲလေးစည်သွားအောင် ကြုံတုန်းဆုံတုန်း တစ်ပါတည်း ခေါ်လာတာဟ"

"ခေါ်လာပြီး ဘာမှမကျွေးရင်တော့လား"

"ကျွေးပါ့မယ် ဈေးရယ်"

"အောင်မာ ဘာဈေးလဲ၊ တမန်နော်"

"ဟား ဟား ဟား"





ဘယ်တုန်းကမှ သူမနာမည်တစ်လုံးတည်း မခေါ်ဖူးတဲ့ တမန်။ ခုမှပဲ ကဗျာဆန်တဲ့ခေါ်သံမျိုးနှင့် ဈေးလို့ခေါ်လေတော့ သူမ မျက်စောင်းထိုးရုံတင်မက လက်သီးဆုပ်နဲ့ပါ ထိုးဖို့ ရွယ်လေသည်။

ထိုအခါ သူငယ်ချင်းအားလုံး သဘောတကျ ရယ်မောကြ၏။ ထိုရယ်သံများက သူမစိတ်ကို ပို၍ ခံခက်စေသလိုဖြစ်၏။

"ဘာရယ်စရာပါလဲ၊ ရှင်တို့က"

"ဒီလို အုပ်စုလိုက် မ,ရယ်ရတာ ဘယ်လောက်ကြာပြီလဲ။ သူငယ်ချင်းရယ်"

သန္တာချိုချိုတို့ပြောလျှင် သူမလည်း တွေခနဲဖြစ်သွားပြီးမှ–

"ဟုတ်သားနော်၊ ဒါနဲ့ ရှင်တို့ချည်းပဲလား။ အတန်းထဲက တခြားဘယ်သူတွေပါသေးလဲ"

"ဘယ်သူမှမပါဘူး"

"ဘာဖြစ်လို့"

"ဒီပွဲက ကောင်းကျော်တို့ရဲ့ သတို့သမီးများ မိတ်ဆက်ပွဲ"

သူပြောလိုက်တော့ သူမလေး ပါးစပ်အပွင့်သားနှင့်။

"ဘာ ဘာ၊ သတို့သမီး မိတ်ဆက်ပွဲဟုတ်လား။ ကောင်းကျော်နှင့်အမျိုးသမီးက ဘယ်မှာလဲ"

သူမ သိလိုဇောနဲ့ မေး၏။ ကောင်းကျော်က ရယ်လျက် မော့ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်နဲ့ပြ၏။

“ဘုရားရေ”

သူမ ရင်ဘတ်ဖိလေသည်။ ကောင်းကိုလည်း လက်ညှိုးထိုးပြီး

“ဒီပွဲဖောင်းဖောင်းငနဲကို မော်က”

“ဒါတင်မကဘူး လျှပ်စီးမရော။ အလင်းက သီရိဟောမာနဲ့။ မိုးစျာန်က သန္တာချိုချို။ နှင်းနှင်းက နီနီခရမ်းနဲ့။ သူတို့အားလုံး တစ်ပတ်ခြားစီ မင်္ဂလာဆောင်ဖို့ Ready ဖြစ်နေပြီ။ ဒါကြောင့် ငါ့ကို ဂျပန်က ပြန်ခဲ့ဖို့ မရအရ ခေါ်ကြတာဟ”

ရှင်းပြသလို သူပြောလိုက်တော့ သူမ ဘုရားတပြန်သည်။

“ဘုရားရေ . . . ဒီသရဲတွေနဲ့ အံ့ပါ့ပါဟယ်”

သူမ လက်ဖျားတခါခါနဲ့ ပြော၏။ ကောင်းကျော်တို့ကိုလည်း မျက်စောင်းထိုး၏။ မော်တို့ကိုလည်း ရွှတ်ချွဲချွဲ ကြည့်၏။

“တခြားပုဂ္ဂိုလ်တွေကို ရွေးယူကြမယ်ဆိုရင် ဟုတ်သေး။ ခုဟာက”

“ခရမ်းတို့လည်း နီးရာကိုပဲ ရွေးလိုက်မိတာ”

“အမြန်စွံချင်ကြတာက အဓိကလေ”

တမန်ဝင်ပြောတော့ ရယ်ကြပြန်သည်။ သူမက ရယ်ရင်း သူ့ကို မျက်စောင်းထိုး၏။





“နင်က ဟိုမှာစွံတယ်ပေါ့”

“ဒီကိုရောက်မှ စွံချင်နေတာ။ ဒါနဲ့ နင်ကော”

“လျှပ်စီးမလေး။ နင်တို့ထက် နှစ်တွေစောပြီး စွံထားတယ်”

“ဟင် . . . ဟုတ် ဟုတ်လား”

“ဘယ်သူနဲ့လဲ”

“ဘယ်ကာလဲ”

သူငယ်ချင်းတွေ သူ့ထက်ငါ အပြိုင်မေးကြ၏။ တမန်က ရင်ထဲ ထိတ်ခနဲဖြစ်ကာ –

“တကယ်လား”

စိုက်ကြည့်ရင်း ဖိမေး၏။ သူမက ပေါ့ပါးစွာ ခေါင်းလေးညိတ်လျက်။

“ကျောင်းပြီးတဲ့နှစ်က စွံတာ”

“သေ . . . သေချာလားဟာ”

သူမပုံစံက အိမ်ထောင်သည်နဲ့ ဘယ်လိုမှမတူတာမို့ တမန်သစ် မယုံနိုင်အောင် မေး၏။ သူမက ပေါ့ပေါ့လေးပြောသည်။

“အသေအချာပဲ တမန်ရယ်။ တစ်လလောက်ခံလိုက်ရတယ်”

“ဟင်”

အားလုံး မျက်လုံးပြူးနဲ့ စိုက်ကြည့်ရင်း ပါးစပ်အဟောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

သူမက ခပ်တည်တည်လေး မျက်နှာမော့၍ ပြောသည်။

"မျက်စိစွံတာ ပြောတာဟဲ့"

ဒီတော့မှ သူတို့အားလုံး ပေါ့ပါးစွာ ရယ်မောနိုင်တော့သည်။

လျှပ်စီးမက အဲဒီလိုရယ်။

သူ့ရင်မှာ လျှောင်လှုပ်သွားတာပဲ။ တကယ်ရယ်။

"ဒါဆို နင်က"

သီရိဟေမာက သူမကိုမေးနေပြန်သည်။ သီရိဟေမာ စကားဆုံးအောင် မမေးသာပါ။ သူမ ဖြတ်ပြောသည်။

"ငါ ဗိုက်ဆာနေပြီ"

"ကဲလာ"

သူ ဦးဆောင်၍ အင်္ဂလိပ်စာလုံး အမ်ပုံစံ ဘန်ဂလိုရှေ့မှ စားသောက်ဆိုင်ဆီသို့ ဦးဆောင်ခေါ်ခဲ့မိသည်။

ရင်ထဲမှာတော့ ရှုမြင်နေရတဲ့ ညရှုခင်းလို သာယာလို့ရယ်လေ။

✿ ✿ ✿

## အခန်း (၄)

"လာပါဦး သားလတ်ရယ်၊ သားရောက်ကတည်းက မိသားစုစကားဝအောင် မပြောရသေးဘူး"

နံရံမှာချိတ်ထားတဲ့ ကားသော့ လှမ်းယူနေတဲ့ သားဖြစ်သူကို ချမ်းမြင့်တာနဲ့ ဒေါ်ခင်ချိုမြင့် ပြော၏။

သားက ကားသော့ကို ဖြုတ်ယူပြီးပြောသည်။

"ကောင်းအတွက် မင်္ဂလာကား ပြင်ခိုင်းထားတာ သွားကြည့်သေးမလို့ မာမီ"

"ဟုတ်ပါတယ် ... သွားကြည့်ပါ၊ မာမီမတားပါဘူး။ သားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာလေးရှိလို့ပါကွယ်''

ဒေါ်ခင်ချိုမြင့် ပြောနေရုံနဲ့ အားမရတော့ပါ။ သားလက်မောင်းကို ဆွဲယူပြီး ဆိုဖာနားခေါ်သွား၏။

''ထိုင်ဦး သားလတ်''

''ဟုတ်ကဲ့ မာမီ''

သူ ငြင်းခွင့်မသာတော့ပါ။

တစ်ယောက်ထိုင်ဆိုဖာခုံမှာ သူဝင်ထိုင်လျှင် မာမီက သူ့မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင်ဆိုဖာမှာ ဝင်ထိုင်သည်။

''သား အပြင်သွားမလို့ ထင်တယ်''

စာဖတ်ခန်းထဲကထွက်လာတဲ့ ဒယ်ဒီက လှမ်းမေးရင်း ညှိခန်းဆီ လျှောက်လာသည်။ သူ ငုံ့ကြည့်ရင်း –

''ဟုတ်ကဲ့ ဒယ်ဒီ''

''အဲဒါဆိုလည်း သွားလေ၊ ပြန်လာမှ အေးအေးဆေးဆေး ပြောကြတာပေါ့''

''အိုး . . . ပြန်လာမှ မပြောနိုင်ပေါင်တော်။ ခုပဲပြောမယ် ကိုနိုး''

မာမီက ဒက်ခနဲ့ ဝင်ပြော၏။

''အဲဒါပဲ . . . မြင့်နဲ့ ခက်တယ်ဆိုတာ''

''ဟင့်အင်း . . . ရှင်လည်း လာထိုင်၊ ပြောရမယ့်ကိစ္စ ပြော





ရမယ်။ နေ့ရွှေ့ ညရွှေ့နဲ့ ဘယ်နှစ်ရက်ကြာပြီလဲ။ ဒီလိုမှလုမပြောရင် ပြောရမယ့်အချိန် ရတော့မှာမဟုတ်ဘူး''

''ကဲပါ . . . ပြောမယ်ဆိုလည်း မြန်မြန်ပြောလိုက်''

ဒယ်ဒီက စိတ်မရှည်သလို ဝင်ပြောရင်း မာမီ့ဘေးမှာဝင်ထိုင်သည်။

သူက ဒယ်ဒီနဲ့မာမီကိုသာ ပြုံးပြုံးကြီး ကြည့်နေမိသည်။

ဒယ်ဒီက ဘယ်အရေးကိစ္စမဆို သွေးအေးစွာ လုပ်ဆောင်တတ်ပေမဲ့ မာမီက ဒယ်ဒီနဲ့ ဆန့်ကျင်ဘက်။

ဆိုးဆိုးဆတ်ဆတ်နိုင်လှသည်။ ခုလည်းကြည့် ပြောလိုက်သည်က ဆိုင်းမဆင့်ဗုံမပါ။

''ကောင်းကျော်တို့လေးယောက် တစ်ပတ်ခြားစီ မင်္ဂလာပွဲပြီးတာနဲ့ ငါးပတ်မြောက်ဆန်းဒေးမှာ သားကို မင်္ဂလာပွဲလုပ်ပေးမလို့''

''ဟာ''

သူ့ပါးစပ်ပေါက်မှာ အံ့ဩလွန်းပြီး ဟင်းလင်းပွင့်သွား၏။ ဒါပြင်

''မာမီ''

''သား ဘာမှမပြောနဲ့၊ မာမီတို့ စီစဉ်ပြီးသား။ ကိုစိုး . . . ရှင်ပြောဦးလေ။ ရှင့်သူငယ်ချင်းသမီး လမင်းဒေဝီလေးနဲ့လို့''

''ကျွတ်''



www.burmeseclassic.com

www.burmeseclassic.com



မာမီ စွတ်ရွတ်ပြောနေသည်က သူ့စိတ်ကို တကယ်ပိန်းသွားစေသည်။ လမင်းဒေဝီတဲ့။ သူ တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်နဲ့ မင်္ဂလာပွဲနွှဲဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စ။

ဒယ်ဒီကလည်း မာမီလောတဲ့အတိုင်း ဝင်ပြောသည်။

"ဟုတ်တယ် သား၊ လမင်းဒေဝီရဲ့မိဘနဲ့ ဒယ်ဒီနဲ့ ငယ်သူငယ်ချင်းတွေ။ ဒယ်ဒီ စီးပွားရေးလောကထဲရောက်တော့ လမင်းမိဘနဲ့ အလှမ်းဝေးသွားတယ်။ သူတို့က ဝန်ထမ်းတွေလေ။ အခုလက်ရှိ လမင်းဒယ်ဒီက ဝန်ကြီးဖြစ်နေပြီ။ လမင်းမာမီကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။ လမင်းက ..."

"တော်ပါတော့ ဒယ်ဒီ"

သူ ဟန်မဆောင်နိုင်စတမ်း ဖြတ်ပြောမိသည်။ ဒယ်ဒီနဲ့မာမီ သူ့ကို ပါးစပ်အပွင့်သားနဲ့ ငေးကြည့်သည်က နားမလည်နိုင်စွာ။

"သားပြန်လာတာ ကောင်းတို့လေးယောက် မင်္ဂလာပွဲအတွက်ပါ။ ပြီးတာနဲ့ ပြန်မယ်"

"ဟင်"

မိဘနှစ်ပါး မျက်လုံးတွေ ပြူးကုန်သည်။ သားက ပြောပြီးတာနဲ့ အားမနာစွာထရပ်၏။ သဘောကတော့ ပြောတဲ့အတိုင်း သေချာနေတဲ့ ပုံစံမျိုး။





"သားလတ်"

မာမီခေါ်သံကျယ်သွား၏။

သားက ဆိုဖာမှာ ပြန်မထိုင်။ မိဘနှစ်ပါးကိုလည်း ငုံ့မကြည့်ဘဲ ပြောလေသည်။

"မင်္ဂလာဆောင်တာ မာမီပြောသလောက် လွယ်တာမဟုတ်ဘူး။ အခုမှကြားဖူးတဲ့ နာမည်တစ်လုံးနဲ့ မကြာခင် မင်္ဂလာဆောင်ရမယ်ဆိုတာက တစ်ဆိတ် မာမီတို့ဆန္ဒတွေ လောလွန်းတယ်။ ဒီကိစ္စ သားဘက်က ထုံးဝပဲ မာမီ"

"ဘုရားရေ"

ခေါင်းချိုမြင့် ရင်ဘတ်ကြီး ဖိလျက်သားနဲ့ အသက်မဲ့သလို ငြိမ်သက်သွား၏။ ဦးအာကာစိုးလည်း မျက်နှာပျက်ကျသွားသည်။

"သား"

"ခွင့်ပြုဦး ဒယ်ဒီ"

သူ ဒါပဲပြောကာ လှည့်ထွက်ခဲ့သည်က မိဘနှစ်ပါးကို ပမာမခန့်ပြုနေခြင်း မဟုတ်ပါ။

ဂျပန်မှာ သူ ရှစ်နှစ်တင်းတင်း နေခဲ့သည်။ တစ်ကြိမ်တစ်ခါမှ ပြန်လှည့်မလာဘဲနေခဲ့တာ အဲဒီလိုကိစ္စမျိုး ဖန်တီးချင်တဲ့ ဒယ်ဒီနဲ့မာမီစိတ်ကို မနှစ်သက်လို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးက အရွယ်ရောက်၊ အိမ်ထောင်ပြုဆိုတဲ့ သမားရိုး ကျဆန်တာကြီးကို မကြိုက်တာက အဓိက။

အိမ်ထောင်ပြုခြင်းက ကာယကံရှင်တွေရဲ့ လွတ်လပ်စွာ ရွေး ချယ် ဆုံးဖြတ်ခွင့်နဲ့ သက်ဆိုင်သည်ဟု သူ ယူဆသည်။ ဒါကြောင့် -

"သားပြန်လာရင် မာမီတို့က ရွေးမလိုက်တောင်းရမှာ သား ရဲ့"

ဖုန်းဆက်တိုင်း မာမီ ထိုသို့ပြောနေကြ။ သူကလည်း –

"မာမီ အဲသလို ပြောနေသရွေ့ ပြန်မလာဘူး" ဟု တုံ့ပြန် သည်။

ကောင်းတို့မင်္ဂလာဆောင်မယ်ဆိုကာမှ သူငယ်ချင်းတွေက အားနာလို့ သူပြန်လာခဲ့ခြင်း။

သူပြန်လာတာကို အခွင့်ကောင်းယူပြီး မိဘပါဝါနဲ့ စီစဉ်ရင် တော့ သူ့ဘက်က ငဲ့ညှာနေမှာမဟုတ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူ့ပင်ကိုယ်စိတ်ကို သူသိနှင့်သည်။

ထိုအတူ ဒယ်ဒီနဲ့မာမီလည်း သိဖို့လိုအပ်သည် မဟုတ်လား

✿ ✿ ✿

## အခန်း (၅)

"လျှပ်စီးမကို သတို့သမီးအရံလုပ်ဖို့ ဖွတ်ပြောပါတယ်။ ခင်း က . . . နိုးတဲ့"

"ဘာဖြစ်လို့"

"သူ့အလုပ်က အချိန်တိုင်း အဆင်သင့်ပြေးနိုင်မှလို့ ပြောတာပဲ။ အပျိုရံလုပ်နေတုန်း အရေးကြီးသတင်းလိုက်ဖို့အကြောင်းပေါ်လာရင် ခက်မယ်တဲ့"

ကောင်းနဲ့မော် ပြောနေတဲ့စကား။ သေချာတာက လျှပ်စီးမ သတို့သမီးအရံလုပ်ဖို့ ငြင်းလိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူငယ်ချင်းကို ကူညီတဲ့သဘောနဲ့ လုပ်ပေးသင့်တယ်လို့ သူ ယူဆသည်။ သူကောင် သူငယ်ချင်းတွေအတွက် ဂျပန်က ပြန်လာသည် မဟုတ်လား။

လျှပ်စီးမကို သူ စည်းရုံးရင်ကော။

ထိုသို့ တွေးမိရုံနဲ့ရှိသေး မြင်ယောင်မိသည်က သူတို့ဆုံတွေ့ခြင်းအထိမ်းအမှတ် မြင်ကွင်း။

ထိုနေ့က သူတို့တစ်ဖွဲ့လုံး အသားကင်စားလိုက်၊ ယိုးဒယားဟင်းချိုသောက်လိုက်၊ စကားပြောလိုက်နှင့် ညံစီနေကြသည်။

ထိုစဉ် သူမအိတ်ထဲက လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဖုန်းမြည်တာနဲ့ ဟင်းချိုခပ်သောက်နေတာ ချက်ချင်းရပ်တန့်ကာ ဖုန်းဖွင့်လေသည်။

“ဟဲလို ... ဆွေဝင်း ပြော”

တစ်ဖက်က ဘာပြောသည်မသိပါ သူမမျက်နှာလေး အံ့သြစိတ်ဖြင့် ရှုစမ်းလိုတဲ့မျက်ဝန်းလေး တောက်ပသွား၏။ ထို့ပြင် ထိုင်နေရာမှလည်း ဝုန်းခနဲထပြီး –

“ဘာ ... ဝက်မက လူကလေးတွေမွေးတယ်၊ ဟုတ်လား။ ငါ့လာခေါ် ငါလိုက်မယ်ဟာ။ ငါ အခု ယုဇနလမ်းထဲမှာ။ ယုဇနလမ်းထိပ်ကနေ ငါစောင့်နေမယ်။ ဒါပဲ”





သူမ ဖုန်းပြောလို့မပြီးခင် ကြိုးရှည်ပါသော သားရေအိတ်ကို သိုင်းလွယ်ပြီး ဝိုင်းထဲက သုတ်ခနဲ ပြေးထွက်သွား၏။

“ဟဲ့ လျှပ်စီးမ”

မော်တို့အော်ခေါ်နေတာကို သူ လှည့်မကြည့်ဘဲ ပြေးသွားသည်။

“ငါ လိုင်းသာယာပြေးရမယ်၊ ဝက်မက လူလေးမွှာပူးမွေးသတဲ့၊ အဲဒီသတင်းလိုက်ဖို့ဟာ။ ဒါပဲနော် ဘိုင့်ဘိုင်”

လက်တပြပြနဲ့ သူ့ခြံဝင်းထဲက ပြေးထွက်တာ သူငယ်ချင်းတွေကိုလည်း အားမနာစွာ။ သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း သက်မရှည်ချရလေသည်။

တကယ်ဆိုရင် သူငယ်ချင်းတွေ ကြုံဆုံတုန်း ဇအေးအေးဆေးဆေး နေပါတော့လား။ သူမ ပြေးထွက်သွားတာ အရင်ဆုံး။

အဲသလိုပြေးထွက်သွားတာ သူမအလုပ်ကို သူမ အလေးထားတာလား။

အလုပ်ကိစ္စကို အလေးထားပုံက သူငယ်ချင်းကိုးယောက်ကို အလေးမထားတာနဲ့ တူနေသည်။ အခုလည်း ကောင်းတို့မင်္ဂလာဆောင်မှာ သတို့သမီးအရံလုပ်ဖို့ ငြင်း၏။

တကယ်ဆိုရင် အားရဝမ်းသာဖြစ်ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအားလုံး တစ်စုတစ်ဝေးတည်း ပျော်ရမယ့်ကိစ္စ။

"ဟော့ . . . တမန့်လာလေ၊ ဒီမှာ မင်းဝတ်ရမယ့်သတို့သား အရံဝတ်စုံ။ ဝတ်ကြည့်ဦး"

သူက ကောင်းနဲ့နွယ်တို့ရဲ့ဝိုင်းထဲ မဝင်ဘဲ ဟိုတွေး ဒီတွေးနဲ့ ငြိမ်နေမိသည်။ ကောင်းကျော် မြင်တာနဲ့ လှမ်းခေါ်ရင်း သူဝတ်ရမယ့် ဝတ်စုံအိတ်ကိုလှမ်းပေးသည်။

သူ စိတ်မဝင်စားစွာ လှမ်းယူရင်း –

"ရတယ် . . . ဝတ်မကြည့်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ မင်းတို့အတွက် မင်္ဂလာကားက ညနေမှ ပြင်ပြီးမယ်တဲ့။ ကိုယ် အဲဒီက ခုလာခဲ့တာ။ ဒါနဲ့ ဘာတွေလိုအပ်သေးလဲ"

"အင်း . . . လိုနေတာတော့ ဘာမှမရှိတော့ဘူး။ တစ်ခုပဲကွ"

ကျောင်းကပြောရင်း ဆိုဖာမှာထိုင်ချ၏။

"တမန့် ထိုင်ဦးလေ။ နွယ် ကော်ဖီဖျော်လိုက်မယ်။ တမန့် အကြိုက် ကော်ဖီမှုန့်စစ်စစ်ကြိတ်ပြီးဖျော်ခဲ့မယ်"

နွယ်ပြောဆိုရင်း အခန်းထဲဝင်သွား၏။ သူ အားနာ၍ ဝင်ထိုင် လိုက်သည်။ ကောင်းက မနက်ဖြန် မင်္ဂလာပွဲအတွက် ရင်ခုန်ပျော်မြူး





နေမှန်းသိသာသည်။

သို့သော်လည်း သူ့ကိုစိုက်ကြည့်ပြီး ဂရုတစိုက် မေး၏။

"မင်း တစ်ခုခုဖြစ်နေလား တမန့်"

"မဖြစ်ပါဘူးကွာ"

"အင်း . . . ဇွေးက သတို့သမီးအရံမလုပ်ဘူးဆိုတော့ သတို့ သမီးအရံ ရှာရဦးမယ်"

"ရှာမနေတော့နဲ့"

"ဘာဖြစ်လို့လဲ"

"ကိုယ်လည်း သတို့သားအရံ မလုပ်တော့ဘူး"

"ဟာ . . . ဘယ်ဖြစ်မလဲ၊ မဖြစ်ဘူး တမန့်"

"ဘာလို့မဖြစ်ရမှာလဲ၊ အလင်းတို့သုံးတွဲက သတို့သား သတို့ သမီးအရံ ရှိနေပြီးပဲ။ ကိုယ်က မင်းတို့အတွက် သီးသန့် ဓာတ်ပုံရိုက် ပေးမယ်"

"ဟာ"

ကောင်း မယုံနိုင်အောင် အံ့သြသွားသည်။

"ဇွေးမပါလို့လား"

"ဘာဆိုင်လဲကွာ"

သူ မလုံမလဲပြောရင်း မျက်နှာလွှဲလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျော်က လက်လျှော့ချင်ဟန်မတူ။

"ခွေးမပါလည်း ကိစ္စမရှိဘူး။ မင်းနဲ့တွဲမယ့် သတို့သမီးအရံ ကိုယ်စီစဉ်ပေးမယ်။ နောက်ဆုံး မရရင်တောင် လမင်းကို အကူအညီ တောင်းလိုက်မယ်"

"ဘာ လမင်း"

"ဟုတ်တယ်လေကွာ။ လမင်းဒေဝီ။ လမင်းဒေဝီအကြောင်း အန်တီ မင်းကို မပြောဖြစ်သေးဘူး ထင်တယ်။ ဒီလိုကွ၊ လမင်းဒေဝီဆို တာ"

"မပြောနဲ့တော့ကောင်း၊ ကိုယ် စိတ်မဝင်စားဘူး။ မာဇီ ထုတ် ပြောပြီးပြီ။ ကိုယ် အပြတ်ပြောခဲ့တယ်၊ လုံးဝပဲ"

"ဟင် . . . ဒါဆို"

ကောင်းကျော် မယုံနိုင်အောင် ဖြစ်ရလေပြီ။ အဲဒီကိစ္စ အန်တီ နဲ့ သူတို့ပေါင်းပြီး စီစဉ်ကြခြင်း။ တမန်မသိအောင် လျှို့ဝှက်ထားခဲ့သည်။ သူငယ်ချင်း တစ်ယောက်ပြီးတစ်ယောက် မင်္ဂလာပွဲနွှဲတာ မြင်တွေ့ခံစားရ ရင် တမန်လည်း စိတ်ပြောင်းလာနိုးနဲ့ လမင်းဒေဝီနဲ့ မင်္ဂလာဆောင်ရန် ကြိတ်စီစဉ်ထားခြင်းဖြစ်သည်။

ခုတော့ –

"မင်းတို့လည်း တခြားစီစဉ်စရာရှိရင် စီစဉ်နှင့်။ ကိုယ် ဂျပန်





သံရုံးသွားပြီး ကိုယ့်မိတ်ဆွေဆီက ကင်မရာအကောင်းစား သွားယူလိုက် မယ်"

သူ ပြောရင်း ထထွက်ခဲ့၏။

"တမန်"

ကောင်းကျော်၊ ကမန်းကတန်း ဆွဲတားဖို့ကြိုးစားသည်။ သူ လက်ပြ၍ ထွက်ခဲ့သည်က ဦးစွာ။

လမင်းဒေဝီ။ ဆောရီးပါကွာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့ သူရပ်လိုက်၏။

မှန်ထဲမှာ ပေါ်နေတဲ့ သူ့ပုံရိပ်က ဆင်စွယ်ရောင်အနောက်တိုင်း ဝတ်စုံဖြင့် စမတ်ကျနေပါသည်။

"သားလတ်ရေ ပြီးရင်ဆင်းခဲ့တော့"

မာမီ့အသံ စူးစူးလေး ပေါ်ထွက်လာလျှင် သူ မှန်ရှေ့မှာ ရပ်မနေလိုတော့ပါ။ မှန်တင်ခုံပေါ်က လက်ကိုင်ဖုန်းကောက်ကိုင်ပြီး အပြင်အိတ်ထဲ ထိုးထည့်၏။

ထို့နောက် အခန်းထဲက ပုံမှန်ခြေလှမ်းနဲ့ လှမ်းထွက်ခဲ့သည်။





အောက်ထပ်ရောက်လို့ ညှေ့ခန်းထဲ လှမ်းဝင်မလို့ သူ့ခြေဦးလှည့်လျှင် မာမီနဲ့ တန်းတိုး၏။

"ဟင် ... မာမီက ပြင်ဆင်လို့လည်း မပြီးသေးဘဲနဲ့"

မာမီက အိမ်နေရင်း အဝတ်အစားနဲ့ဖြစ်သည်။ မင်္ဂလာပွဲကို မိသားစုအတူတူ သွားကြမယ်ဆိုပြီး စီစဉ်ထားခြင်း။

ခုတော့ မာမီက ပြုံး၍ သူ့လက်မောင်းကို နှစ်သိမ့်သလို ဆုပ်ကိုင်ရင်း ပြောလေသည်။

"ဟုတ်တယ် သားရဲ့၊ သားဒယ်ဒီက အစည်းအဝေးတစ်ခု ပေါ်လာလို့ နောက်ကျမယ်တဲ့။ ဒါကြောင့် မာမီက သားဒယ်ဒီနဲ့အတူ သွားမလို့ပါ"

"ဒါဆို သားတစ်ယောက်တည်းသွားလိုက်မယ် မာမီ"

"သမီးလေးကို တစ်ပါတည်းခေါ်သွား"

"သမီးလေး ... ဘယ်ကသမီးလေးလဲ"

တမန်သစ် မျက်မှောင်ကြုတ်၍ မေးလိုက်မိသည်။ မာမီ့ဆီမှာ သမီးတစ်ယောက်မှမရှိပေ။

သူတို့ညီအစ်ကိုသုံးယောက်တည်းသာ။

ညီအမျိုးသမီး ချယ်ရီပွင့်နဲ့ ကိုကို့ဇနီး စန်းကဗျာတို့ကိုတောင် ဘယ်တော့မှ သမီးဟု မခေါ်တတ်တဲ့မာမီ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သမီးဟု လှိုက်လှိုက်လှဲလှဲ ခေါ်နေတဲ့ မာမီ့ကို သူ ပွင့်ပွင့်လင်းလင်း မေးမိခြင်းဖြစ်သည်။

မာမီက ရွှင်မြူးသောအပြုံးလေးနှင့် သူ့လက်ကို ဆွဲ၍ ညှော်ခန်းထဲ ခေါ်သွင်းသွား၏။

"လာ သား … သမီးလေးဆိုတာ ဒီမှာလေ"

ညှော်ခန်းရှိ ဆိုဖာကြီးပေါ်မှ ဝံ့ဝံ့ကြွားကြွားလေး ထိုင်နေတဲ့ မိန်းကလေး။

အစွမ်းကုန်အလှပြင်ထားတဲ့ သူမလေးက ပုံမှန်ရုပ်ရည်ကို ဖမ်းဖို့ ခက်လှသည်။

မျက်နှာအစိတ်အပိုင်းအသီးသီးက ကာလာအရောင်စုံ ခြယ်ထားသဖြင့် သက်တန့်ရောင်လို ငေးမောဖွယ်ကောင်း၏။

ဆံပင်အလိပ်ကောက်လေးက လည်တိုင်တစ်ဝိုက်မှာ ခွေလိမ်ကျလျက်။

"သမီးလေး … ဒါက အန်တီ့သားလတ်လေ"

မာမီပြောလျှင် သူမက ပြုံးလျက် ထိုင်နေရာမှထ၏။ ပန်းနီရောင်ဂါဝန်ပွပွလေးက ပေါင်လယ်သာသာရယ်။

သူ မပြုံးမိပါ။ မာမီ့ကို တစ်ခုခုပြောဖို့ စောင်းကြည့်လျှင် –

"သားလတ် … သမီးလေး လမင်းဒေဝီလေ"





သူ့မျက်လုံးထဲမှ စူးတစ်ချောင်း ဖြတ်ပြေးသလို ခံစားရလေသည်။

"ကျွတ်"

သူ မျက်နှာကြီး လွှဲမိသလို မာမီ့ကို တစ်ခုခုပြောဖို့ပြင်သည်။ မာမီက –

"သား … သမီးလေးကိုခေါ်သွားလိုက်ပါ၊ သမီးလေး … သားနဲ့ လိုက်သွားနော်။ လာ သမီး … ကားပေါ်အထိ မာမီပို့ပေးမယ်၊ လာ သား"

မာမီ ဖွတ်အတင်းဦးဆောင်သွားသည်က သူ့ဆန္ဒကို အလေးထားစွာ။

အထူးသဖြင့် ဒီလိုဖြစ်အောင် ပိပိရိရိ စီစဉ်လိုက်တဲ့ မာမီ့ကို သူ မကြည်လင်တော့ပါ။

တခြားသူ့ရဲ့ မင်္ဂလာပွဲသွားမယ်ဆိုရင် ထိုမင်္ဂလာပွဲ သူ မသွားတော့ဖို့ ဆုံးဖြတ်ပြီး အခန်းထဲဝင်အောင်းနေလိုက်မှာ သေချာသည်။

သူ့သူငယ်ချင်း အရင်းကြီးမို့ သူ ရှောင်လို့မသင့်ပေ။ ဒါကိုပဲ မာမီက အမိအရဆုပ်ကိုင်ပြီး ဖန်တီးခြင်းဖြစ်ဟန်တူသည်။

ဒါကြောင့်လည်း … မာမီ့ဖန်တီးမှုကို သူ့ဘက်က တုံ့ပြန်လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ဖို့ ပြင်နေတဲ့ သူမကို သူ လှမ်းခေါ်လိုက်သည်

"လမင်းဒေဝီ"

"ရှင်"

သူမ ချက်ချင်းထူးပြီး သူ့ကိုလှည့်ကြည့်သည်။ သူက ပြုံးမဲ့

စိုက်ကြည့်၍မေး၏။

"ခင်ဗျား ကားမောင်းကျွမ်းကျင်လား"

"ကျွမ်းကျင်တာပေါ့"

"အဲဒါဆိုတော့ အဆင်ပြေတယ်။ ကျွန်တော် လမ်းကြေ

မကျွမ်းကျင်ဘူး။ ဒါကြောင့် ကျွန်တော် ကားမောင်းလို့ အဆင်ပြေ

မဟုတ်ဘူး"

"ဟင် . . . သား"

သူ့စကားမဆုံးခင် မာမီ သူ့အနားရောက်လာသည်။ သူ လ

ကာ ဟန့်လိုက်၏။ သူမက –

"ရပါတယ်၊ လမင်း မောင်းမှာပါအန်တီ"

"အိုကေ"

သူ ကားနောက်ခန်းတံခါးဖွင့်၍ ဦးစွာဝင်ထိုင်လိုက်သည်။ မာမီ

သူမလေးမမြင်သာအောင် သူ့ကို နှုတ်ခမ်းကိုက်၍ ကြည့်သည်။ သူမ

ကားမောင်းသူနေရာ ဝင်ထိုင်လေသည်။





တမန်သစ်ကတော့ ဘာကိုမှ အလေးမထားပါ။ ကားပေါ်

ရောက်သည်နှင့် ခပ်မိန့်မိန့်လေး ထိုင်နေလိုက်သည်။

သူမက ဘာကိုမှမရိပ်မိတာလား၊ သူပြောတာကို လက်ခံတာ

လား မသိပါ။ ပြုံးမြဲမြဲမျက်နှာပေးလေးနှင့် မာမီ့ကိုနှုတ်ဆက်ပြီး ကား

လေးကို လျှောခနဲ မောင်းထွက်လေသည်။

မာမီကတော့ ပွစိ ပွစိရွတ်ရင်း ကျန်နေခဲ့မှာ မြင်ယောင်သေး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟို့ ရပ်ရပ် ခဏလေးရပ်ပေး"

ရိပ်ခနဲ တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် သူ့နှုတ်က အလိုလို ဟန့်မိသွားချေ၏။ အရှိန်နှင့်ပြေးနေတဲ့ကားလေးက သူ့စကားနောက်မှာ အရှိန်လျှော့ပြီး လမ်းဘေးထိုးရပ်သွား၏။

"ဘာဖြစ်လို့လဲ ကိုတမန်သစ်"

ကားရပ်ပြီးတာနဲ့ သူ့ဘက်လှည့်ပြီ လမင်းဒေဝီမေး၏။

"ဟိုမှာလေ"

ပလက်ဖောင်းပေါ်မှ မြင်ကွင်းကို တမန်သစ် မေးထိုးပြမိသလို





ကားနောက်ခန်းတံခါးကိုလည်း ဖျပ်ခနဲ ဖွင့်ဆင်းလာသည်။

လမင်းက သူနဲ့ ပလက်ဖောင်းပေါ်ကမြင်ကွင်းကို နားမလည်နိုင်စွာ ကြည့်၏။

တူ ××× တန် ××× ဆရာဝန်ဖြစ်ဖို့ ကျွန်တော် ကြိုးစားမည်။

တူ ××× တန် ××× လူရည်ချွန်ဖြစ်ဖို့ ××× ကျွန်တော် ကြိုးစားမည်။

ဝါးကျည်တောက်ကို ပလက်ဖောင်းနှင့်ဆောင့်၍ ထုလျှင် ကျည်တောက်ထဲမှ အချိုရည်ပုလင်း သတ္တုဖုံးကလေးများ လှုပ်ခါ၍ သံစဉ်မြည်ဟီးသွားသည်က ဆိုနေတဲ့ သီချင်းနှင့် ဟန်မိုနီကျကာ။

ညစ်ပတ်စုတ်ချာနေသော ဆယ်နှစ်အရွယ်ကောင်လေးက သက်စတစ်ခွက်ဟောင်းလေးရှေ့မှာချကာ သီချင်းဆိုရင်း ပိုက်ဆံတောင်းနေခြင်းဖြစ်သည်။

ထိုကောင်လေးဘေးမှာ ရှစ်နှစ်အရွယ် ကောင်မလေးက စေတနာပါသူများ ပေးလှူထားတဲ့ စားသောက်စရာကို အိတ်ထဲက နှိုက်ထုတ်၍ စားနေသည်။

သူမလေး စားနေတဲ့ ဘိန်းမုန့်ဝိုင်းလေးက အေးစက်မာတောင့်လျက်။ ထိုဘေးမှာ လမင်းတို့အရွယ် မိန်းကလေးတစ်ဦးက အလေးမလေးကို တတွတ်တွတ် မေးနေသလျှင် ထိုကလေးက



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းမုန့်လေး ဆွဲစားလိုက် ဖြေလိုက်နှင့်။

ထိုမြင်ကွင်းက လမင်းအတွက် ဘယ်လိုမှ နှစ်မြို့နိုင်စရာ မကောင်းပါ။ ပိုပြီး မနှစ်မြို့ချင်စရာကောင်းတာက တမန်သစ်က ထို သုံးယောက်ရှေ့ ထိုင်ချ၏။

"ဟင်"

ပိုက်ဆံပေးလှူချင်ရင် ကားပေါ်က ပစ်ချပေးလို့ရလျက်သား နဲ့ ခုတော့ ကြည့်စမ်း။ သီချင်းဆိုနေတဲ့ ကောင်လေးခေါင်းကို နှစ်လို အားရ ပွတ်သပ်ကာ –

"သားက သီချင်းဆို သိပ်ကောင်းတာပဲ"

"ဟွန်း ... ချီးကျူးနေတာလား အစ်ကို"

ကောင်လေးက သီချင်းဆိုရပ်ရင်း ပြော၏။ သူ ခေါင်းလေး ညိတ်၏။ ကောင်လေးက မျက်ဝန်းလေးဝိုင်းသွားပြီး –

"ကျွန်တော်တို့ကို ဘယ်သူမှ တကူးတက မချီးကျူးဘူး။ အဲ ... ဟိုမမနဲ့ အစ်ကိုပဲ ဝိုင်းပြီး ချီးကျူးနေတာ။ ဒီနေ့အဖို့တော့ ကျွန်တော်တို့မောင်နှမ အံ့ဩရဆုံးပဲ"

"ဟင် ... သရဲ၊ အဲ ... ဆောရီး တမန်။ ဘယ်ကဘယ်လို ဒီရောက်လာတာလဲ"

ကလေးမလေးကို မေးမြန်းနေတဲ့ မိန်းကလေးက သွက်





တအံ့တဩ မေး၏။ သူ မဖြေရသေးခင် မုန့်စားနေတဲ့ကလေးမက –

"ဒီက မမလိုပဲ၊ ဒီကိုကိုက မီးကိုမေးဖို့ဖြစ်မယ်။ မီးအစ်ကို သီချင်းဆိုတာကိုလည်း သိပ်ကောင်းတယ်တဲ့"

"အံမယ် သွက်နေလိုက်တာ။ သမီးနာမည် ဘယ်လိုခေါ်လဲ"

"ချိုငယ်"

ကလေးမလေးက သွက်လှ၏။

"မေးနေတာဖြေဦးလေ၊ ဘယ်လိုရောက်လာတာလဲ"

"လမ်းသွားရင်မြင်လို့"

"မြင်ပဲ မြင်တတ်တယ်"

"မြင်တာပေါ့ လျှပ်စီးမရာ။ ဒီနေ့ ဘာနေ့လဲ။ ဒီအချိန် ဘာ အချိန်လဲ စဉ်းစားဦး"

တမန် ထိုသို့ပြောလိုက်မှ လျှပ်စီးမ သတိရဟန်နှင့် ဘယ်လက် ကောက်ဝတ်က အညှံ့စားနာရီဝိုင်းလေးကို မြှောက်ကြည့်၏။

"အချိန်စောပါသေးတယ် တမန်ရယ်။ နင် သွားနှင့်လိုက်လေ။ ငါ ဒီမောင်နှမကို စားစရာဝယ်ပေးရဦးမယ်။ ဝယ်ပေးပြီးတာနဲ့ မင်္ဂလာ ဆောင် လိုက်ခဲ့မယ်"

"အဲလိုမရဘူးကွ။ ကဲလာ ... ကလေးနှစ်ယောက်ကိုပါ တစ်ခါ တည်း ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . မီးတို့ကိုခေါ်သွားဖို့"

ကလေးမလေးက အံ့သြဝမ်းသာစွာမေး၏။

"လိုက်မယ်မဟုတ်လား"

"ရောင်းစားဖို့တော့ မဟုတ်ပါဘူးနော် အစ်ကို"

ကောင်လေး ခပ်တည်တည်လေးမေးလျှင် သူ ပေါ့ပါးစွာ ရယ် လေသည်။ သူမက ကောင်လေးနဲ့ ကောင်မလေးကို ပခုံးလေးပွေ့၍–

"စိတ်ချပါ။ မမတို့က ရောင်းစားမယ့်အဖွဲ့ မဟုတ်ဘူး။ မ ပြောထားတဲ့အတိုင်း ကလေးတို့မောင်နှမကို ဗိုက်တင်းအောင် ကျွေးမယ် စားချင်တာစား။ ပြီးရင် တစ်နေ့စာစရိတ်ထောက်ပံ့မယ်"

"ကဲ လာ . . . အချိန်မရှိဘူး လျှပ်စီးမ။ ကလေးတွေ ပစ္စည်း တွေ ဝိုင်းသိမ်းဦး"

"ကျွတ်"

လမင်းဒေဝီ ကြည့်နေရင်း ဒေါသတထောင်းထောင်း ထချင် လာသည်။

သူတောင်းစားကလေးတွေရဲ့ အထုပ်အပိုးတွေကို သူက ဝိုင်းကူသလို ကောင်လေးလက်တစ်ဖက်ကိုတောင် ဆွဲခေါ်သေးသည်။

ဟို အညတြမိန်းကလေးကလည်း ကလေးမလေးလက်ကို ဆွဲယူလို့။





"လာ"

သူက ဦးဆောင်ပြီး ကားတံခါးကို ဖွင့်ဖို့ လက်တစ်ဖက်လှမ်း၏။

"တောက်"

ဒီကားပေါ်ကို တက်မလို့တဲ့။ လမင်းဒေဝီ သည်းမခံနိုင်တော့ပါ။ ရှုံ့ရှာတဲ့စိတ်က ဟုန်းခနဲ ခုန်ထွက်ကာ –

"ရှင် နေခဲ့တော့"

ဒါပဲပြောပြီး လမင်းဒေဝီ ကားကို ဆောင့်ထွက်၏။

"ဟဲ့ . . . သရဲ၊ နင့်ဒရိုင်ဘာမလေး တင်းသွားပြီ"

တမန်သစ် ရယ်မောရင်း –

"ငါ့ ဒရိုင်ဘာမဟုတ်ဘူး လျှပ်စီးမရာ။ ငါကသာ လက်ခံရင် ဒင်းက ငါ့သတိုးသမီးဖြစ်မယ့်ဟာလေ"

"အံမယ် ကြွားနေတယ်ပေါ့လေ"

"မကြွားပေါင်။ ကဲ . . . လာ ဟိုမှာ တက္ကစီနဲ့သွားကြမယ်"

တမန်သစ် ပြောရင်းဆိုရင်း တက္ကစီတားပြီးသား ဖြစ်လေသည်။ ထို့ကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟဲ့ ဟဲ့ သမီးလေး"

ဒေါ်ရတနာဒေဝီ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ သမီးဆီ အပြေးကလေးသွား၏။ သမီးဖြစ်သူက ကားပေါ်က ဆင်းသည်နှင့် လည်တိုင်မှာ ဆင်ထားတဲ့ နဝရတ်ကိုးသွယ်လည်ဆွဲကို ဆွဲဖြုတ်၍ နံရံမှာပစ်ပေါက်၏။

"ဘုရားရေ သမီး"

သမီးဖြစ်သူက မအေကိုလည်း ငဲ့မကြည့်ပါ။ လက်ကိုင်အိတ်ကိုလည်း လွှင့်ပစ်သလို မဂ်လာညေ့ခံပွဲသွားခါနီးမှ အလိပ်အခွေ





ဖွင့်ထားတဲ့ ဆံပင်ဒီဇိုင်းကို ဆွဲလွဲဖျက်ပစ်၏။

ထိုအခါ ခေါင်းမှာ အလှပန်ထားတဲ့ လည်ဆွဲနှင့်ဖက်ရှင်ကျသော ရတနာခြယ်ရွှေသားကလစ်တွေပါ လွှင့်ကျကုန်ပြီး –

"သမီး . . . ဒါ ဘယ်လိုဖြစ်တာလဲ၊ မာမီ့ကိုပြောစမ်း"

"မပြောဘူး၊ ဘယ်သူမှ လာမမေးနဲ့"

မအေကိုပြန်ပက်ရင်း အပေါ်ထပ်ဆီသို့ တဒုန်းဒုန်း ပြေးတက်သွားသည်က ကျွန်းအနှစ်သားနဲ့ ရှယ်ပြုလုပ်ထားတဲ့ ကနုတ်ပန်းဖော်ထားသည့် လက်ရန်းပါ လှုပ်ခါမတတ်ရယ်။

ဒေါ်ရတနာဒေဝီက ရတနာတွေကို ပြေးကောက်ရမလို၊ သမီးနောက် ပြေးလိုက်ရမလိုနဲ့ ဗျာများသွားသည်။

"မလာကြနဲ့၊ ဘယ်သူမှ မလာကြနဲ့။ လမင်း တစ်ယောက်တည်း နေချင်တယ်"

သမီးနောက် ပြေးလိုက်ဖို့ဟန်ပြင်တဲ့ ဒေါ်ရတနာဒေဝီ၏ ခြေလှမ်းတွေ တန့်သွား၏။ သမီးက အခန်းထဲ တန်းဝင်ပြီး တံခါးကို ဆောင့်ပိတ်၏။

"ဂျိမ်း"

တံခါးပိတ်က မိုးခြိမ်းသံနှယ်။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မိုးခြိမ်းတာထက် လမင်း ခံရခက်နေသည်။ ဘာကြောင့် ဒီလိုအဖြစ်အပျက်မျိုးနဲ့ ဆုံရတာလဲ။

တကယ်ဆို တမန်သစ်နဲ့လမင်း ယှဉ်တွဲလျက် တက်ရောက်ရမယ့် ထိမ်းမင်္ဂလာပွဲ။ တမန် တက်ရောက်တာက ထိုကလေးကဝသုံးယောက်နဲ့။

လမင်း ဒေါသတထောင်းထောင်းထပြီး ကားကို ဆောင့်အောင့်ဆောင့်ထွက်ခဲ့ပေမယ့် စိတ်ထဲမှာ ဒင်းတို့ ဘာလုပ်ကြမလဲ။

ထိုသိချင်စိတ်က လမင်းဒေဝီရဲ့ စိတ်ကို လွှမ်းမိုးနေသည်။

ဒါကြောင့် ဒင်းတို့လိုက်ပါသွားတဲ့ တက္ကစီကားနောက် လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်တဲ့အတိုင်းလည်း တကယ်လိုက်မိ၏။

အမယ် . . . ကြည့်စမ်း။ တမန်သစ်ဦးဆောင်ပြီး ထိုသုံးယောက်ကို နာမည်ကြီး ဗျူတီပါလာတစ်ခုထဲ ခေါ်သွား၏။ မလှမ်းမကမ်းမှ စောင့်ကြည့်နေတဲ့ လမင်းဒေဝီရဲ့ ဒေါသက မီးလောင်သလို တဖျစ်ဖျစ် မြည်သံ ထွက်လုမတတ်ရယ်။

နာရီဝက်ပဲကြာမည် ထင်ပါသည်။

ထိုသုံးယောက် ဗျူတီပါလာထဲက ထွက်ခဲ့ပုံက ဝင်သွားစဉ်ကနဲ့ ဆီနဲ့ရေလို။

ကြည့်ဦး။





ဟိုသူတောင်းစားမောင်နှမနှစ်ယောက် နတ်ရေကန်ထဲက ဆွဲထုတ်ခဲ့သလို ဝတ်စုံအဖြူစွတ်စွတ်လေးနဲ့ အရောင်အဝါ တောက်ပနေသည်။

လျှပ်စီးမက သူ့ဝတ်စုံနဲ့လိုက်ဖက်သည့် ဆင်စွယ်ရောင် ဇာဝမ်းဆက်နှင့်။

ဗျူတီပါလာက ဆင်ပေးလိုက်တဲ့ ရတနာအတုတွေက လမင်း ဆင်မြန်းထားတဲ့ အရည်အသွေးကောင်းသည့် နဝရတ်ကိုးသွယ် ရတနာထက် တောက်ပနေသည်က အသည်းနှလုံးကိုသာပါ လက်ခါနေသလား အောက်မေ့ရသည်။

ဗျူတီပါလာထဲကထွက်ပြီးသည်နှင့် မင်္ဂလာဧည့်ခံပွဲဆီသို့ သွားနေတဲ့ ပုံစံက အရှိန်အဝါကြီးသည့် မိသားစုနှယ်။

သူတောင်းစားကလေးနှစ်ကောင် ပျော်မြူးနေပုံက လမင်း အသည်းကို လာပြီး ကုတ်ခြစ်နေသလို ခံစားရလေသည်။

ဒါတင်မက ဧည့်ခံပွဲထဲ သူတောင်းစားလေးနှစ်ယောက်ကို လက်ဆွဲပြီး ဝင်သွားလိုက်တော့ ဧည့်ခံပွဲတက်ရောက်နေတဲ့ ဧည့်ပရိသတ်တွေ စူးစူးစမ်းစမ်း ဝိုင်းကြည့်ကြ၏။

လျှပ်စီးမက သတို့သားအရံ၊ သတို့သမီးအရံတို့နဲ့ စရင်းနောက်ရင်း ပျော်မြူးနေတာက အသည်းယားစဖွယ်ကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းကရော ဘာထူးသေးလဲ။

ဟိုသူတောင်းစားကလေးနှစ်ယောက်ကို ညှော်သည်တွေအတွက် စီစဉ်ထားတဲ့ ဘူဖေးစားသောက်ပွဲဆီ ဦးဆောင်ခေါ်သွား၏။

ဟိုဟာက ဘာအစားအစာ။

ဒါက ဘာအစားအစာ။

အစားအသောက်တွေကို လက်ညှိုးတထိုးထိုးနဲ့ ပြောပြရင်း စားချင်တာယူစားဖို့ သင်ပေး၏။ သူတောင်းစားကလေးနှစ်ယောက်က လည်း ဘယ်လောက်တောင် အငတ်ထနေလည်းမသိဘူး။

တစ်မျိုးပြီးတစ်မျိုး မျိုဆို့နေကြတာ။ ခေတ်သစ်ဇုဇကာထက် ဆိုး၏။ သူကလည်း ထိုဇုဇကာနှစ်ယောက် စားနေတာကို ဖိမ်ခံကြည့်ရင်း ကလေးနှစ်ယောက်ရဲ့ ပါးစပ်တစ်ဝိုက် အဆီဝိုင်းမနေအောင် တစ်ရှူးစ တွေနဲ့ တို့သုတ်သန့်စင်ပေးနေတာလေ။

မသိရင် သူ့ဗိုက်ထဲက ထွက်လာကလေးတွေအတိုင်း။ ညှော်ခံ ပြုစုနေတာက လမင်းမြင်လွှာတွေကို ဆူးချွန်နဲ့ထိုးဖောက်နေသလို နာကျင် စူးရူး ခံစားနေရသည်။

ထိုခံစားမှုတွေကြောင့် လမင်း စိတ်နှလုံးသားဟာ ကန်ရေပြင် လို ငြိမ်သက်မနေတော့ပါ။ ယက်ကျင့်အတိုင်း ဆွဲလွဲပေါက်ကွဲလိုက်ချင် သည်။





သို့သော်လည်း မိဘအရှိန်အဝါ၊ သူမရဲ့ဂုဏ်သိက္ခာနဲ့ သတိကြီး စွာ ထိန်းရင်း ထိုညှော်ခံပွဲမှ လှည့်ပြန်ခဲ့မိသည်။

စံအိမ်ရောက်ခါမှ ထိန်းထားသမျှ ဒေါသက ဒိုင်းနမိုက်နှယ်။ ခုန်းခနဲ ပေါက်ကွဲလေသည်။

တမန်သစ်ရယ် ... ရှင့်ကို နုတ်နုတ်စင်းစင်းပြီး အရည်ညှစ် ပစ်ချင်တယ်။

တကယ် တကယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တူ တူ တူ"

ဖုန်းဝင်နေမယ့် မကိုင်။ မကိုင်မချင်း သူ့ဘက်က ဖွဲ့ခတ်၍ ခေါ်ဆိုနေမိသည်။ ကျွတ် ဘာလို့ဖုန်းမကိုင်ရတာလဲ လျှပ်စီးမရာ။

သူခေါ်နေတာ ဆယ်ကြိမ်မကတော့ပါ။

"သားလတ်"

"ကျွတ်"

ဖုန်းခေါ်မရလို့ စိတ်အလိုမကျ ဖြစ်နေရတဲ့အထဲ။ မာမီက ခေါ်နေပြန်သည်။





လျှပ်စီးမဖုန်းကို ခေါ်နေရင်း မာမီ့ကို သူ လှည့်မေး၏။

"ပြောပါ မာမီ"

မာမီက ရူးစမ်းသလို စိုက်ကြည့်ရင်း သူ့အနားရောက်လာသည်။

"လမင်းလေးရဲ့ဖုန်းကို ခေါ်နေတာလား သားလတ်"

"မဟုတ်ဘူး မာမီ"

"ဘယ်သူ့ကိုခေါ်နေတာလဲ"

မာမီက မျက်မှောင်ကြုတ်လျက် မော့ကြည့်ရင်း စပ်စပ်စုစု နေသည်။ ဆယ့်ခြောက်နှစ်သမီးလို စပ်စုသန်တဲ့မာမီ့စရိုက်ကို သူ ...မိပြီ့ပါ။

ဒါကြောင့် သူ့ဘက်ကလည်း ထိန်ချန်ထားဖို့ မလိုပါ။ ပွင့်ပွင့် ...လင်းပဲ ထုတ်ပြောလိုက်သည်။

"လျှပ်စီးမကို"

"ဘုရားရေ ... လှပ်လှပ်ထနေတဲ့ ဟိုမိန်းကလေးကို ဟုတ် ...တုတ်လား သား။ အဲဒီမိန်းကလေးနဲ့ သားက ဘာတွေလဲ"

မာမီမေးဟန်က ချက်ချင်း ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။ ...ဘက်ခနဲရယ်မိပြီး –

"သူငယ်ချင်းပဲ မာမီ"

"အဆင့်ကျော်ဖို့ စိတ်မကူးနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သားခံစားချက်နဲ့ဆိုင်တယ်။ မာမီ အခု ဘာပြောဖို့လဲ"

"လမင်းကိစ္စပြောဖို့"

"ကျွန်တော် စိတ်မဝင်စားဘူး"

"ဟင်"

ဒေါ်ခင်ချိုမြင့် တကယ်မျက်လုံးပြူးသွား၏။ သားက မိခင်ဖြစ်သူ မျက်လုံးပြူးသွားတာကို မမှုနိုင်ဘဲ ပြန်ပြော၏။

"ဟုတ်တယ် မာမီ၊ ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော် ဘာကြောင့် မာမီ့ဆီပြန်လာလဲဆိုတာ ပြောပြီးသား"

"အဲသလိုမရဘူး သားလတ်"

ဒေါ်ခင်ချိုမြင့် မိခင်ပါဝါဖြင့် ပြောချလိုက်သည်။ သူမမွေးထားတဲ့ သားက သူမဆန္ဒကို ဒီလေသံနဲ့ တွန်းလှန်လို့မရဘူး။

ဟုတ်တယ်၊ ဒေါ်ခင်ချိုမြင့်ပြောချလိုက်တော့ သားက သူမကို မျက်မှောင်ကြုတ်လျက် တအံ့အတသြကြည့်၏။ ဒေါ်ခင်ချိုမြင့်က သားရှေ့မှာ မျက်နှာလေးမော့၍ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သူမဆန္ဒကို တစ်ရွေးသားမှ မလျှော့ဘူးဆိုတဲ့ ဟန်မျိုး ပြုထား၏။

"မာမီ ဘာကိုဆိုလိုတာလဲ"

"သားလတ် . . . မာမီ့ကို မေးခွန်းတွေ သိပ်မမေးပါနဲ့။ သား





လမင်းကိစ္စ မာမီပြောပြီးသား။ ဟိုနေ့ကတည်းက မင်္ဂလာပွဲ အတွက်တူတက်ဖို့ မာမီ စီစဉ်ပေးလိုက်တာ အကြောင်းမဲ့မဟုတ်ဘူးဆိုတာ သဘောပေါက်ပါ သားလတ်ရယ်"

"အဲဒါဆိုတော့ ဝမ်းနည်းစရာကောင်းနေပြီ မာမီ"

"ဒါ ဒါဆို လမင်းလေးပေါက်ကွဲတာ သားလတ်ကြောင့်ပေါ့ ဟုတ်လား သားလတ်။ လမင်းမာမီ၊ မာမီ့ကို ဖုန်းဆက်ပြီးပြောတယ်။ လမင်းလေး မင်္ဂလာပွဲကိုပြန်လာပြီး ဝုန်းဒိုင်းကြဲနေသတဲ့။ ဒါ . . . သားကြောင့် မဟုတ်လားဟင်၊ ပြောစမ်း"

မာမီက သူ့ရင်ဘတ်ကို ဆွဲယူရင်းမေး၏။

"ဟင့် ဟင့် ဟင့်"

သူ ခနိုးခနဲ့ ရယ်မောလိုက်၏။ ထိုအခါ မာမီ ပို၍တင်းမာသွားဟန်တူသည်။ ပြည့်ဖောင်းနေတဲ့ မာမီ့မျက်နှာကြီး လှုပ်ခါသွားလျှင် သူ ဦးစွာပြောချ၏။

"မာမီရာ . . . ထစ်ခနဲရှိ ဝုန်းဒိုင်းကြဲတယ်ဆိုတာ တည်ငြိမ်ရင့်ကျက်မှုမရှိတဲ့ မိန်းကလေးတွေရဲ့ ဖပါ"

"ဘုရားရေ . . . လ, လမင်းလေးကို တည်ငြိမ်ရင့်ကျက်မှုမရှိတဲ့ မိန်းကလေးကို စွပ်စွဲတာလား"

"သူ ဘယ်သူပြုမှုလဲဆိုတာက သက်သေပဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သားလတ်"

မာမီက ဒေါသ ဟုန်းခနဲဖြစ်ကာ သူ့လက်မောင်းကို ဆုပ်ကိုင်၍ အားနဲ့လှုပ်ခါလိုက်သည်။

"ဟိုမိန်းမကြောင့် သားလတ်က လမင်းလေးကို အဲလိုပြောတာ မဟုတ်လားဟင် ပြောစမ်း"

"အဲလိုမေးနေတဲ့ မာမီကိုယ်တိုင်က တည်ငြိမ်ရင့်ကျက်မှုမရှိ တာ ထင်ရှားနေပြီး မာမီ"

"တောက်"

ဒေါ်ခင်ချိုမြင့် သည်းမခံနိုင်အောင်ပေါက်ကွဲသွားသလို လက် တစ်ဖက်လည်း မြှောက်တက်သွားသည်။ ကိုးလလွယ်ပြီး ဆယ်လဖွားတဲ့ မိခင်ကိုတောင် ဒီလိုပြောရက်တဲ့သား။ အဲသလို သားမျိုးကို ပါးတစ်ချက် ရိုက်ချလိုက်ဖို့ ဒေါ်ခင်ချိုမြင့် ဝန်မလေးတော့ပါ။

တကယ်လည်း ရိုက်ချ၏။

"မြင့်"

အခြေအနေကို မလှမ်းမကမ်းမှ တိတ်ဆိတ်စွာစောင့်ကြည့်နေတဲ့ ဒယ်ဒီက ကမန်းကတန်းရောက်လာပြီး မာမီ့လက်ကို ဆွဲထားလေသည်။

"ကိုစိုး ဖယ်စမ်းပါ။ သားလတ်ပြန်ပြောပုံကို နားထောင်ကြည့် ဦး"





"ကိုစိုး အားလုံးကြားတယ် မြင့်။ ကဲ သား . . . အပြင်သွားဖို့ ရှိရင် သွားတော့၊ လာ မြင့်"

ဒယ်ဒီက ပြောဆိုရင်း မာမီ့ကိုဆွဲခေါ်သွား၏။

"ကိုစိုး . . . မြင့်ပြောတာကို သားက ပြန်ပြောနေတာလေ။ မြင့်အသည်းနှလုံးကပါ အဆိပ်တက်တယ်"

"လာပါကွာ"

ဒယ်ဒီက မာမီ့ကို အခန်းထဲ ဆွဲသွင်းသွားလျှင် သူမမှုစွာ နံ့လေး စုပင့်မိ၏။ တစ်ဆက်တည်းလည်း လျှပ်စီးမ ဖုန်းမကိုင်မချင်း ခေါ်ဆိုနေမိသည်။

ဒါ ဘာကြောင့်လဲ။

ပြောစမ်းပါ လမင်းဒေဝီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"ပြောမယ်"

"မပြောနဲ့"

"ဟဲ့ . . . မပြောလို့ရမလား။ ပြောမယ်"

သွင်သွင်နဲ့ မေရတီ အငြင်းအခုန်ဖြစ်နေခြင်းပါ။ ကလျာလေး[illegible]

စိတ်ရှည်တော့ဟန်မတူ။

"ပြောရမယ် မေရတီ . . . ပြော။ ရှင်တို့မပြောရင် ကလျာ[illegible]

ပြောမယ်"

သုံးယောက်သား ကျောက်မျက်ရတနာခန်းမကျယ်ကြီး[illegible]





[illegible]လျှောက်ရင်း အကြိတ်အနယ် ပြောဆိုလာသည်။

ထိုသုံးယောက်ပြောသံတွေက နားနေခန်းမှာရှိနေတဲ့ လမင်း[illegible] အတိုင်းသားကြားနေရသည်။

ဘာကြောင့် ခုလိုပြောနေကြတာလဲ။

သေချာတာက လမင်းနဲ့ပတ်သက်ဟန် တူနေသည်။ ထို့ကြောင့်[illegible] ထိုင်နေရာမှထကာ နားနေခန်းဝမှ ရပ်ကြည့်နေလိုက်သည်။

"ဟင် လမင်း . . . ဒီနေ့ စောရောက်နေတာကိုး"

"ဟုတ်တယ် . . . ရှင်တို့အသံတွေ ညံနေတာပဲ။ ဘာလဲဟ[illegible] ပြောမယ်, မပြောဖူးနဲ့"

"ဒီမှာလေ"

သွင်သွင်က ဂျာနယ်တစ်စောင် ထိုးပေး၏။

"ဘာလဲဟ"

"ဒီအပတ်ထွက် ဂျာနယ်လေ။ အဲ့ဒီမှာ ရှင့်ကို စောင်းမြောင်း ရေးထားသလား အောက်မေ့ရတယ်။ ဒါကြောင့် လမင်းကို ပြောမယ် ပြောတာ။ သွင်သွင်က မပြောနဲ့တဲ့"

"ပြစမ်း"

လမင်းဒေဝီက ကလျာလေးကမ်းပေးတဲ့ဂျာနယ်ကို လောကြီး စွာ ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွင်သွင်က မေရတီနဲ့ ကလျာလေးကို မသိမသာ မျက်စောင်းထိုး၏။ ပြီးတော့ ဂျာနယ်ကိုပါ ဖွင့်၍ ပြနေသော ထိုသူငယ်ချင်းနှစ်ယောက်ကို ပွစိ ပွစိရွတ်၏။

တကယ်ဆို ဘာမှလည်း ဆိုင်တာမဟုတ်ဘူး။

အဲဒါကိုပဲ မေရတီနဲ့ ကလျာလေးက လမင်းကို သံတော်ဦးတင်ကြ၏။ လမင်းက စိတ်ဆတ်ပါဘိသနဲ့။

အဲဒါကြောင့် လမင်းကို အသိမပေးလိုခြင်း။ ထိုနှစ်ယောက်က မျက်နှာလိုမျက်နှာရနဲ့ လမင်းကို ပြလေ၏။ ကလျာလေးပြတဲ့ စာသားကို လမင်းကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။

"ကျွန်တော်တို့က ဘာကြောင့် သူတောင်းစားသားသမီး ဖြစ်ရတာလဲ၊ တခြားသူတွေက ဘာဖြစ်လို့ သူဌေးသူကြွယ်နဲ့ ဝန်ကြီးသားသမီး ဖြစ်ရတာလဲ"

"ဘုရားရေ"

လမ်းပေါ်က ရတနာများဆိုတဲ့ အင်တာဗျူးခေါင်းစဉ်အောက်မှာ သူတောင်းစားကောင်လေးပြောတဲ့ စကားလုံးက လမင်းရဲ့အသားဆိုင်တွေ တဆတ်ဆတ် တုန်ခါသွားစေသည်။

ဒါ . . . သက်သက်မဲ့ လမင်းကို ထိပါးပြောဆိုတာမျိုး။

သေချာတာပေါ့။





လမ်းပေါ်က ရတနာများဆိုပြီး အင်တာဗျူးခံထားတဲ့ သူတောင်းစားကလေးနှစ်ယောက်က တမန်သစ်ကိုယ်တိုင် ညှော်ခံပွဲခေါ်သွားတဲ့ ကလေးနှစ်ယောက်။

သူတောင်းစားကလေးဆိုတဲ့အတိုင်း မျက်နှာပေပေရေရေ၊ အဝတ်အစားတွေ ဖရိုဖရဲ၊ စုတ်စုတ်ချာချာ။ ဒါတင်မက ၎င်းတို့ရဲ့ ဘန်ဆာပလာတွေကိုပါ ဓာတ်ပုံရိုက်ပြီး တခမ်းတနားပြထားတာလေ။

မေးလို့ဖြေလိုက်တဲ့ စကားလုံးတွေက ဂျာနယ်စာမျက်နှာ အပြည့်။

ညှော်ခံပွဲသွားကြတာက ဂုဏ်သိက္ခာအတွက်။

တမန်သစ်က လမ်းပေါ် အင်တာဗျူးလုပ်နေတဲ့ သူ့သူငယ်ချင်းနဲ့ သူတောင်းစားကလေးနှစ်ယောက်ကိုလည်း တွေ့ရော ချက်ချင်း အားရပ်နိုင်းတာလေ။

ခုတော့ကြည့်စမ်း . . . ဂျာနယ်ထဲတောင် တခမ်းတနား ထည့်ရတယ်လို့။

သူတောင်းစားကလေးတွေက လမင်းလို ဝန်ကြီးသမီးဖြစ်ချင်နေတဲ့ဟန်နဲ့ ပြောဆိုနေတာက ရိုးရိုးသားသား မဖြစ်နိုင်ဘူး။ ဟိုလျှပ်စီးမဂ္ဂဇင်းက သင်ပေးလို့ပဲ ဖြစ်ရမယ်။ သင်ပေးတာဆိုရင်လည်း လမင်းကို ထိုးနှက်ချင်လို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။

ရေးခွင့်ရတယ်ဆိုတိုင်း ဖောင်လမ်းဆင်ပြီး ရေးလိုက်တာက သူတောင်းစားကလေးနဲ့ ဝန်ကြီးသမီးကို ယှဉ်ပြသလို။

"တောက်"

လမင်းဒေဝီ သည်းမခံနိုင်တော့ပါ။

ဂျာနယ်ကို လုံးချေ၍ ကမူးရှူးထိုး ထွက်သွား၏။

"ဟဲ့ ... လ လမင်း"

"လမင်း ... ဘယ်လဲ"

သွင်သွင်နဲ့ကလျာလေး စိုးရိမ်တကြီး လှမ်းမေး၏။ လမင်း မဖြေနိုင်။ ရင်ထဲမှာ အလုံးကြီးဆို့သလိုဖြစ်ကာ မျက်လုံးထဲမှာ မြင်နေတာက သူတောင်းစားကလေးနှစ်ယောက်။

ပြီးတော့ လျှပ်စီးမ။

နောက်ပြီး တမန်သစ်။

တွေ့ကြသေးတာပေါ့။

တောက်။

✿ ✿ ✿

## အခန်း (၁၁)

"ဟား ဟား ဟား"

အုပ်စုလိုက်ရယ်မောလိုက်တဲ့အသံထဲမှာ လျှပ်စီးမအသံက အကျယ်ဆုံးရယ်။

ဘာကြောင့် ရယ်ကြတာလဲ။

အကြောင်းရင်းကို မကြားရပေမယ့် ရယ်သံတွေက လွတ်လပ်ပေါ့ပါးနေမှန်း သိသာနေသည်။

"ဟော့ ... သူများတွေလို တို့က ချောင်းသာမှာ တစ်ရက်တည်း အပန်းဖြေခဲ့တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးမက ချောင်းသာကမ်းခြေ အမှတ်တရဟု စာတန်းရေးထားတဲ့ တီရှပ်အဖြူရောင်ကို ဝတ်ဆင်ထားသည့်လူရွယ်ကို လှမ်းပြောခြင်း။

လူရွယ်ကလည်း အားကျမခံပြန်မေး၏။

"ထားပါတော့၊ ငါတို့က အခြေအနေအရ တစ်ရက်တည်းပဲ ချောင်းသားမှာ ကဲရတာ။ နင်တို့က ဘယ်နှစ်ရက် ကဲရလဲ"

"သုံးရက်"

"လမ်းစရိတ်ပြတ်သွားလို့လား"

"ဟုတ်တယ်ဟေ့ . . . လမ်းစရိတ်ပြတ်သွားလို့။ သုံးရက်လောက် သောင်တင်သွားတာ။ ကံကောင်းလို့ ပြန်ရောက်တာ။ နောက်ဆို ဘယ်နှရက်လောက် သောင်တင်နေမလဲ မသိဘူး"

"ဟား ဟား ဟား"

သူမစကားအဆုံးမှာ ထိုမှလူရွယ်များ ရယ်ကြပြန်သည်။

"နင်က ဇ,ရှိပါတယ် ချွေးရာ။ လက်ကလေးဖြန့်လိုက်တာနဲ့ အိုကေတယ်"

"ဟုတ်တယ် . . . ငါက လမ်းပေါ်က ရတနာများအကြောင်း စီးရီးလိုက် ရေးနေတော့ မိတ်ဆွေပေါ်တော့ အဆင်ကိုပြေနေရော ဘယ်နေရာရောက်ရောက် နင်တို့လိုမဟုတ်ဘူး၊ အိုကေ . . . အိုကေ"





သူမက လက်ဟန်ခြေဟန်လေး လုပ်ပြရင်းပြောလေ သူမတို့အဖွဲ့သားတွေအားလုံး ဝိုင်းရယ်လေ။

"ဟား ဟား ဟား"

"နင့်ကိုတော့ အားကျနေရတာဟေ့။ ဒါနဲ့ ဒီတစ်ပတ် ဘာရတနာအကြောင်းရေးဖို့ စီစဉ်ထားလဲ"

"မြို့တော်သန့်ရှင်းရေးအတွက် အလေးထားဆောင်ရွက်နေတဲ့ အမှိုက်သိမ်းမယ်လေးတွေလေ"

"ကောင်းသားပဲဟ"

လူရွယ်တစ်ယောက်က ထောက်ခံလျှင် သူတို့တစ်ဖွဲ့လုံး သဘောကျကာ ခေါင်းလေးညိတ်ကြ၏။

သူမတို့ သတင်းသမားတွေကြည့်ရတာ အပြုအမူ အပြောအဆိုတွေက လွတ်လပ်ပေါ့ပါးနေသလို လေးနက်မှုလည်း ရှိနေကြသည်။

ပတ်ဝန်းကျင်မှာ ဘယ်သူတွေရှိတယ်ဆိုတာလည်း သတိမထားမိအား။ ပြောစရာရှိတာ ပြောရင်း ရယ်မြူးကာ နွေးနွေးထွေးထွေးရှိနေကြသည်။

ဒါပြင် သူမရှေ့က ထိုင်နေတဲ့ဆံပင်ထောင်ထောင်နဲ့ လူရွယ်က သူမရဲ့ကွတ်တယ်ပြုတ်ပန်းကန်ထဲက ငုံးဥကို တူနဲ့နှိုက်လိုက်စဉ် သူမကလည်း အားကျမခံတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်ပန်းကန်ထဲက ကြက်ခြေထောက်ပေါင်းတစ်ချောင်း နှိုက်ယူရင်း အားပါးတရ ဝါး၏။ သူမတို့ခြောက်ယောက်စလုံးက ထိုနည်းလည်းကောင်းပင်။

ယောကျ်ားလေး လေးယောက်နဲ့ သူမအပါအဝင် မိန်းကလေး နှစ်ယောက်။ ပေါင်းခြောက်ယောက်စလုံး တက်ကြွနေကြတာက အားကိုးထိုက်တဲ့ လူငယ်ခြေတက်တွေအတိုင်းရယ်။

သူမတို့စားသောက်ပြီးသွားတော့ စားပွဲထိုးလေးကို လှမ်းခေါ်သည်။

ခြောက်ယောက်စလုံး မှာစားထားတဲ့ စားသောက်စရာတွေ မတူသလို ဈေးနှုန်းတွေလည်း မတူပါ။ သို့သော်လည်း ခြောက်ပွဲစာ ပေါင်း၍ ကျသင့်ငွေကို ခြောက်နဲ့စားပြီး တစ်ယောက်ကို ကျသင့်နှုန်း အညီအမျှ ထုတ်ရှင်းတဲ့ သူမတို့ရဲ့ ပြုမူချက်လေးက မြတ်နိုးဖွယ် ကောင်းနေသည်။

သာတူညီမျှဆိုတဲ့ သဘောတရားလိုပင်။ အားလုံး အချိုးကျ ငွေထုတ်၍ စုပေါင်းပြီး ငွေရှင်းထွက်သွားကြတာက နောက်ပြန်လှည့် မကြည့်စတမ်း။

သူမတို့နဲ့ စားပွဲဝိုင်းသုံးဝိုင်းခြားမှာ သူရှိနေတယ်။ ရှိနေရုံမက စောင့်ကြည့်နေနတာကိုပင် သတိထားမိဟန်မတူ။





ဒါက ဘာကြောင့်လဲ။

တမန်သစ်ရင်ထဲ တစ်ယောက်တည်းမေးမိသလို ရင်ထဲမှာလည်း တစ်ခုခုခံစားရ၏။

ထို့ကြောင့် ထိုင်နေရာမှ ချက်ချင်းထလျှင်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၁၂)

"တောက်"

"အား"

သူ့မျက်နှာတည့်တည့် ထိမှန်လာတဲ့ လုံးချေထားတဲ့ဂျာနယ် အားနဲ့အပေါက်ခံရတာမို့ မျက်လုံးတည့်တည့်ထိမှန်ကာ သူ့မျက်ဝန်း တစ်ဖက် အောင့်မျက်နှာကြင်သွား၏။

ထိုအခါ သူ့နှုတ်ဖျားမှ နာကျင်သံခုန်ထွက်သွားသလို မျက်လုံး ကိုလည်း လက်ဖဝါးနဲ့ ဖိအုပ်မိသည်။

"တောက် ... ဘယ်ကောင်လဲကွ"





ရင်ထဲမှ တင်းသွားကာ လွှတ်ခနဲမေးရင်း တရားခံကို ဒေါသနဲ့ ကြည့်မိလိုက်သည်။

"လမင်းဒေဝီ"

မျက်နှာကိုမော့ပြီး သူမနာမည်ကို တစ်လုံးချင်းပြောချ၏။ အမန်သစ် မျက်မှောင်ကြုတ်သွားသလို နှုတ်ခမ်းကိုလည်း တင်းအောင် ခွဲစေ့ပြီး သူမ ရှေ့ခြေလှမ်းတိုး၏။

ထိုအခါ လမင်းက သူ့မျက်နှာရှေ့တည့်တည့် လက်ညှိုးထိုးပြီး ပြောချသည်။

"အဲဒီဂျာနယ်ဖတ်ပြီးရင် ရှင့်ဘက်က ဖြေရှင်းချက်ပေးရမယ်။ ဒါပဲ"

လမင်းဒေဝီ ပြောပြီး ချာခနဲလှည့်ထွက်သွား၏။ ကြမ်းခင်းပေါ် ပွင့်ကျနေတဲ့ ဂျာနယ်နဲ့ သူမနောက်ကြောကို တစ်လှည့်စီကြည့်ရင်း အမန်သစ် အံတင်းတင်းကြိတ်လိုက်၏။

"လက်သံကတော့ အပြောင်ပဲကွ"

"ကိုယ်ကတော့ အဲဒီလက်သံလေးကို ကြွေသလိုပဲ"

"ကြွေမနေနဲ့ ... ဟိုငနဲလက်သီးက မင်းမျက်ခွက်ပေါ် အကျက်ကျလိမ့်မယ်ကွ"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူနောက်ဘက်စားပွဲဝိုင်းဆီက ထွက်လာတဲ့ လူငယ်တွေရဲ့ ဝေဖန်သံနှင့် သဘောကျသောရယ်သံတွေ။

သူ စောင်းငဲ့ကြည့်ဖို့ စိတ်ကူးပြီးမှ ငဲ့မကြည့်တော့ပါ။ ငဲ့ကြည့်လိုက်လို့ သူ့မျက်နှာမြင်သွားရင် ထိုလူငယ်တွေ သူ့ကို မကျေနပ်လို့ထင်သွားနိုင်သည်။

နောက်ပြီး ပတ်ဝန်းကျင်ကလည်း စောင့်ကြည့်နေကြသည် လူပုံအလယ်မှာ ဒီပုံစံပြုမူရဲတဲ့ လမင်းဒေဝီ။

အဲဒီအတွက် ကိုယ့်ဘက်က တစ်ခုခု တုံ့ပြန်ရမည်ပင်။

ဘယ်ပုံစံနဲ့ တုံ့ပြန်ရမလဲ။ သေသေချာချာ စဉ်းစားဖို့ လိုအပ်ပြီ။ ဒါကြောင့် ပစ်ပေါက်ခံရတဲ့ဂျာနယ်ကို ပြန်ကောက်၍ လူပုံအလယ် ရှောင်ထွက်ခဲ့တာက သရဲဘောကြောင်လို့တော့ မဟုတ်ပါ။

အဲဒါကိုတော့ မင်း တစ်နေ့ သိရင်မယ် လမင်းဒေဝီ။

ခုတော့။

✿ ✿ ✿

## အခန်း (၁၃)

"တော်တော့ကွာ"

မိုးချာန်က သူ့လက်ထဲကဖန်ခွက်ကို အတင်းဆွဲယူလေ၏။

သူ အလုမခံဘဲ ဖန်ခွက်ကို မြှောက်ကိုင်ရင်း တစ်ကျိုက်တည်း မော့ချ၏။

"တမန်"

သူငယ်ချင်းတွေရဲ့ အားမလိုအားမရအသံတွေ ခုန်ထွက်လာသည်။

သောက်ပြီးတာနဲ့ သူ ခေါင်းတစ်ချက်ရမ်းကာ ဖန်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် ပြန်ချလျှင် ဖန်ခွက်က သူ့လက်ထဲက လွတ်ကျသွား၏။

"ချလွမ်း"

"တမန် ... မင်း ဘာဖြစ်နေတာလဲ"

"ဘာဖြစ်တာလဲမမေးနဲ့ မိုးဗျာန်ရာ။ ဘယ်လိုခံစားရလို့ ဒီလောက်သောက်နေတာလဲလို့ မေးရမှာ"

"ဟုတ်သားပဲကွ"

ကောင်းကျော်ဝင်ပြောလျှင် နိုင်းနိုင်းကလည်းထောက်ခံ၏ အလင်းက ခေါင်းတညိတ်ညိတ်ဖြင့် မေး၏။

"ကဲ တမန် ... မင်းခံစားချက်က ဘာလဲ ပြောကွာ"

"ခံစားချက် ... ဟား ဟား ဟား"

တမန်သစ် မူးမူးနဲ့ တဟားဟားအော်ရယ်လိုက်သည်။

ထိုအခါ တုန်လှုပ်သွားတဲ့ မျက်နှာအစိတ်အပိုင်းအသီးသီးမှ ခံပြင်းမှုတွေ ဖွဲ့တည်လာ၏။

သူငယ်ချင်းလေးယောက် သူ့ကို မျက်လုံးပြူးနဲ့ ဝိုင်းကြည့် ကာ–

"တမန်"

"ပြောကွာ"

"မင်း ခံစားချက်တွေ ထူးခြားနေတယ်၊ ဘာဖြစ်လို့လဲကွ"





သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းမေးကြပြန်သည်။

တမန်သစ်က မေးတာကို မဖြေသေးပါ။ အရက်ပုလင်း အသစ်တစ်လုံးကို မှန် ဗီရိုထဲက ဆွဲယူပြန်သည်။

"တမန်"

ကောင်းကျော်က သူ့လက်ထဲကပုလင်းကို ဖျတ်ခနဲ ဆွဲလုလိုက် သည်။

"ကျွတ်"

သူ့ရင်မှာ အလိုမကျမှုတွေ လှိုင်းထန်သွား၏။

"ကောင်း ... ပေးစမ်းပါကွာ"

"မင်း တစ်ခုခုပြောကွ"

"မင်းတို့မင်္ဂလာမဆောင်ခင် စေ့စပ်ပွဲလုပ်ကြတယ် မဟုတ် ဘူး"

"အင်း ... လုပ်တယ်လေ"

"အေ ... စေ့စပ်ပွဲလုပ်စဉ်က မင်းတို့ ဘယ်လိုခံစားရလဲ"

မဆီမဆိုင် မေးလာတဲ့တမန်ကို ငေးကြည့်ရင်း သူငယ်ချင်း လေးယောက် ပါးစပ်အဟောင်းသားဖြစ်ကုန်သည်။

"ပြောလေကွာ"

တမန်သစ် ဒါပဲ ဖွတ်မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ရုတ်တရက် တစ်ခုခုပြောချဖို့ နှုတ်လေးနေသည်။

တမန်သစ် အတည်အခန့်မေးမယ်ဆိုရင် သူတို့ပြောဖို့ ဝန်မလေးပါ။

ခုတော့ မူးနေသည်။

မူးနေတာ အလွန်အကျွံ။

မျက်လုံးက နီရဲပြီး လည်နေသည်။

ခေါင်းကလည်း မနိုင်။

ထရပ်လိုက်တဲ့ကိုယ်ဟန်ကလည်း သူငယ်ချင်းတွေအနား ဖေးမကူထိန်းမှု မရရှိရင် အကြိမ်ကြိမ် လဲကျနိုင်တဲ့အနေအထား။

ဒီအနေအထားနဲ့ စေ့စပ်ပွဲခံစားချက်ကို မေးနေတာဆိုတော့

"ပြော . . . ပြော လေကွာ"

မေးနေတာက ဒါကြီးပဲ။

အလင်းက သက်မရှည်ကြီးချရင်း –

"ရင်ခုန်တာပေါ့၊ ပျော်တယ်၊ ကြည်နူးတယ်ကွာ"

"အဟွိး"

တမန်သစ် မထိန်းနိုင်စွာ ရယ်ချ၏။ ရယ်သံကြီးက သဘောကျလို့မဟုတ်မှန်း သိသာနေသည်။





ခနဲ့သလိုလို ရွတ်ချသလိုလိုနှင့်။

"အေး . . . ကိုယ်ကတော့ မင်းတို့လို မခံစားချင်ဘူးကွ"

"ဘာလဲကွာ"

မိုးစျာန်က စိတ်ပျက်သလိုမေးရင်း သူ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လေသည်။

တမန်သစ်ရင်ထဲမှာ တစ်ခုခု ငြိနေပြီဆိုတာ သိသာနေသည်။ တမန့်စိတ်ကို သူတို့ကောင်းစွာသိ၏။

တမန်က တမန့်စိတ်နဲ့တမန် ပြုတတ်၏။ ခုလည်း ဘာပြုမှုဦးမလဲမသိဘူး။

"မင်း စေ့စပ်ပွဲလုပ်တော့မလို့လား"

နှိုင်းနှိုင်းနဲ့မိုးစျာန် ပြိုင်တူလိုလို မေး၏။ သူက ကြက်လည်လိမ်ခံထားရသလို မူးနေတဲ့ခေါင်းက ဇက်လိမ်သလို ဖြစ်နေရာမှ ခေါင်းအဆတ်ဆတ်ညိတ်ပြီး –

"ဟုတ်တယ်ကွ"

"ဘယ်သူနဲ့လဲ"

သူငယ်ချင်းလေးယောက်ရဲ့ မေးသံက တစ်ပြိုင်နက်တည်း။ သူ့ နှုတ်ခမ်းလေးချွန်ကာ စိတ်ပျက်သလို ရယ်မောပြီး တစ်လုံးချင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"လမင်းဒေဝီ"

"ဟာ"

သူငယ်ချင်းတွေ တအံ့တသြနဲ့ သူ့အနား ဝိုင်းအုံလာသည်။ အစတုန်းက သွက်သွက်ခါပြင်းနေတဲ့ တမန်။

ခုတော့ –

"လမင်းနဲ့ဟုတ်လား"

"မင်းပြောတုန်းကတော့ ဆောရီးဆို။ ကိုယ်တို့တွေရဲ့ မင်္ဂလာပွဲပြီးတာနဲ့ ပြန်မှာဆိုကွ"

"အဲဒါ လာတုန်းကအစီအစဉ်။ အခု အစီအစဉ်ပြောင်းသွားပြီး"

"ဘာဖြစ်လို့လဲ"

အလေးအနက်သိလိုလှစွာ အလင်းမေးလေသည်။

"ဘာဖြစ်လို့လဲ ဟုတ်လား ... ဟား ဟား ဟား"

သူက ဆိုဖာနောက်မှီပေါ် ခေါင်းကို လှန်ချရင်း တဟားဟား အော်ရယ်လေသည်။

သူငယ်ချင်းတွေ ဘာမှနားမလည်နိုင်တော့ပါ။ ဒီကိစ္စက သာမန်မဟုတ်မှန်း သိသာနေသည်။

"ဟုတ်တယ်လေကွာ"





"မင်း လမင်းကို ကြွေသွားလို့လား"

"ဟား ဟား ဟား ... ကြွေသွားလို့လားတဲ့။ ဟော့ကောင် ... မင်းမေးခွန်းက အတော်ကောင်းနေပါလားကွာ။ ကြွေသွားလား၊ ဘာလားတော့ မသိတော့ဘူး။ ခြွေပစ်ချင်တာကွ၊ ခြွေပစ်ချင်တာ"

"ဟာ"

သူငယ်ချင်းတွေ မျက်လုံးပြူးရုံတင်မက ဆံပင်တွေပါ ထောင်ထကုန်သည်။ လမင်းကို ခြွေချင်သတဲ့။

မြတ်စွာဘုရား။ ပြဿနာတော့ မဟာသမုဒ္ဒရာလောက် တက်ရွယ်ရယ်။

"တမန်"

မိုးချာန် သူ့အနား အလောတကြောရောက်လာသည်၊ သူ့ပခုံးကို ဆုပ်ကိုင်လှုပ်ခါ၍ –

"မင်းမူးနေပြီကွ တမန်၊ မူးတာက ရိုးရိုးအမူးမဟုတ်ဘူး။ သွန်နေပြီ သူငယ်ချင်း၊ လာ ... မင်းကို ကိုယ်တို့လိုက်ပို့ပေးမယ်"

"ဟား ဟား ဟား"

တမန်ရယ်လေ သူငယ်ချင်းတွေ မနှစ်သက်လေ။

"ဟုတ်တယ်တမန်၊ မင်း ဘာမှမပြောနဲ့။ မင်းအိပ်သင့်ပြီ"

"လာကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ သူ့ကို အတင်းပဲ ဆွဲထူပြီး အိပ်ခန်းဆီ ခေါ်သွားကြသည်။ သောက်ကြတာက အပျော်သဘော။

လွန်ကျွံသွားတာက တမန်။

ဘယ်တုန်းကမှ တစ်ခွက်တစ်ဖလား ပိုမသောက်တတ်တဲ့ တမန်။ ခုလို အသောက်လွန်တဲ့အဖြစ်နဲ့ ကြုံရတော့ သူငယ်ချင်းတွေပါ မျက်လုံးပြူးရ၏။

ပိုပြီးမျက်လုံးပြူးရတာက လမင်းဒေဝီကို ခြွေမလို့တဲ့။

ဒီစကားရှေ့ဆက်ပြောခွင့်မပေးဘဲ တမန့်ကို ဆွဲခေါ်ခဲ့ရသည့်ကြောင်းရင်းလေးစွာ။

✿ ✿ ✿

## အခန်း (၁၄)

နွေဦးရာသီရဲ့ အသစ်စက်စက်မနက်ခင်းလေးရယ်။

နေခြည်ရန့်က နွေးနွေးလေးသင်းနေသည်။ ပွင့်ဖူးဝေဆာနေတဲ့ စပယ်လိုရန့်ကလည်း လှိုင်လှိုင်လေးကြူကာ။

ဒါ့ပြင် ရှင်းသန့်မွှေးပျံ့သော ထိုမနက်ခင်း၏ လေပြည်ချိုချိုကို ရှူရှိုက်ရသည်မှာ စိတ်နှလုံးသားလေး ချမ်းမြေ့ကြည်နူးဖွယ် ကောင်းနေပါသည်။

အထူးသဖြင့် ...

စံပယ်ပွင့်လေးများကို တယုတယ ခူးဆွတ်နေတဲ့ စိတ်အေးရှာက



www.burmeseclassic.com

www.burmeseclassic.com



အကြည်သာဆုံးဖြစ်နေတာမို့ ထူးခြားတဲ့ မနက်ခင်းရသဟု 'ဧွး' မှတ်ချက်ပေးနေမိသည်။

ထိုစဉ် –

"ကလင် လင် လင်"

ခြံဝမှ ခေါင်းလောင်းလေး လှုပ်ခါမြည်ဟီးလာလျှင် ထိုမနက်ခင်းက ပို၍အသက်ဝင်ကာ ခံစားလို့ကောင်းနေသည်။

မနက်စောစောစီးစီး ဘယ်သူလာပြီး ခေါင်းလောင်းတီးနေတာလဲ။

စံပယ်ပွင့်လေးတွေ မြတ်မြတ်နိုးနိုးကိုခူးပြီး ငွေဖလားလေးထဲ ထည့်နေရာမှ ခြံပြင်ဘက်ဆီသို့ ဧွး လှမ်းကြည့်လိုက်၏။

ထိုအခါ သူမရင်မှာ သိမ့်ခနဲ လှုပ်ရှားသွားသလို ခေါ်သံလေးလည်း ခုန်ထွက်သွား၏။

"သရဲ"

သူမအသံလေးနောက်မှာ ငွေဖလားထဲက စံပယ်ပန်းရနံ့တွေ ပို၍ လှိုင်သင်းသွားသလား အောက်မေ့လေသည်။

"ကလင် လင် လင်"

ခေါင်းလောင်းလေး အဆက်မပြတ်မြည်နေသည်။

ဧွး စိတ်လှုပ်ရှားသလို ကြည်နူးစိတ်လေးလည်း ဖြစ်၏။





ထို့နောက် စံပယ်ပန်းထည့်ထားတဲ့ ဖလားလေးကို ခုံတန်းလေးပေါ်တင်၍ ခြံဝသို့ အပြေးကလေး ထွက်ခဲ့သည်။

"ဟင် တမန် ... မနက်စောစောစီးစီး အိပ်မှုန်စုန်မွှားနဲ့ ယောင်ပြီး ရောက်လာတာလား"

ခြံတံခါးအပြင်ဘက်က တမန်သစ်က လျှပ်စီးမကို စိုက်ကြည့်ရင်း ပြုံးလိုက်သည်။

မနက်ခင်းက လျှပ်စီးမကြောင့် ပိုလှနေသလားပဲ။

"ဟဲ့ ... ပြောဦးလေ"

"ဘာပြောရမှာလဲ လျှပ်စီးမရာ"

"မနက်စောစောစီးစီး ရောက်လာတာ ဘာကိစ္စ"

"ငါ့လည်း သေချာကြည့်ဦး"

"ဟာ ... ဟုတ်သား"

သရဲက ထရက်ဆုဝတ်စုံအဖြူရောင်နဲ့ လန်းဆန်းနေသည်။ သေချာတာက မနက်ဘက်လမ်းလျှောက်ထွက်ရင်း လမ်းကြုံလို့ ဝင်လည်တဲ့သဘော။

"ဒါနဲ့ ... ငါ ဒီမှာနေမှန်း ဘယ်လိုသိလဲ တမန်"

"ဒီလိုပဲ သိတာပေါ့၊ အိမ်ထဲခေါ်ဦးလေ၊ ပြီးတော့ ... မနက်စာကျွေးဖို့လည်း စိတ်ကူးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ"

လျှပ်စီးမ လက်တစ်ဖက်ရွတ်မိသွားသည်က မီရာကိုလှမ်းထိုး ရယ်။ သူက သဘောကျစွာ ရယ်မောရင်း –

"ဟုတ်တယ်လေ ... နင့်ဆီရောက်ဖို့ တစ်နာရီခွဲလောက် လမ်းလျှောက်လာခဲ့ရတာ မောနေပြီ"

"သြော် ... အမောလည်း ဖြေရင်း ဗိုက်လည်းဖြည့်ရင်းပေါ့ ဟုတ်လား"

"သိပ်ကောင်းကွာ"

"ဒါနဲ့ ... နင်တစ်ယောက်တည်း လမ်းလျှောက်တာ မပျင်း ဘူးလား"

ခြင်းတံခါးပြန်ပိတ်ကာ အိမ်ကလေးဆီ ဦးဆောင်ခေါ်လာ ရင်း ခွေး မေးလိုက်သည်။ တမန်က ကြည်ဖြူစွာ ပခုံးလေးပင့်ပြ၍ –

"နင်ပါရင်တော့ ပျော်မလားဘဲ"

"အံမယ်"

"အဟုတ်ပြောတာ"

"သေလိုက်"

"မသေချင်သေးဘူး လျှပ်စီးမရာ။ အကြွေးတွေ ရှိသေးတယ် ဆပ်ရဦးမယ်"





"နင့်လို ဘောစိမှာလည်း အကြွေးနဲ့လား"

"ဟုတ်တယ် ... အကြွေးများလွန်းလို့ ညစ်နေတာ။ ဒါနဲ့ ဒီခြင်းလေးနဲ့ တိုက်ပုလေးက နင်ပိုင်တာလား"

"ဘုရားရေ"

တမန်သစ် သဘောတကျမေးလိုက်တော့ သူမက အလန့် အကြား ဘုရားတရှာသည်။ ခြင်းနဲ့တိုက်လေးကို သူမ စေ့ကြည့်ပြီး–

"ငါ့လို သတင်းထောက်လုပ်စားနေတဲ့သူက ဒါတွေ ပိုင်မတဲ့ ထား"

"သိဘူးလေကွာ ... နင် ဒီမှာနေတာကိုး"

"ပိုင်ရှင်က ငါ့ကို အစောင့်သဘောနဲ့ နေခွင့်ပေးထားတာပါ သရဲ့ရာ"

"အဲဒါဆို ငါလည်း အစောင့်သဘောနဲ့ နေခွင့်ရချင်တယ်"

"သရဲစုတ်နော် ... ပေါက်ကရတွေ မပြောနဲ့"

"တကယ်ပြောတာ"

"အဲဒါဆိုရင် နေဦး၊ ပိုင်ရှင်ကို ငါပြောပေးမယ်။ ပိုင်ရှင်က မြင့်နေလေ၊ အဲဒီတော့ ငါ မှဆယ်ဘက်ပြောင်းရမယ်လို့ ထောက်ချုပ် ပြောနေတာနဲ့ အဆင်ပြေတယ်"

"ဘာဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော် . . . ငါတို့ ဂျာနယ်တိုက်က သတင်းထောက်ချုပ်က ငါ့ကို မူဆယ်ဘက်က သတင်းလိုက်ဖို့ လွှတ်မတဲ့။ အဲဒါ ငါသွားရင် ဒီခြံမှာ ခြံစောင့်မရှိတော့ဘူး။ နင်စောင့်နေမယ်ဆိုတော့ အိုကေပြီ မဟုတ်ဘူးလား"

"ဟွန်း . . . ငါက အဟုတ်မှတ်လို့။ နင်မရှိရင် ငါ နေမပျော်ဘူး"

"အလင်းတို့ကိုလည်း ခေါ်ထားလေ"

"သူတို့က သူတို့မိန်းမတွေနားက ခွာချင်တာ မဟုတ်ဘူး မနက် လမ်းလျှောက်ထွက်တာတောင် မလိုက်ကြတာ နင့်အမြင်ပဲ လျှပ်စီး မရှာ"

"ကဲ . . . အဲဒါကို နင်လည်း အားကျမခံ မိန်းမယူလိုက်"

"အေး . . . ယူရမယ်၊ ဒါကြောင့် နင့်ဆီလှည့်လာတာ"

"အံမယ် . . . သရဲစုတ်နော်"

"တိုင်ပင်ဖို့ပါဟာ။ နင်ကလည်း သူငယ်ချင်းမဟုတ်လား လောလောဆယ် တစ်ခုခုကျွေးတော့လေ။ ငါ တကယ်ဆာနေပြီ"

"ဘီလူး"

သူမ မျက်စောင်းလှလှထိုးပစ်၏။

ထိုမျက်စောင်းလေးက စံပယ်ပွင့်လေးနှယ် ဖြူဖွေးစင်ကြယ်စွာ





ပွင့်နေသလို သူမရဲ့ကိုယ်သင်းရနံ့လေးကလည်း သဘာဝဆန်စွာ မွှေးလျှ ညှိက စံပယ်ရနံ့နှယ်။

ထိုအခါ သူ့ရင်ထဲကို အေးမြကြည်လင်စေသည်ဟုပြောရင် နေမလား။

ထို့ကြောင့် ဘီလူးဟု ခေါ်လိုက်တဲ့ သူမနှုတ် ရွှန်းချွန်ချွန်လေးကို ငြတ်နူးစွာ စိုက်ကြည့်မိလျှင် နှစ်ဦးသားမျက်ဝန်းမှာ နွေဦးမနက်ခင်း၏ အနှစ်သာရနှယ် သာမောဖွယ်ကောင်းနေတော့သည်။

"ထိုင်ဦး . . . နင့်အတွက် စားစရာလုပ်ပြီး ယူလာပေးမယ်"

ညွှန်ခန်းထဲရောက်တော့ သူမ ထိုသို့ပြောကာ မီးဖိုခန်းဘက် ထွားသွား၏။ သူကတော့ စံပယ်ပန်းတွေထည့်ထားသည့် ပန်းဖလားလေးကို ငေးကြည့်ရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တောက်"

ဒေါ်ခင်ချိုမြင့်ဒေါသက ဒီရေလှိုင်းလို တဟုန်းဟုန်းလှုပ်ခြ နေသည်။

ဦးအာကာစိုးက မျက်နှာအပျက်ပျက်နှင့် ဂျာနယ်စာမျက်နှာ ထက်က အကြောင်းအရာတွေကို သည်းသည်းမည်းမည်း ဖတ်နေသည်

"ကျွန်တော်တို့ လမ်းပေါ်မှာတောင်းစားတဲ့အလုပ်လုပ်နေ ကြတာ ဘာကြောင့်လဲ။ ကျွန်တော်တို့ရဲ့ မိဘတွေကြောင့်လား။ အဲ လို တွေးမိသေးတယ်။ အဲသလိုတွေးမိပြန်တော့ ကျွန်တော်တို့





တခြားမိဘရဲ့သားသမီးတွေက လမ်းပေါ်မှာ တောင်းစားတဲ့အလုပ် လုပ်ကြဘူး။ ဘာကြောင့်မလုပ်ကြတာလဲ။ အဲသလို တွေးမိလေ မေးခွန်းတွေ များလေပဲ။ အဲဒီမေးခွန်းတွေနောက်မှာ မိဘတွေကို ပြန်ပြီးယှဉ်ကြည့်မိတယ်။ ကျွန်တော့်မိဘ၊ ကျပန်းလုပ်စားတဲ့မိဘ၊ ဈေးသည်မိဘ၊ အရာရှိအရာခံ မိဘ၊ ဝန်ကြီး ဘာညာပေါ့"

"မောင်လေး ... ရှေ့ဆက် ဘာလုပ်ချင်လဲ"

"စာသင်ချင်တယ်၊ ညီမလေးကိုလည်း ကျောင်းထားချင် တယ်"

"နောက်ဆုံးမေးခွန်းတစ်ခုမေးမယ်၊ ဒီနေ့ နေ့တွက် ဘယ် လောက်ရရင် အိမ်ပြန်ဖို့ စိတ်ကူးထားလဲ"

"ငါးထောင်လောက်ရရင် ပြန်မယ်၊ အမေ့ကို ဆေးခန်းပို့ချင် လို့"

ဦးအာကာစိုး စာမျက်နှာထက်မှ အကြည့်ကို လွှဲလိုက်မိသည်။

သားသမီးချင်း၊ မိဘချင်းဖြစ်ပေမယ့် မတူညီတဲ့ အခြေအနေ ကြားမှ ကာယကံရှင်တွေရဲ့အသံက စိတ်ဝင်စားဖို့ ကောင်းလှပါသည်။

သို့သော်လည်းပဲ ... ဝန်ကြီးဘာညာဆိုတဲ့စကားလုံး ထည့် ထည့်ပြောတော့ သူတောင်းစားမိဘနဲ့ ဝန်ကြီးမိဘကို နှိုင်းယှဉ်သလို ဖြစ်ကာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးကြောင့်ဖြစ်မယ် သမီးလေး လမင်းဒေဝီ ပေါက်ကွဲတာ။

ဒါထက်ပေါက်ကွဲစရာကောင်းတာက သားဖြစ်သူက ထိုသတင်းထောက်မလေးနဲ့ သူငယ်ချင်း။

ပြီးတော့ . . . ထိုကလေးနှစ်ယောက်ကို၊ ကောင်းကျော်ရဲ့ မင်္ဂလာပွဲထဲ ဆွဲခေါ်သွားတဲ့ သားရဲ့လုပ်ဆောင်မှု။

အဆိုးဆုံးကတော့ ဒီဂျာနယ်ထွက်ကတည်းက ဟိုလေးတကြော်။

ဂျာနယ်လက်မွေ့ရောင်းသူတွေကလည်း လူအများ စိတ်ဝင်စားအောင် အော်ဟစ်ရောင်းနေကြတာ ကြားရ တစ်မျိုးတစ်ဖုံ ဆန်းနေသည်။

"သားသမီးတော့ သားသမီးပဲ၊ သူတောင်းစားမိဘရဲ့ သားသမီးလား၊ သူဌေးသူကြွယ်ရဲ့ သားသမီးလား။ ဝန်ကြီးတို့၊ အမတ်တို့ဘာတို့ရဲ့ သားသမီးလား။ သိချင်ရင် အပြေးလေးဝယ်ဖတ်လိုက်ပါ။ ဟောဒီမှာ လမ်းပေါ်က ရတနာများ၊ လမ်းပေါ်က သားသမီးများတဲ့ ရှော့ရှော့ ဖတ်ဖြစ်အောင် ဖတ်ကြ၊ လာပြီ . . . လာပြီ"

ဂျာနယ်ရောင်းသမား ထိုသို့အော်ရောင်းလေ အလုအယက်ဝယ်ဖတ်လေနဲ့ လမ်းဆုံလမ်းခွနဲ့ ကားမှတ်တိုင်မှာ ထိုဂျာနယ် ဝယ်ဖတ်





နေကြတာ ဘုရားပွဲတော်နှယ် စည်ကားနေတော့သည်။

ဒီမြင်ကွင်းကလည်း မဆီမဆိုင် လမင်းဒေဝီကို ကွက်ကြည့်ကြည့်ကြတာလေ။

ဒီတော့ . . .

အင်း။

ခက် ခက်ချေပြီ။

အရေးထဲ ဖနီးသည်ကပါ လမင်းဒေဝီဘက်က ပေါက်ကွဲနေသာက ပိုဆိုးနေပြီ မဟုတ်လား။

ဦးအာကာစိုး စားပွဲပေါ်ဂျာနယ်တင်ရင်း ဇနီးသည်ကို ငဲ့ကြည့်လိုက်သည်။

ဇနီးသည်ရဲ့ဒေါသက တက်နေဆဲ။

"မြင့်"

"သားကို၊ ကိုစိုး လေးလေးနက်နက်ပြောစမ်းပါ"

"မြင့်က ဘာဖြစ်လို့ ဒီလောက် သွေးဆူနေရတာလဲ"

"အို . . . မြင့် သွေးဆူတာမဟုတ်ဘူး။ လမင်းလေးခံစားရတာကို မကြည့်ရက်တာ ကိုစိုးရဲ့။ နောက်ပြီး လမင်းလေးခံစားရအောင် ဟိုလျှပ်လျှပ်မက ထိုးခွတာ။ သားလတ်က အားပေးအားမြှောက်လုပ်တာ။ အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မြင့်ရာ"

ဒီတစ်ခါ ဇနီးသည်ကို စကားဆုံးအောင် ပြောခွင့်မပေး ပါ။

လက်ကာ ဟန့်တားရင်း ဦးအာကာစိုး တစ်ဆက်တည်း ပြေ ၏။

"ဒီကိစ္စမှာ မြင့်က လူကြီးပီပီ တည်ငြိမ်စမ်းပါကွာ"

"ဘာရယ်"

ဒေါ်ခင်မျိုးမြင့် လက်တစ်ဖက်ခါးထောက်ကာ ခင်ပွန်းသ ဘက် တစ်ကိုယ်လုံး လှည့်လာသည်။

"ပြန် ... ပြန်ပြောဦး ကိုစိုး၊ ဘာရယ်"

"ကျွတ် ... အဲဒါခက်တာပေါ့ မြင့်ရာ။ တကယ်ဆို ဘာ တာ မှတ်လို့လဲ"

"ဘုရားရေ"

"ဟုတ်တယ်လေ မြင့်ရဲ့၊ တစ်နိုင်ငံလုံးမှာ သူတောင်းစား သားသမီးရှိသလို ဝန်ကြီးသားသမီးလည်း ရှိတာပဲ။ ထို့အတူပဲ သူ သူကြွယ်"

"တော် ... တော်ပါတော့ ကိုစိုး။ မပြောနဲ့တော့၊ အဲဒီအတွ သားဘက်က သမီးလေး ကျေနပ်အောင် တစ်ခုခုလုပ်ပေးရမယ်။ မြ





.. ဒါပဲသိတယ်"

ဒေါ်ခင်ချိုမြင့် ယတိပြတ်ပြောလျှင် ဦးအာကာစိုး ရယ်မဲ့မဲ့ ဖြစ်သွားသည်။

"ကောင်းပြီလေ ... မြင့်အသိနဲ့ မြင့်လုပ်ချင်ရာလုပ်။ ကိုစိုး ဝင်မစွက်ဖက်ဘူး။ အေး တစ်ခုတော့ရှိတယ်၊ သားလတ်က သားကြီးနဲ့ သားငယ်လို မိဘကစီစဉ်တိုင်း ကျေနပ်လက်ခံမယ့်သားမျိုး မဟုတ်ဘူး။ အဲဒီအတွက် အဆိုးဆုံးမဖြစ်အောင် မြင့်ဘက်က မြင့်ထိန်းနိုင်ရင် ဆက်လုပ်"

"အို ... လုပ်မယ် လုပ်မယ်၊ ကိုစိုး ဝင်မစွက်နဲ့ ဒါပဲ"

ဒေါ်ခင်ချိုမြင့် ပြောပြောဆိုဆို စားပွဲပေါ်က ထိုဂျာနယ်ကို ကောက်ယူ လုံးခြေ၍ အမှိုက်တောင်းထဲ ပစ်ထည့်လိုက်သည်။

တစ်ဆက်တည်းလည်း သမီးလေးဖုန်းကိုခေါ်ကာ လေပြည် လေးနဲ့ ချော့မော့နှစ်သိမ့်နေမိသည်။

ခင်ချိုမြင့်ဆိုတဲ့သူမက ဘာကိစ္စမဆို ဖြစ်အောင်လုပ်နိုင်ခဲ့ တယ်လေ။

အထူးသဖြင့် သားလတ်ရဲ့သူငယ်ချင်းလေးယောက်စလုံး တစ် ဘော်ခြားစီ မင်္ဂလာပွဲဖြစ်အောင် ရင်းတို့ရဲ့ နှစ်ဖက်မိဘတွေနဲ့ အတွင်း ကြိတ်စီစဉ်ခဲ့တာ သူမပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုဖြစ်အောင် စီစဉ်ခဲ့တာ အကြောင်းမဲ့မှမဟုတ်တာ။

သားလတ်ကို သမီးလေးနဲ့ တစ်ပါတည်း စီစဉ်ချင်လို့ အကွ

ချကာ သားပြန်လာအောင် ပရိယာယ်နဲ့ ရေပ်ခဲ့ခြင်းဖြစ်သည်။

ဒီအကြောင်းတွေ ဘယ်သူသိတာမှတ်လို့။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿

## အခန်း (၁၆)

လျှပ်စီးမ လက်ကလေးက သွက်လှပေသည်။

အသင့်စား ဆီချက်ခေါက်ဆွဲထုတ်ကိုဖောက်ပြီး ရေနွေးပူပူထဲ ထည့်စိမ်ထားသည်။

ကြက်သားပြုတ်ကို အတုံးသေးသေးတုံး၏။

ကြက်သွန်နီစိတ်နဲ့ မုန်လာဥနီကို ခပ်ပါးပါးလှီးကာ ဂက်စ်မီးဖို ပေါ်တင်၍ မနူးတနူး ချက်၏။

ရေနွေးပူပူထဲ ထည့်ထားတဲ့ ဆီချက်ခေါက်ဆွဲပွက်လျှင် ဆယ် ယူပြီး ဆီအနည်းငယ်ဖြင့် ချက်ထားတဲ့ ကြက်သားအတုံးကလေးများ



www.burmeseclassic.com

www.burmeseclassic.com



ရောထည့်၏။

မနူးမနပ်ချက်ထားတဲ့ ကြက်သွန်နီစိပ်နဲ့ မုန်လာဥနီကိုပ် လောင်းထည့်ကာ ဆီချက်ထုပ်ထဲ အသင့်ပါလာတဲ့ ဆီအိတ်နဲ့ ကြက်သား မှုန့်အိတ်ဖောက်ထည့်၍ သမအောင်မွှေလျှင် ကြက်သားဆီချက်ရနံ့လေး သင်း၏။

ထိုရနံ့လေးက ဆာလောင်နေတဲ့ သူ့စိတ်ကို ပို၍ပင် ဖမ်းစား လျှင် လျှာရည်တို့ စိုသွား၏။

"ဟင် သရဲ ... နင်က မီးဖိုခန်းထဲထိ ရောက်နေတယ်"

မီးဖိုခန်းတံခါးဝဘောင်မှာ ပခုံးတိုက်မှီရပ်ရင်း လှုပ်ရှားနေတဲ့ လျှပ်စီးမကို ငေးကြည့်နေတဲ့ တမန့်ကို ဆီချက်ပန်းကန်လေး အဆင်သင့် ဖြစ်အောင်လုပ်နေရင်း မြင်သွားလျှင် ဓွေး တအံ့တဩမေး၏။

"ဗိုက် အရမ်းဆာနေလို့ဟ"

"ဟွန်း ... မပြောလိုက်ချင်ဘူး"

"တကယ်ဆာနေတော့လည်း ညြော့ခန်းမှာ ထိုင်စောင့်ရတာ စိတ်မရှည်ချင်တော့ဘူး။ ဒါကြောင့် မစားရသေးခင် အညှော်ခံနေတာ မျိုး"

"ကဲ ... စားမယ်ဆို လာထိုင်လေ"

"အိုကေ"





တမန့်သစ် အားနာမနေတော့ပါ။

ထမင်းစားစားပွဲအောက်ရှိ ပလတ်စတစ်ထိုင်ခုံအဟောင်းလေး ဆွဲယူပြီးထိုင်ချ၏။

ဓွေးက ဆီချက်ခေါက်ဆွဲပန်းကန်ကို သူ့ရှေ့ ချပေးသည်က တနာသဒ္ဓါတရား ထက်သန်စွာ။

ဗိုက်က ဆာနေတာမို့ တမန့်သစ် ဟန်ဆောင်မနေနိုင်ပါ။

ဆီချက်ခေါက်ဆွဲ တစ်ဖွန်းခပ်စားလိုက်လျှင် အာခံတွင်းစိမ့် ရုက် နောက်ထပ် စားချင်စိတ်တို့ ဖြစ်တည်လေသည်။

ထို့ကြောင့် တစ်ဖွန်းပြီးတစ်ဖွန်း ခပ်စားလျှင် –

"ဖြည်းဖြည်းစားပါ တမန့်ရယ်၊ ဘယ်သူမှ လုမစားပါဘူး"

"ပြောလို့ရမလား၊ နင့်ကို ယုံရတာမဟုတ်ဘူး"

"အံမယ်"

ဓွေး လက်တစ်ဖက် ခါးထောက်မိသွားသည်။

တမန့်သစ်က ဆီချက်ခေါက်ဆွဲစားရင်းတန်းလန်း သဘောကျ စွာ ရယ်မောလေသည်။

"ဟုတ်တယ်လေ၊ နင့်စိတ်ကိုယုံရတာမဟုတ်ဘူး။ ငါ့ကြောင့် ခင် ခေါက်ဆွဲတစ်ထုပ် လျော့သွားပြီဆိုတဲ့ နှမျောစိတ်နဲ့ လုစားရင် ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင့်လို ဝတ်ကြောမပြတ်ဘူး။ စောစောစီးစီး ထပြီး မနက်စာစားထားပြီးသား။ နင်သာ ကပ်စေးနဲ၊ အလကားလာစားနေတာ"

"အေးနော် . . . အကျင့်ကိုမကောင်းဘူး၊ ဘယ်သူ့သူငယ်ချင်းလဲ မသိဘူး"

"နင်ဟာလေ၊ ကျွတ် . . . မြန်မြန်စား။ ပြီးရင် ကော်ဖီသောက် သောက်ပြီးပြန်"

ခွေးပြောရင်း သူ့အတွက် ကော်ဖီဖျော်နေလိုက်သည်။

တမန်သစ်က သဘောကျကာ မျက်နှာလေးပင့်လိုက်၊ ပခုံးလေး ဝင့်ပြလိုက်နှင့် ဆီချက်ခေါက်ဆွဲ တစ်ဇွန်းခပ်စား၏။

"ဒါနဲ့ . . . နင် သတင်းထောက်လုပ်တာ ကြာပြီလား"

"ကျောင်းပြီးကတည်းက"

"ဘယ်လို စိတ်ကူးပေါက်ပြီး လုပ်တာလဲ"

"အံမာ . . . နင်က အထင်သေးတာလား"

"သိချင်လို့ မေးတာပါဟာ"

သူ့ရှေ့ ဖျော်ပြီးတဲ့ကော်ဖီခွက်လေးချပေးရင်း သူမ ရွှင်ရွှင်မြူးမြူး ပြောလေသည်။

"သိချင်တယ်ဆိုတော့လည်း ပြောရတာပေါ့။ တကယ်တော့





သတင်းထောက်တစ်ယောက်လုပ်ဖို့ဆိုတာ မလွယ်ဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ သတင်းရတိုင်း လိုက်လို့ သတင်းမဖြစ်တာနဲ့ ကြုံရတာတွေနဲ့ဆို လူက မောကြောပဲ"

"ဘယ်လို . . . ဘယ်လို၊ သတင်းရတိုင်း လိုက်လို့ သတင်းမဖြစ်တာ"

"ဟုတ်တယ်လေ"

သူမပြောတာ သူ နားမလည်နိုင်ပါ။ ဒါကြောင့် ရှင်းအောင် ထပ်မေးရသည်။

"ဘာဖြစ်လို့ သတင်းမဖြစ်တာလဲ"

"အင်း . . . နင် နားလည်အောင်ပြောရရင်၊ ဒီလိုဟာ။ နင်တို့ ဒီနဲ့ ဆုံတဲ့နေ့က မျက်နှာဖုံးစွပ်နဲ့ ဆန္ဒပြတာမျိုးပေါ့။ သူတို့ ဆန္ဒပြတာ ဟာ ရန်ကုန်မြို့စီမံကိန်းကို ထောက်ခံတယ်ပေါ့။ ထောက်ခံတာက ဟုတ်တယ်၊ ထောက်ခံတဲ့သူကိုယ်တိုင်က ပြည်သူလူထုလား၊ ပါတီသားလား။ ဘယ်လိုလူတွေလဲ။ အဲဒါကို တိတိကျကျ မသိရတော့ ဆန္ဒထုတ်ဖော်တာကြီးက မခိုင်မာဘူးဖြစ်နေတယ်။ အဲဒါမျိုးဆို ပင်ပန်းတာ ပဲ။ နောက်ပြီး . . . ဝက်မ၊ လေးမြွှာပူးမွေးတယ်ဆိုတဲ့ ထူးခြားသတင်းမျိုး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းတဆတ်ဆတ် ညိတ်မိသွားသည်။

သူငယ်ချင်းတွေ စားသောက်နေရင်းတန်းလန်း လှုပ်စီးမ ထ, ထွက်သွားတာလေ။

"အင်း ... ပြောပါဦး။ ငါလည်း မေးမလို့။ အဲဒီသတင်းကို မေ့နေတာနဲ့။ ကဲ ပြော ... အဲဒါ ဟုတ်လား"

"အဲဒါပေါ့ဟ ... ဝက်မက လူလေး လေးမြှာပူးမွေးတယ်ပေါ့။ သေချာရင်တော့ ဒါထူးခြားတဲ့သတင်း ဖြစ်နိုင်တယ်။ ဒါကြောင့် ... သူများထက်ဦးအောင် ချက်ချင်းလိုက်သွားတာ။ တကယ်တော့ ဝက်မ ဆိုတာ တိရစ္ဆာန်ဝက်မ မဟုတ်ဘူး။ အဲဒီအခေါ်ကြီးနာမည်က ဒေါ်ဝက်မ"

"ဪ"

သူ သဘောကျစွာ ပြုံးမိသွားသည်။

"နင်တို့ဘဝကလည်း အဲဒါမျိုးတွေနဲ့ ကြုံရတာပဲလား"

"ဒီလိုပါပဲ ... စကားက တစ်ယောက်ပါးစပ်ကနေ တစ်ယောက် ပျံ့လာတာဆိုတော့ ဒေါ်ဝက်မ,မဟုတ်တော့ဘဲ ဝက်မဆိုတော့ ကြားချင်းချင်း လိုက်ရတာပဲ။ ငါတို့က အဲဒီဝက်မနောက်လိုက်တဲ့အချိန် မှာ တခြားဂျာနယ်တိုက်က ကိုပျော့ဆိုတဲ့သူက လူရှင်တော်ဝက်မ,နောက် လိုက်တာလေ"

"ဟား ဟား ဟား ... ရယ်ရတယ်နော်"





"အဲလိုပေါ့ နားစွန်နားဖျားလေးကြားရတာနဲ့ လိုက်ပေမယ့် သတင်းမဖြစ်တာတွေ အများကြီးရှိတယ်။ နောက်ပြီး ကိုယ့်ဂျာနယ်တိုက် က ဘယ်သတင်းမျိုးကို ဦးစားပေးလဲ၊ ကိုယ့်ဂျာနယ်တိုက်ရဲ့ မူဝါဒနဲ့ ဦးတည်ချက်ကို ထောက်ပံ့နိုင်တဲ့သတင်းမျိုးဆိုရင် ရေကုန်ရေခမ်း လိုက် ရတယ်။ သတင်းလိုက်လို့ သတင်းဖြစ်ပြီးဆိုရင် သတင်းရေးသားနည်း ရှိတယ်။ သတင်းရေးသားနည်းကိုသုံးပြီး စနစ်တကျ ရေးသားတင်ပြရ တယ်။ ကိုယ့်အရေးအသားမဟုတ်ရင် အယ်ချုပ် (အယ်ဒီတာချုပ်) က ဖြင်တယ်။ လိုရင်ဖြည့်တယ်။ သတင်းပိုင်း လုံးဝ ကလီးယားဖြစ်သွားမှ ဂျာနယ်စာမျက်နှာပေါ် တင်ရတာမျိုး"

"အဲလိုဆိုတော့လည်း သတင်းတစ်ပုဒ် စာမျက်နှာပေါ်ရောက်ဖို့ အတော်လုပ်ရတာပဲ"

"ဟုတ်တယ်၊ ဒါကြောင့် ငါတို့သတင်းသမားတွေက ငါတို့ ဂျာနယ်တိုက်အတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေရတယ်။ ထောက်ချုပ် က ဘယ်သူ ဘယ်သတင်းလိုက်ဆို လိုက်ရတယ်"

"ဒီနေ့ ဘာသတင်းလိုက်ဖို့ရှိလဲ"

"ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး CSO (အရပ်ဘက်အဖွဲ့ အစည်း) ... မီဒီယာနဲ့ လွှတ်တော်ကော်မရှင် တွေ့ဆုံဆွေးနွေးပွဲ ရှိ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ၊ ငါ လိုက်လို့ရလား"

"ရတာပေါ့ ... ရွေးကောက်ပွဲဆိုတာ ပြည်သူအားလုံးနဲ့ ဆိုင်တယ်။ စိတ်ဝင်စားရင် ဘယ်သူမဆို လေ့လာသူအဖြစ် တက်ရောက်လို့ရတယ်လေ"

"အိုကေ ... ငါ လိုက်ခဲ့မယ်။ ဘယ်အချိန်လဲ"

"ဆယ်နာရီတိတိ၊ ကဲ ... ကော်ဖီသောက်ဦး"

သူမ ကော်ဖီခွက် သူ့ရှေ့ချပေးရင်း စကားလက်စသတ်လေသည်။

သူကလည်း ဗိုက်ပြည့်သွားပြီမို့ ကော်ဖီကို လက်စသတ်သောက်ရင်း ထိုစကားလုံးကို ရေရွတ်မိ၏။

"ရွေးကောက်ပွဲ" တဲ့။

တကယ်တော့ ...

ရွေးကောက်ပွဲဆိုတာ နိုင်ငံရေးတစ်ခုတည်းအတွက် အကြီးဝင်တာမှ မဟုတ်တာ။ နှလုံးသားရေးရာမှာလည်း ရွေးကောက်ပွဲရှိတာပဲ။

ဟုတ်တယ်။

သူ့နှလုံးသားအတွက် သူ ရွေးကောက်ရမယ်။

ရွေးကောက်နိုင်ဖို့ကိုလည်း လေ့လာရမယ်။





နိုင်ငံရေးဖြစ်ဖြစ်၊ နှလုံးသားရေးဖြစ်ဖြစ် လေ့လာပြီးမှ ရွေးကောက်မှသာ အကောင်းဆုံးကို မျှော်လင့်နိုင်မည်ဟု တမန်သစ်မိလေသည်။

ထို့ကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တမန်သစ် တွေးမိရင်း ပြုံးဖြစ်သလို ရင်ထဲမှာလည်း မွှေး

ခေါ်ဆိုဖြစ်၏။

သို့သော်လည်း ထိုနာမည်လေး ခေါ်လို့မဆုံးသေးပါ။

"သားလတ် . . . ဒီမှာ"

ခေါ်သံနှင့်အတူ သူ့အခန်းထဲ မာမီရောက်လာသည်။ ထို

လက်ထဲမှာကိုင်လာသည့် ဖိတ်စာတစ်စောင်ကို ကမ်းပေးလေသည်

"ဘာလဲ မာမီ"

မွှေ့ရာပေါ် လှဲပြီး ဖုန်းပြောရာပေါ်မှ လျှပ်စီးမပုံလေးကြည့်နေ





မ်းမေးရင်း မွှေ့ရာပေါ်မှ တစ်ပါတည်းထ၏။

"ရော့ . . . ကြည့်"

မာမီက ထိုကတ်ထိုးပေးရင်း မိတာပါဝါအပြည့်ဖြင့် လှည့်ထွက်

သွားသည်။ မာမီ့ပုံစံက ခုတလော သူ့အပေါ် မကြည်သာမှန်း သိသာ

နေသည်။ ဒါကြောင့် ဘာမှ ပြန်မမေးတော့ပါ။ ထိုကတ်လေးကို စာအိတ်

ထဲက ဆွဲထုတ်၏။

"စေ့စပ်ပွဲအခမ်းအနား ဖိတ်ကြားလွှာ" တဲ့။

ဘယ်သူ့စေ့စပ်ပွဲ ဖိတ်စာလဲ။

ဖွင့်ဖတ်လိုက်တော့ မျက်လုံးပြူးခနဲ ဖြစ်သွားသလို မွှေ့ရာထက်

သည်း ငေါက်ခနဲထ၏။ ထို့ပြင် မယုံနိုင်စွာလည်း နောက်တစ်ကြိမ်

ထပ်မိ၏။

စေ့စပ်မင်္ဂလာ အခမ်းအနား ဖိတ်ကြားလွှာတဲ့။

ထိုဖိတ်စာပါ နှစ်ဖက်မိဘနာမည်နဲ့ စေ့စပ်မယ့်သူက သူနဲ့

င်းဒေဝီ။

"ကျွတ်"

ဖိတ်စာကိုကိုင်ပြီး အခန်းထဲကနေ ချက်ချင်း သူ လှမ်းထွက်

သည်။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်လှေကားထစ်တွေပေါ်မှ အပြေးတစ်ပိုင်းနှင့် အောက်ထပ်ပြေးဆင်းရင်း ခေါ်မိသည်။

မာမီ့ဆီမှ ထူးသံထွက်ပေါ်မလာ။

သေချာတာက ကြားလျက်နဲ့ မာမီ မထူးခြင်းဖြစ်နိုင်သည်။ ဒါကြောင့်မှ ဖိတ်စာလာပေးတဲ့မာမီ့မျက်နှာက မိခင်ပါဝါနဲ့ တင်းနေတာမျိုး။

သူ့စိတ် သူ့သဘောကို သေချာမမေးဘဲ မိဘပါဝါနဲ့ လုပ်တာတော့ သူ လက်သင့်မခံနိုင်ပါ။

ဒါကြောင့် –

"မာမီ"

သူ ထပ်ဆင့်ခေါ်ရင်း မာမီ့အခန်းထဲ တန်းဝင်သွားသည်။ မာမီက မှန်တင်ခုံရှေ့ရပ်ရင်း ညှော်ခံပွဲအတွက် စီစဉ်ထားတဲ့ ချိတ်ဝတ်စုံကို မာမီ့ကိုယ်မှာ ကပ်ရင်း ကိုယ်လုံးပေါ်မှန်ရှေ့ ရပ်ကြည့်နေသည်။

သဘောကတော့ ဒီကိစ္စအားလုံး အဆင်သင့်ဖြစ်နေပြီး တစ်ခွန်းမှ စောဒကမတက်နဲ့ဆိုတဲ့ ပါဝါမျိုးနှင့်။

"မာမီ"

"ဘာလဲ . . . သားလတ်"

မာမီက ကိုယ်ပေါ်ကပ်ထားတဲ့ဝတ်စုံနဲ့ မှန်ကြည့်မပျက်ဘဲ မေး၏။ မှန်တင်ခုံပေါ်ကိုင်ထားတဲ့ ဖိတ်စာပစ်ချရင်း တမန်သစ် ပြောချသည်။





"ဒီစေ့စပ်ပွဲကို ကျွန်တော် လက်မခံဘူးမာမီ"

"လက်ခံတာ လက်မခံတာ သားလတ်အပိုင်းပါ။ ဒါပေမဲ့ မိဘညီအစ်ကိုမောင်နှမနဲ့ အသိုင်းအဝိုင်းမျက်နှာကို ချေးသုတ်ချင်တယ်ဆိုရင်"

"မပြောနဲ့တော့မာမီ"

"ဟွန်း"

မာမီက ကိုယ်မှာကပ်ထားတဲ့ဝတ်စုံကို မှန်မှာ မကြည့်တော့ဘဲ သူ့ဘက်လှည့်လာသည်။

"ဒီမှာ သားလတ်၊ သားလုပ်ရပ်ကြောင့် မာမီတို့မိဘအနေနဲ့ ဘယ်လောက်မျက်နှာပျက်ရလဲဆိုတာ တွေးမိရဲ့လားဟင်"

သူ ခေါင်းရမ်းပြီး ပြန်ပြောဖို့ပြင်သည်။ မာမီက လက်ထဲက ဝတ်စုံကို မွေ့ရာပေါ် ပစ်တင်ရင်း လက်တခါခါနဲ့ ဆက်ပြော၏။

"မာမီတို့စီစဉ်တာ ဂုဏ်သိက္ခာအတွက် တန်ဖိုးရှိရှိ စီစဉ်တာ။ သားတို့ပြန်တာက ကလေးကချေဆန်နေတယ်။ ပြီးတော့ သားကိုယ်တိုင်ပဲ သားသူငယ်ချင်းတွေကို ထုတ်ပြောတယ်၊ လမင်းလေးနဲ့ စေ့စပ်မယ်ဆိုတာ"

"ဘာ . . . ဘယ်လို"

"သားသူငယ်ချင်းတွေနဲ့ သောက်ကြတဲ့ညကလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မာမီ . . . သား ဘာမှ မသိဘူးနော်။ အဲဒီညက သား အမူးလွန်ပြီး ပေါက်ကရတွေ ပြောမိတာမျိုး"

"ဘာကြောင့်ပဲ ပြောပြော၊ သားပြောတဲ့အတိုင်း မာမီစီစဉ်တာ"

"မာမီ"

"သား မာမို့ကိုမအော်နဲ့"

"တောက်"

သူ သည်းမခံနိုင်အောင် ဒေါသဖြစ်လို့သွားသည်။ မာမီက လက်တစ်ဖက်ခါးထောက်ပြီး သူ့ကို စိမ်းစိမ်းစူးစူးကြည့်သလို ကျန်လက်တစ်ဖက်ကလည်း သူ့မျက်နှာတည့်တည့်လက်ညှိုးထိုးလေသည်။

"သားလတ် . . . မိဘကို တောက်ခတ်ရလောက်အောင် မိုက်ရိုင်းလွန်းတဲ့သားမျိုးကို မိုက်ကြောအနာခံပြီး မာမီ မွေးခဲ့ရတာ နောင်တရမလိုတောင် ဖြစ်လာပြီး သိရဲ့လား"

"မာမီ သားကို တစ်ခွန်းဖြစ်ဖြစ် ထုတ်ပြောသင့်တယ်"

"သားရောက်ကတည်းက မာမီ ပြောပြီးသား။ လမင်းလေးနဲ့ တွေ့ခွင့်ရအောင်လည်း မာမီစီစဉ်ပေးတယ်။ အဲဒါကိုပဲ သား စိတ်နဲ့ သားလုပ်ချင်ရာ လုပ်တယ်။ ပြောချင်ရာ ပြောတယ်။ သားလုပ်တိုင်း သားပြောတိုင်း မာမီတို့ ဥပေက္ခာမပြုနိုင်ဘူး။ ဒါ ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ကိစ္စ မိသားစုတန်ဖိုးနဲ့ ရင်းနှီးပြီးလုပ်ရတဲ့ကိစ္စ။ အဲဒီအတွက် သား စောဒက





တက်ခွင့် မရှိဘူး။ ဒါ . . . မာမို့အမိန့်။ သားဒယ်ဒီရဲ့ဆန္ဒ၏ သားညီအစ်ကို မောင်နှမတွေရဲ့ အာသီသပဲ။ အဲဒါကိုတော့ သားရဲ့ခေါင်းနဲ့ ရင်ဘတ်ထဲ သည့်ပြီး ခံစားဖို့လိုတယ်။ သားတစ်ယောက်ကြောင့် တစ်မိသားစုလုံး မျက်နှာပျက်အောင် မကြိုးစားနဲ့သားလတ်"

မာမီ စကားမဆုံးခင် သူ အံတင်းတင်းကြိတ်ကာ ချာခနဲ လှည့်ထွက်ခဲ့သည်က ဘယ်လိုမှ လက်သင့်မခံနိုင်စွာ။

"တောက်"

တမန်သစ် ခြေလှမ်းတွေ ဦးတည်ရာမဲ့ကျသွားသည်။

သူ့စိတ်သူ့သဘောနဲ့ လားရာမတူတဲ့ သူ့မိသားစုရဲ့ အစီအမံ။

သူ့ဘက်က ခေါင်းငုံ့ခံလိုက်လျှောရမလား။

ပြောကြစမ်းကွာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟဲ့ . . . သေချာကြည့်ပါဦး"

လမင်းဒေဝီက ရေသူမပုံ ကိုယ်နဲ့အတိအကျပ် ချုပ်ထားတဲ့ ဆင်စွယ်နှစ်ရောင်ဂါဝန်လေးကို ဝတ်ထားပြီး သူငယ်ချင်းများကို ဝိုင်းဝန်းကြည့်ခိုင်း၏။

သူငယ်ချင်းသုံးယောက်ကလည်း လမင်းဝတ်ကတည်းက ကြည့်နေကြတာပဲလေ။ အဲဒါကိုပဲ လမင်းက အားရဟန်မတူ၊ ထုတ်ပြောလေသည်။ မေရတီနဲ့ ကံလျာလေးက လမင်းအလိုအတိုင်း ပျာပျာသလဲ ပြော၏။





"သေချာကြည့်နေပါတယ် သူငယ်ချင်းရယ်"

"ဘယ်နေရာလိုလဲ ပြောဦးဟ"

"မလိုပါဘူး"

"အဟင့်"

သွင်သွင့်ရယ်သံလေး မထိန်းနိုင်ဘဲ ဟင့်ခနဲ ခုန်ထွက်သွားသည်။ လမင်းနဲ့အတူ မေရတီတို့ သွင်သွင်ကို ငဲ့ကြည့်၏။

သွင်သွင်က ဆိုဖာခုံပေါ်အကျအနထိုင်၍ နေကြာစေ့ ဖောက်ဖောက် ခွာစားရင်းနေတာက လမင်းကို အသံတိတ် ဝေဖန် သလိုလိုရယ်။

"ဘာရယ်တာလဲ သွင်သွင်"

"ရယ်စရာလားလို့"

"ဟွန်း . . . ရှင့်ပုံစံက လမင်းကိုမကြည့်သလို ဘာလိုလိုနဲ့"

"ဘာဆိုင်လို့လဲ သူငယ်ချင်းရယ်"

"သိဘူးလေ . . . ရှင့်ပုံစံက လမင်း ဒီဂါဝန်လေးဝတ်ကြည့် ကတည်းက ဝိုင်းမကူဘူး၊ နောက်ပြီး မျက်မှောင်လေးကုတ်ပြီး ကြည့်နေရုံမက နေကြာစေ့ပါ တဖျောက်ဖျောက်စားနေတာလေ"

"လမင်းရယ် . . . ရှင်ဟာလေ တကယ်ပဲ ကလေးဆန်လွန်း တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

"ရှင် အဲဒီဂါဝန်ဝတ်ကြည့်နေတာ ဆယ့်နှစ်ခေါက်မကတော့ဘူး"

"အဲ"

သွင်သွင် အားမနာတမ်းပြောချလိုက်တော့ လမင်းဒေဝီ န ခက်ခက်လေးဖြစ်ကာ ခြေကလေးဆောင့်လျှင် မင်းသမီးလေးနှယ် ကြည့်လို့ကောင်းသွားသည်။

"ဟုတ်သားပဲ"

ခုန မေရတီနဲ့ ကလျာလေးလည်း အသံတိုးတိုးလေးနှင့် ထောက်ခံရှာသည်။ လမင်းက စိတ်ဆိုးကာ ဆိုဖာပေါ်ဆောင့်အောင့်ထိုင်ချလိုက်သည်။

ထိုအခါ သွင်သွင်က လက်ခုပ်လေးတီး၍ ရယ်မောလေပြီး-

"လမင်းရယ် ... ရှင်နဲ့ အဲဒီဂါဝန်က လှလည်းလှတယ်၊ လိုက်လည်း လိုက်တယ်။ ဘယ်နေရာမှ လိုအပ်တာမရှိဘူး။ လှက်ရာကလည်း ရှယ်ပဲ။ ပိုးသားအိအိလေးပေါ်မှာ စိန်ပွင့်အစစ်တွေကို ပလက်တီနမ် နန်းကြိုးဆွဲပြီး ချိတ်တွယ်ထားတာကအစ ဆွဲဆောင်မှုရှိနေတယ်။ အောက်ပိုင်းကိုလည်းကြည့်ဦး၊ ရေသူမအမြီးလေးလို နှစ်ခွဖြစ်ပြီး ကားနေပုံလေးက ဘယ်သတို့သမီးလောင်း ဝတ်တာ မြင်ဖူးလို့လဲ။ ဒီလောက်





ခိုင်းဆန်းပြီး စိန်ပွင့်အစစ်မံထားတဲ့ဂါဝန်မျိုး ဝတ်နိုင်ဖို့ဆိုတာ တော်တန် ရုံပါရမီရှင် မဟုတ်ဘူး။ ရှင်မို့လို့ အဲဒီလောက်တန်ဖိုးကြီးတဲ့ဂါဝန်ကို ဝတ်ခွင့်ရတာလေ၊ မဟုတ်ဘူးလား"

သွင်သွင်ပြောလို့မဆုံးခင် လမင်းဒေဝီက မျက်စောင်းလှလှ ထိုး၏။ မေရတီနဲ့ကလျာလေးက ပခုံးလေးနှစ်ဖက် စုံပင့်ကာ လမင်းကို ငိုင်းကြည့်သည်။

လမင်းက ဝတ်ထားတဲ့ဂါဝန်လေးကို မလုံမလဲ ငုံ့ကြည့်ပြီး နှုတ်ခမ်းလေးစူပြီ ပြောချသည်။

"အိုး ... လိုအပ်တာရှိရင် ပြင်တန်ပြင်၊ အစားထိုးတန်ထိုးလို့ ရအောင် မေးတာ။ ရှင်က ခနဲ့သလိုပြောတော့ လမင်းတင်းတာပေါ့"

"ခနဲ့သလို ... ဟင့် ဟင့် ဟင့်"

သွင်သွင်ရယ်မောလျှင် လမင်းဒေဝီ ဆိုဖာပေါ် ထိုင်နေရာမှ ဝုန်းခနဲထပြီး ခြေထောက်ဆောင့်၏။

"အဲဒါပဲ လမင်းရယ်၊ ရှင်ဟာလေ လမင်းဒေဝီ ကျောက်မျက်ရတနာအရောင်းစင်တာရဲ့ ပိုင်ရှင်မိန်းကလေး မဟုတ်သလိုပဲ။ ရင့်ကျက်မှု နည်းလွန်းပြီး ကလေးဆန်တာများနေတာမျိုး၊ အဲဒါကြောင့်"

"ဟင် ... အဲဒါကြောင့် ဘာဖြစ်လဲ ပြောစမ်း"

သွင်သွင် စကားဖြတ်လိုက်ပြီး နေကြာစေ့တစ်လုံးကို ဖောက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြည်အောင် ရှေ့သွားနဲ့ကိုက်လိုက်တော့ လမင်းဒေဝီ ဆတ်ဆတ်ထိမခံ ဖြစ်သွားသည်။

သွင်သွင် အနားရှိ ဆိုဖာလွတ်မှာ ဝုန်းခနဲထိုင်ချသလို သွင်သွင့် လက်မောင်းကိုလည်း လှုပ်ခါ၍လည်း မေးပြန်သည်။

"ပြောစမ်း ... သွင်သွင်၊ အဲဒါကြောင့် ဘာဖြစ်တာလဲ"

သွင်သွင်ပြောလိုက်ရင် မယ်မင်းကြီးမ ပိုပြီးပေါက်လိမ့်မယ်။ ဒါကြောင့် ဟန်မပျက်ရယ်ချရင်း –

"အလကားပါ"

"ဘာအလကားလဲ ... ပြောစမ်း ပြော"

လမင်းဒေဝီကလည်း ဖွတ်။ မေရတီနဲ့ ကလျာလေးက ကြား ထဲက လမင်းကို အားနာရသလို သွင်သွင် ဘာပြောမလဲဆိုတာလည်း သိချင်မိသည်။

ဒါကြောင့် ...

"ကဲပါ ... ပြောစရာရှိတာ ပြောပါလား သွင်သွင်ရယ်"

"အိုး ... သွင်ပြောလိုက်တာနဲ့ လမင်း ဝုန်းဒိုင်းကြဲနေဦး မယ်"

"ဘာဆိုင်လဲ ... ပြောစမ်းပါ၊ ပြောစရာရှိတာ ပြောမှပေါ့ ဟဲ့"





လမင်းဒေဝီ အသက်မရှူနိုင်စတမ်း မေးပြန်သည်။ ကျန် ...ယ်ချင်း နှစ်ယောက်ကလည်း သွင်သွင်ပြောမှာကို နားထောင်လိုသည်။ ...သွင်ကိုယ်တိုင်လည်း ရင်ထဲမှာ မြှုပ်နှံမထားချင်ပါ။

ဒါကြောင့် နည်းနည်းချောမွေ့နေသော လမင်းမျက်နှာလေးကို ...ကြည့်၍ ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်၏။

"အဲဒါကြောင့် တမန်သစ်က လမင်းကို စိတ်မဝင်စားတာလေ"

"ဘာ"

လမင်းဒေဝီ ဝုန်းခနဲ ခုန်ထ၏။ မေရတီနဲ့ကလျာလေးက ပါးစပ် ...ဟ်အပွင့်သားနှင့် မျက်လုံးပြူးပြီးကြည့်၏။

သွင်သွင်မှုဟန်ကတော့ ဘာမှပြောင်းလဲမသွားပါ။

ရင်ထဲရှိသလို ထုတ်ပြောလိုက်ရလို့ ပေါ့ပါးသွားသလို ဖြစ်ကာ ...ကြာစေ့ ခွာစားမပျက်ဟန်အတိုင်း ရှိလေသည်။

"ကျွတ် ... ပြန်ပြောစမ်း သွင်သွင် ... ပြန်ပြောစမ်း၊ တမန် ...က လမင်းကို စိတ်မဝင်စားတာ၊ ဟုတ် ... ဟုတ်လား"

သွင်သွင်က စားပွဲပေါ်က ရေသန့်ဘူးငယ်လေးရဲ့အဖုံးကို ဖွင့် ...း လမင်းကို ထိုးပေးလိုက်သည်။

"ရေသောက်လိုက်ဦး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



လမင်းဒေဝီ ဗို၌ ဆွေ့ဆွေ့ခုန်သွားလျှင် ဂါဝန်အလှလေးများ ဆင်မြန်းထားတဲ့ စိန်ပွင့်တွေ လက်သွား၏။

မေရတီတို့က ရင်ဘတ်ဖိလျက် ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေသည်။ ရေဘူးကိုင်ထားတဲ့သွင်သွင်က ဟန်မပျက် ရေဘူးလေး ပေးပြီး တစ်ကျိုက်သောက်၏။

"သွင်"

လမင်းဒေဝီ သည်းမခံနိုင်တော့ပါ။ သွင့်ပခုံးနှစ်ဖက်ကို ဆွဲကိုင် လှုပ်ခါလေသည်။ သွင်က ရေသောက်နေလို့ ရေနင်သွားသလို ရေဘူးထဲ က ရေတွေ လှုပ်ခါဖိတ်စင်သွား၏။

"အဟွတ် ဟွတ် . . . လမင်း ရှင်ဖယ်စမ်းပါ။ ဒီမှာ ရေနင်သွား ပြီဟ . . . အဟွတ် ဟွတ်"

သွင်သွင်ပြောဆိုရင်း လမင်းကို ဖယ်ပစ်၏။ အားပါသွားသလား မသိဘူး၊ လမင်း အရှိန်မထိန်းနိုင်ဘဲကျလျှင် –

"အို . . . လမင်း"

မေရတီနဲ့ကလျာလေး ကမန်းကတန်း ဝင်ထိန်းရလေသည်။

"တော်ပါတော့သွင်ရယ် . . . ရှင် ဘာမှမပြောနဲ့တော့"

ကလျာဝ်လေးက လမင်းကို ဖေးမလျက်သားနှင့် သွင်သွင့်ကို မျက်စောင်းမထိုးရုံတမယ် ဟန့်တားလေသည်။





သွင်သွင်ကလည်း သွင်သွင်ပဲ။

ပြောမိပြီးသားစကားကို ဘရိတ်အုပ်ထားလို့မရဖြစ်ကာ–

"စောစောကတည်းက မပြောဘဲနေတာ၊ ရှင်တို့ပဲ ဖွတ်ပြောနိုင်းတာလေ။ ဒါကြောင့် သွင်သွင်ပြောဖြစ်တာ။ ပြောဖြစ်တာကလည်း သွင့်စိတ်ထဲက သိနေတဲ့အတိုင်း ပြောလိုက်တာ။ မယုံရင် တမန်သစ်ကို ရှင်တို့မေးကြည့်ပါလား။ လမင်းကို စိတ်ဝင်စားလားလို့"

"တောက်"

လမင်းဒေဝီ လုံးဝပေါက်ကွဲချေပြီ။ သူငယ်ချင်းနှစ်ယောက် ဆေး၍ ထိန်းသည့်ကြားထဲက ရှန်းထွက်ကာ စားပွဲပေါ်ရှိ အလှပန်းအိုးကို ဆွဲယူပြီး ပစ်ပေါက်၏။

"ခွပ်"

"အား"

သွင်သွင့်နဖူးစောင်း၌ ပန်းအိုးထိပ်နဲ့ထိမိလျှင် သွင်သွင့်နဖူး စောင်း ကွဲရှကာ သွေးစိမ်းတို့စီးကျလာသည်။

သွေးရဲရဲမြင်ရတော့ သွင်သွင် ရင်ထဲမှာ ခံပြင်းလေပြီ။

"လမင်း ရှင့်ကိုယ်ရှင် ဝန်ကြီးသမီးဆိုပြီး မထ္လာပ်တိုင်တက်မနေ နဲ့ ရှင့်ကို ဟိုက စိတ်ဝင်စားတာမဟုတ်ဘူး။ မယုံရင်စောင့်ကြည့်လိုက် ရှင်နဲ့တမန်ရဲ့စေ့စပ်ပွဲနေ့ဟာ ရှင် မျက်ရည်ကျတဲ့နေ့ ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . သွင် သွင်"

သွင်သွင် စကားမဆုံးခင် လမင်း ဒေါသတကြီး တောက်ခေါ် ရင်း သွင်သွင့်ကို ဝင်လုံး၏။

"လမင်း"

"လမင်း"

သူငယ်ချင်းနှစ်ယောက် အလယ်ခေါင်မှာတွဲကာရင်း လုံးလုံးထွေး ထွေးဖြစ်ကုန်သည်။ သွင်သွင်က လမင်းကို ပြန်တွန်းလျှင် သွင်သွင့်နား ကွဲရာမှ သွေးစက်တွေ သွင်သွင့်ဂါဝန်လုလုပေါ် လွင့်ကျကုန်သည်။

"ဟဲ့ ဟဲ့ . . . တော်ပါတော့ဟယ်"

"သွင်သွင် ရှင်ပြန်တော့"

သူငယ်ချင်းနှစ်ယောက်က သွင်သွင့်ကို တွန်းပစ်၏။

"အညတြမ"

လမင်းဒေဝီက သွင်သွင့်ကို အညတြမ ခေါ်ရင်း ကြိတ်ဆဲ၏။ သွင်သွင်က နဖူးထက်က သွေးစက်တွေကို လက်ချောင်းတွေနဲ့သရင်း ခါပစ်၏။ ထိုသွေးစက်တွေက သူငယ်ချင်းသုံးယောက်လုံးဆီသို့ လွင့်ကျ ၏။

"ဒီမှာ လမင်း . . . ငါ့ခန္ဓာကိုယ်ထဲက သွေးစက်တွေ ထွက် သလို နင်လည်း တန်ပြန်ခံစားစေရမယ်။ မယုံရင်စောင့်လိုက်။





သွင်သွင်မာပြောရင် ဘယ်တုန်းက လွဲခဲ့လို့လဲ။ မယုံရင်စောင့်ကြည့် လိုက် . . . ဟင့် ဟင့် ဟင့်"

သွင်သွင်ပြောဆိုပြီးထွက်သွားလျှင် လမင်းက စားပွဲခုံကို ဆောင့် ကန်လိုက်၏။ ညှော်ခံစားပွဲငယ်လေး လွင့်ကျကာ စားပွဲပေါ်မှ သွင်သွင် စားလက်စမုန့်ထုပ်နဲ့ နေကြာစေ့တွေနဲ့ နေကြာစေ့ခွံတွေ လွင့်ထွက်စင် ကုန်ပြီ။

"တောက် သွင်သွင်၊ အညတြ။ ---- မ၊ ---- မ။ ငါ့ကို ပြောတဲ့ ပါးစပ်အနူကျပါစေ၊ တောက်။ သွား ရှင်တို့လည်း ထွက်သွား . . . သွား သွားကြ"

သွင်သွင်ဘက်ကိုပုံကျနေတဲ့ ဒေါသ မေရတီတို့ဆီ ကူးစက်သွား သည်က ရှက်စိတ်တို့ လွှမ်းကဲစွာ။

"သွား . . . သွားကြ"

မေရတီနဲ့ ကလျာလေး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ နောက်ဆုံးတော့လည်း လမင်း အလိုကျ လှည့်ထွက်ခဲ့ရသည် ဘာ ရင်မှာ မချမ်းမြေ့စွာ။

လမင်းရယ် . . . ရင်မှာ ထိတ်ရတယ်ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟုတ်တယ်ကွ . . . တကယ့်ကို ရင်တထိတ်ထိတ်"

"ကိုယ်လည်း အဲဒါပဲ တွေးနေရတာကွ"

အလင်းနဲ့ကောင်းကျော် ပြောတာကို နားထောင်နေရင်း မိုးစျာန်နဲ့နှိုင်းနှိုင်းလည်း ရင်ထိတ်ရလေပြီ။

"တမန် ဘာပြောသေးလဲ"

အားလုံးအတွက် ကော်ဖီငွဲ့ထည့်ပေးနေရာမှ ရွှေမော်မော် ဝင်မေးလေသည်။

"အရေးကြီးတာ တမန်စိတ်ပဲ"





သီရိဟေမာလည်း မနေသာ ဝင်ပြောရပြန်သည်။

"ဒီအချိန်မှာ တမန့်စိတ်ထက် နှစ်ဖက်မိသားစုရဲ့ ဂုဏ်သိက္ခာက ပိုပြီးအရေးကြီးတယ်ဟ"

နှိုင်းနှိုင်းပြောတာကို နီနီခရမ်းနဲ့ သန္တာချိုချိုကလည်း အလေးအနက်ထောက်ခံကြသည်။

"ဟုတ်တယ် နှစ်ဖက်မိသားစုသိက္ခာ"

"ဘာလဲဟ . . . သိက္ခာတွေ ရိက္ခာတွေဆိုတာ"

နားစွန်နားဖျားကြားရုံနှင့် သွက်သွက်ကလေးမေးရင်း ညော်ခင်းထဲရောက်လာတဲ့ ဓွေး။

ဓွေးကိုမြင်တော့ သူငယ်ချင်းအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"လာ လာ ဓွေး"

ရွှေမော်မော်က ဓွေးကို ကြိုဆိုသလို လက်ဖျားလေးဆွဲယူလိုက်သည်က သူငယ်ချင်းအားလုံးထက် ကြွေရစ္စာ။

"ထိုင်လေ ဓွေး"

"ထိုင်မှာပေါ့၊ နေပါဦး အားလုံး ခေါင်းချင်းဆိုင်နေကြတာဆိုတော့ အတင်းပြောကြဖို့ မဟုတ်လား"

"အေးပါ လျှပ်စီးမရှာ၊ အတင်းအဖျင်းအားလုံး ပြောမယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဦး ကော်ဖီသောက်ဦး"

"အမယ် ... ကော်ဖီပဲလား ကောင်းကျော်ရော။ လက်ဖက်သုပ်လေး,ဘာလေး မပါဘူးလား။ ဟဲ့ နီနီ ... စကားပြောဦးလေ၊ နင်တို့ကလည်း"

"ဩော် ... အေး"

"ဟောဒီမှာ ကိတ်မုန့်ခြောက်ရှိတယ်"

စွေး လောဆော်ကာမှ သူငယ်ချင်းတွေ ကူနွေ့ဆည်ကာ -

"နေဦး ... လက်ဖက်လည်းသုပ်ပေးမယ်"

"တခြား ဘာစားချင်သေးလဲ"

အားလုံး တစ်ယောက်တစ်ခွန်း ဝိုင်းမေးရင်း စကားဝိုင်းပြန်ပြီး ဆူညံသွားသည်။

စွေးက လွယ်ထားတဲ့သားရည်အိတ်ကိုချွတ်ရင်း ထိုင်ခုံလွတ်မှာ ထိုင်ချသည်။

"ဒါနဲ့ နင်တို့ ခုနကပြောနေတဲ့စကား ဆက်ပြောဦးလေ ငါလည်း နင်တို့နဲ့ ဝင်ပြီး အတင်းတုပ်လို့ရအောင်ဟဲ့"

လှျှပ်စီးမက သူတို့အားလုံး ပြောနေကြတဲ့စကားကို ပြန်ဆက်ဖို့ စကားလမ်းကြောင်းလေသည်။

သူငယ်ချင်းအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်





ငြိမ်သက်သွား၏။ ဒီကိစ္စ လျှပ်စီးမကို ပြောသင့် မပြောသင့်။

"ဟဲ့ ... နင်တို့တွေ ဘယ်လိုဖြစ်နေကြတာလဲ။ ပြောကြလေတာ။ ငါ့အတွက် ကော်ဖီခွက်ပေးဦး"

လျှပ်စီးမက ထိုသို့နှုယ် ပြောဆိုရင်း ကော်ဖီခွက်တောင်းလေသည်။

သန္တာချိုချိုက သူမ ကော်ဖီပန်းကန်ကို စွေးရှေ့ချပေးလိုက်သည်။

"ကဲ ... ပြောကြလေ။ ငါ ကော်ဖီသောက် မုန့်စားရင်း နားထောင်မယ်။ ဗိုက်အရမ်းဆာနေတာဟ၊ နင်တို့ ဖုန်းဆက်ခေါ်တဲ့အချိန်က ငါတို့ တစ်ခုခုစားဖို့ အသုပ်ဆိုင် ချိတက်နေကြတာ။ နောက်ကျနေမှာစိုလို့ အသုပ်ဆိုင်မထိုင်ဘဲ နင်တို့ဆီ တန်းလာတာ။ ဒါကြောင့် ဆာနေပြီ၊ ဟန်မဆောင်နိုင်တော့ဘူး။ စားတော့မယ်၊ နင်တို့ ပြောစရာရှိတာ ဆက်ပြော"

လျှပ်စီးမက နဂိုကတည်းက ထိုသို့နှုယ်။ ရင်ထဲရှိသမျှ ထုတ်ပြောတတ်သလို ဟန်ဆောင်ခြင်းလည်း ကင်း၏။

သူမစကားအတိုင်းလည်း သူမတည်ကာ ပြောတဲ့အတိုင်း မုန့်ခြောက်နဲ့ကော်ဖီကို စားသောက်လေပြီ။

"မင်းပဲပြောကွာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးချာန်က နှိုင်းနှိုင်းကို တံတောင်နဲ့တွက်၍ ပြောခိုင်း၏။ နှိုင်းနှိုင်းက နီနီခရမ်းကို မျက်စပစ်၏။

နီနီခရမ်းက မပြောဘူးဆိုတဲ့ဟန်မျိုးနှင့် မျက်နှာလေး လွှဲ၏။

"ကဲ ... ငါပဲ ပြောမယ်ကွာ"

ကြားထဲကအလင်းပဲ ပြောဖို့ တာဝန်ယူလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စ လျှပ်စီးမကိုဖွင့်ပြောဖို့ သူပဲ စီစဉ်ခဲ့တာ မဟုတ်လား။

ဒါကြောင့် သူပဲပြောမယ်ဆိုတော့ သူငယ်ချင်းအားလုံး စိတ်အေးသွားသည်။ ပြောလိုက်လို့ မျက်စတွေပစ်ရင်းလည်း အချက်ပေးကြလေသည်။

ထိုအခါ အလင်းက လျှပ်စီးမဘက်လှည့်၏။

လျှပ်စီးမက ကော်ဖီခွက်ထဲ မုန့်ခြောက်နှစ်၍ စားလိုက်တာက အားရပါးရရယ်။

"ဒီလို ဈွေးရ"

"အင်း"

"လမင်းနဲ့စေ့စပ်ပွဲကို တမန်လက်ခံပေးဖို့ စည်းရုံးပေးစမ်းပါ"

"ဘာ ... အဟွတ် ဟွတ်"





မထင်မှတ်ဘဲ ကြားလိုက်ရတာမို့ စားသောက်နေတဲ့ဈွေး တီးတုန်သည်။

"ဘာ ... ဘာ"

"ကော်ဖီသောက်လိုက်ပါဦး"

"ရော့ ... ဒီမှာ ရေနွေးကြမ်း"

သူငယ်ချင်းတွေ အလိုက်သိသိနဲ့ ကော်ဖီခွက်ထိုးပေးသူ၊ ရေနွေးခွက်ထိုးပေးသူနှင့် ဈွေးကို အရေးတယူပြုနေကြသည်။

ဈွေးက နီနီခရမ်းကမ်းပေးတဲ့ ရေနွေးခွက်ကို လှမ်းယူ၍ မှုတ်သောက်လိုက်သည်။

ရေနွေးအရသာက ဖန်ရှရှမို့ ခံတွင်းတွေ့သွားပေမယ့် ဈွေးအံ့ဩလွန်းကာ သူငယ်ချင်းတွေကို ဝေ့ကြည့်ပြီး မေးသည်။

"အလင်း ... နင်ပြောတာ ဘာအဓိပ္ပာယ်လဲ။ ရှင်းအောင်ပြောစမ်းပါ"

"ဒီ ... ဒီလိုဟာ ... အန်တီတို့နှစ်ဖက်မိဘတွေက တမန်နဲ့ လမင်းကို စေ့စပ်ပွဲလုပ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ။ အဲဒီပွဲကို တမန်ငြင်းနေတာလေ။ အရေးကြီးတာက စေ့စပ်ပွဲကို တမန် ကျေကျေနပ်နပ်လက်ခံပေးဖို့၊ ဈွေး ကူညီပေးစမ်းပါ"

"ဘုရားရေ"



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးမ ရင်ဘတ်ဖိထားသည်က အတန်ကြာသွားသည်။ သူငယ်ချင်းအားလုံး မျက်နှာတွေကိုလည်း တစ်လှည့်စီကြည့်ရင်း တစ်ခုခုပြောမလို ပြင်သည်။

ထိုအခါ ...

ကောင်းကျော်က လက်ကာဟန့်၍ ပြောသည်။

"ကျေးဇူးပြုပြီး ဇွေး ကူညီပေးစမ်းပါ။ တမန်က နင်သိတဲ့အတိုင်း ခေါင်းမာတယ်။ ငါတို့တွေ ဘယ်လိုမှ ဖျောင်းဖျလို့မရဘူး ဖြစ်နေတယ်။ ဒါကြောင့် နင့်ကို ဖုန်းဆက်ခေါ်လိုက်တာ။ တမန့်ကို စည်းရုံးပေးဖို့ တောင်းဆိုချင်တာ။ နင် ကူညီနိုင်ပါတယ်ဟာ။ တမန်က ငါတို့ပြောတာ လက်မခံပေမယ့် နင်ပြောရင်တော့ ရနိုင်တယ်လို့ ငါတို့ ယူဆတယ်"

"ဟုတ်တယ်ဟယ် လျှပ်စီးမရယ်၊ ကူညီစမ်းပါ"

"သရဲက နင့်စကားဆို လက်ခံတတ်လို့ပါဟာ၊ နော် သူငယ်ချင်း။ ပြီးတော့ ... တမန်က နင်နဲ့ဆို ပိုပြီးပွင့်လင်းတယ်။ လွတ်လွတ်လပ်လပ်ပြောဆိုတယ်လေ။ ဒါကြောင့်ပါဟယ်"

ရွှေမော်မော်နဲ့အတူ သီရိဟေမာတို့ ဝိုင်းဝန်းပြောကြသည်က တမန့်ကို ဇွေးက တာဝန်ယူပြီး ပြောဆိုဖို့။

သူငယ်ချင်းတွေ ဝိုင်းပြောနေကြတော့ ဇွေး ဗိုက်ဆာတာပါ





ဘယ်ဆီရောက်သွားမှန်း မသိသလို ရင်ထဲမှာလည်း ထုံအအဖြစ်သွားသည်။

သူမက တမန့်ကို။

ဘုရားရေ။

ဇွေး ရင်တဒိတ်ဒိတ်ခုန်သွားသလို မလုံမလဲစိတ်နှင့်လည်း ရှိခေသွားလေသည်။

ထို့ကြောင့် ဟန်ဆောင်ပန်ဆောင် မလုပ်နိုင်အောင် စိတ်ထဲမှာ ခံစားရကာ ဘိုင်နေရာမှ ဝုန်းခနဲ ထရပ်မိသည်။

"လျှပ်စီးမ"

သူငယ်ချင်းအားလုံး ပြိုင်တူခေါ်သည်က အားကိုးခြင်းကြီးသွား။

"ဇွေးရယ် ... နင့်ကို ငါတို့ယုံပါတယ်။ ဇာတ်စပ်ပွဲကို တမန်တက်ရောက်ဖို့ နင်ပဲ စည်းရုံးပေးနိုင်မယ်ဆိုတာလေ။ နော် ဇွေး"

နီနီခရမ်းက သူမ လက်ဖဝါးလေးကိုဆွဲယူ၍ တကယ်ပင် လှိုက်လှိုက်လှဲလှဲပြောလေသည်။ ထိုအခါ ဇွေးကိုယ်ဇွေး သတိပေးရလေသည်။

တမန်က ... လမင်းနဲ့။

တမန်က ... လမင်းနဲ့။

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ချွေး ခေါင်းလေးဆတ်ကာ သူငယ်ချင်းတွေရှေ့က ရှောင်ထွက်ခဲ့သည်က လျင်မြန်စွာရယ်။

"ကျေးဇူးပဲ လျှပ်စီးမရာ၊ ရော့ ... ဒီမှာ နင့်အိတ်"

ကောင်းကျော်က စားပွဲပေါ်ရှိ ချွေးအိတ်ကို ကမန်းကတန်း ယူလာပေးလျှင် ချွေး တိတ်ဆိတ်စွာ လှမ်းယူ၍ လှည့်ထွက်ခဲ့သည်က သူငယ်ချင်းတွေကို နှုတ်ဆက်ဖို့ မေ့လျော့ကာ။

ဒါ ဘာကြောင့်လဲ။

ချွေးကိုယ်ချွေး မေးမိလျှင် ရုတ်ခြည်းထပျံသွားတဲ့ ငှက်ငယ်လေးကြောင့် သစ်ကိုင်းလေး တဆတ်ဆတ်လှုပ်ခါသွားသလိုပင်။ သူမ နှလုံးသားသည်လည်း။

✿ ✿ ✿

BURMESE CLASSIC

# အခန်း (၂၀)

"ချွေး"

မာစီဒီးကားအသစ်စက်စက်စက်ကလေးက ထိုးရပ်လာတာတောင် သူမ ဂရုမစိုက်နိုင်။ ဖုန်းကိုပဲ သည်းကြီးမည်းကြီး ပွတ်နေသည်။

တမနက ကားမောင်းသူနေရာမှ ကားမှန်ချရင်း လှမ်းခေါ်မှ သူမခေါင်းလေးမော့လာသည်။ သူ့မျက်နှာ ဘွားခနဲမြင်လိုက်တော့ သူမ မျက်နှာလေး ဝင်းခနဲ ဖြစ်သွားသည်။

"နင့်တွေ့ချင်နေတာနဲ့ အတော်ပဲ။ နင့်ဖုန်းခေါ်မရလို့ ညစ်နေတာ။ Message ပို့လိုက်သေးတယ်၊ ရတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါကြောင့် နင့်ဆီလာခဲ့တာ။ လာလေ . . . ကားပေါ်တက်"

"ကျေးဇူးပဲ၊ အဲ . . . နင့်ကားပေါ် ငါလိုက်စီးလို့ ဖြစ်ပါ့မလား တော်ကြာ"

သူမ အားရဝမ်းသာပြောပြီးမှ ဘာကိုသတိရသည်မသိပါ။ တုံ့ဆိုင်းသွား၏။ ထိုအခါ သူ အားမလိုအားမရဖြစ်ပြီး –

"ကျွတ် . . . လျှပ်စီးမရာ . . . နင်ဟာလေ တစ်ခါခါ တုံးလွန်းတယ်၊ နင် ဘာကိုတွေးပြီး ဘာကိုအလေးထားနေတာလဲ"

"ဒီလိုပဲပေါ့ဟာ"

"မဆိုင်တာတွေ တွေးမနေနဲ့၊ ငါလည်း နင့်နဲ့တွေ့ဖို့ ဖုန်းခေါ်သေးတယ်။ နင့်ဖုန်းက ဧရိယာပြင်ပတဲ့။ နောက်တော့ နင်ပို့တဲ့ Message လေးဖတ်ရတာနဲ့ နင့်ဆီထွက်ခဲ့တာ။ နင့်ဂျာနယ်တိုက်ကိုတောင် ရောက်ခဲ့သေးတယ်"

"တကယ်"

"ဟုတ်ပါတယ်ဆိုနေ၊ နင်တို့တိုက်ကပြောတော့ ခုလေးတင် ထွက်သွားတယ်၊ ဘတ်စ်ကားမှတ်တိုင်ဘက်လိုက်ကြည့်၊ မီနိုင်တယ်ဆိုလို့ ငါလာခဲ့တာ၊ နင်က ဖုန်းကြီးပွတ်နေတော့ ဘယ်မြင်မလဲ"

"သူငယ်ချင်းဆီ အရေးကြီးအီးမေးလ် ပို့နေလို့ပါ၊ ပြီးပါပြီ။





နင်ကလဲ"

"ကဲ ကဲ . . . စကားပြောနေတာနဲ့ ပေရှည်ကုန်ပြီ။ ကားပေါ်တက်"

သူပြောရင်း ကားတံခါး ဖွင့်ပေးလိုက်သည်။ သူမက ကားခေါင်းရှေ့မှပတ်၍ ကားရှေ့ခန်းမှာ သွက်သွက်လေး ဝင်ထိုင်လိုက်သည်။

သူက ကားစက်နှိုးရင်း သူမဘက်ငဲ့ကြည့်၏။ သူမလည်း ငဲ့အကြည့်နဲ့ဆုံလျှင် နှစ်ယောက်သား ပြုံးမိသွားသည်။

ချွေးတစိုစိုဖြစ်နေတဲ့ သူမမျက်နှာပေါ်မှ အပြုံးပွင့်လေးက ပို၍ တောက်ပနေသလားပဲ။

"ကဲ . . . ကားဆရာကြီး ဆွဲတော့လေ၊ ဘာကြည့်နေတာလဲ"

"အိုကေ . . . လျှပ်စီးမ၊ ကားဆရာကြီးဆွဲပြီ"

သူတို့နှစ်ယောက်ကြားမှ စကားလုံးတွေက ကျောင်းတုန်းကအတိုင်း လွတ်လပ်ပေါ့ပါးသွားလေပြီ။

သူမောင်းတဲ့ကားလေးအရှိန်နဲ့ ပြေးလွှားနေလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"တောက်"

လမင်းဒေဝီ တောက်ခတ်ကာ ကြည့်လက်စအိုင်ပက်ကို လွှင့်ပစ်လျက်သား ဖြစ်လေသည်။

"ချလွမ်း"

"အဲ"

"ဟဲ့ . . . အို"

မေရဝတီနဲ့ ကလျာလေး အထိတ်တလန့်ဖြစ်ကာ အိုင်ပက်ကို ပြေးကောက်ခေါ်။





ထို့ပြင် . . . ကွဲရှသလား။ ဘာလား စစ်ဆေးကြည့်ရှုနေသေးသည်။

တော်ပါသေးရဲ့ မကွဲမရှလို့။

ဖွင့်ကြည့်တော့လည်း အကောင်းသား။ အကောင်းသားဆိုပေမယ့် အိုင်ပက်မှာပေါ်နေတဲ့ပုံရိပ်က –

"ဘုရားရေ"

တမန်သစ်နဲ့ ဆွေး။

တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မြူးနေတဲ့ပုံ။ ဒီပုံက လမင်းဒေဝီ အိုင်ပက်ဆီ ဘယ်သူပို့တာလဲ။

သေချာစစ်ကြည့်လိုက်တော့ သွင်သွင်။

ဘုရားရေ။

မေရဝတီနဲ့ ကလျာလေး ဒုတိယအကြိမ် ဘုရားတကာ ကမန်းတတန်း စာအုပ်တွေ၊ ဖိုင်တွေနဲ့ အိုင်ပက်ကို ဖုံးဖိလိုက်တာက လျင်မြန်စွာ။

လမင်းကိုကြည့်လိုက်တော့ တောက်တခတ်ခတ်နဲ့ မျက်လုံးမှာ အစိမ်းရောင်လှိုင်းတွေ တောက်ပနေသည်။

ထိုနေ့ကတည်းက သွင်သွင် ကျောက်မျက်ရတနာအရောင်းဆိုင် ခန်းမသို့ မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သွင်သွင်မလာလို့ တစ်မျိုး စိတ်အေးရပေမယ့် သွင်သွင်က ဒီပုံပို့ရင်း အဝေးက တိုက်ခိုက်နေပြန်သည်။

သွင်သွင်တိုက်ခိုက်လေ လမင်းဒေဝီက ပေါက်ကွဲလေ။

ခုလည်းကြည့်။

အလုပ်စားပွဲပေါ်က ပစ္စည်းကိရိယာတွေကို လမင်းဒေဝီ ဆွဲလွှဲပစ်နေပြီ။

ဒါတင်မက ရုံးခန်းထဲ တောက်တခေါက်ခေါက် လမ်းလျှောက်ရင်း ဗျာများနေသည်။

လမင်းစိတ်ကို သိနိုင်သည့် မေရတီနဲ့ကလျာလေး တစ်ခုခုဝင်ပြောဖို့ ဆုံးဖြတ်မနိုင်ဖြစ်၏။

"တောက်"

ဒါ ...သက်သက်မဲ့ လမင်းကို ရွဲ့တာ၊ ဒဏ်ပြန်တာ ဟုတ်တယ်လေ ... ဒင်းက။

"တောက်"

ထိုတောက်ခေါက်သံနောက်မှာ အသံတချို့ကို ပြန်ကြားယောင်မိသည်။

"လမင်း ...မင်းနဲ့ကိုယ် စေ့စပ်ပွဲကိစ္စနဲ့ပတ်သက်ပြီး စကားနည်းနည်း ပြောချင်တယ်ကွ"





"ရတယ်လေ ... ရုံးခန်းကိုလာခဲ့"

"ဖုန်းနဲ့ပဲပြောမယ်"

"ရုံးခန်းမှာပဲ တွေ့မယ်၊ ဒါပဲ ကိုတမန်သစ်"

လမင်း ယတိပြတ်ပြောပြီး လမင်းဖုန်းပိတ်ပစ်ခဲ့သည်။

ဟုတ်တယ်လေ။

မကြာခင်ရက်ပိုင်းအတွင်း စေ့စပ်ပွဲကျင်းပတော့မယ့် နှစ်ယောက်သားအကြားမှာ တစ်ခုခုပြောဖို့ ရှိတယ်ဆိုရင် မျက်နှာချင်းဆိုင်ပြောကြတာက ပိုပြီးဖြစ်သင့်သည်ဟု လမင်း ယူဆသည်။

ဒါကြောင့်လည်း လမင်း ဒီနေ့ ရုံးခန်းကို စောစောရောက်ကာ စောင့်နေခဲ့သည်။

မဖြစ်မနေ သူရောက်လာမယ်ဟုလည်း လမင်း အနိုင်အမာ ယူဆထားသည်။

ကြည့်စမ်း။

ခုတော့ တကယ်ရောက်လာသည်က ဓာတ်ပုံတချို့။

ပို့တဲ့သူက သွင်သွင်။

နေပါဦး။

ဒင်းနဲ့သူက ဘာလဲ။

ကားပေါ်တွဲလျက်ဆိုတော့ တစ်နေရာရာကို သွားကြမလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် လမင်းချိန်းဆိုတဲ့အတိုင်း ရုံးခန်းကိုလာဖို့လား။

ထိုမေးခွန်းနောက်မှာ လမင်း ဝေခွဲရခက်စွာ ဘာလုပ်လို့လုပ်ရကောင်းမှန်း မသိအောင် ဗျာများသွား၏။

အကယ်၍ လမင်းချိန်းဆိုတဲ့အတိုင်း လမင်းရုံးခန်းကို ရောက်ခဲ့ကြရင် –

“ဟင့်အင်း”

မဖြစ်ဘူး။ ဆွဲလွဲပေါက်ထားလို့ သူမ ရုံးခန်းလေး ပွလန်ကြီးနေသည်။

ဒါကြောင့် မေရတီကို အမြန်ဆုံး သန့်ရှင်းရေးလုပ်ခိုင်းမိသည်။

“ကျွတ် . . . မြန်မြန်လေး သပ်သပ်ရပ်ရပ်လုပ်စမ်းပါ”

“ဟင်”

အခုပဲ တောက်တခေါက်ခေါက်နဲ့ လုပ်ချင်ရာလုပ်ပြီးပြီ။ ခုတစ်ခါ ဖွထားတာတွေကို ပြန်လုပ်ခိုင်းနေပြီ။

မေရတီတို့နှစ်ယောက်က သွင်သွင့်လို မဟုတ်ပေ။ လမင်းက ဒါဆိုဒါ ဆိုတော့လည်း။

“အေးပါဟ”

“ကလျာက ညွှန်းသည့်အတွက် စားသောက်စရာတွေပြင်ဆင်”

“စိတ်ချ”





လမင်းညွှန်ကြားတဲ့အတိုင်း လုပ်ဆောင်နေရသည်က ရင်ထဲမှာ ရှင်းလင်းစွာ။

လမင်းရယ် . . . ရှင့်ရဲ့ပေါက်ကွဲလွယ်တဲ့စိတ်က ရှင့်ရဲ့သိက္ခာကို ဘယ်အထိ စောင့်မထားနိုင်မလဲ။ သွင်သွင်ပြောသလို ထိုစိတ်ကြောင့် တမန်သစ်က လမင်းကို စိတ်မဝင်စားတာဆိုရင်။

ဘုရား ဘုရား။

ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။

တမန်သစ် စိတ်ဝင်စားပါစေ။

ဒါမှလည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"လာလေ"

သရဖူကွန်ဒိုမီယံ ကားပါကင်မှာ ကားရပ်ပြီးတာနဲ့ သူ ဦးနှ... ကားပေါ်က ဆင်း၏။ သူမကလည်း ကားပေါ်မှ သွက်သွက်ကလေးဆင်းပြီး –

"ဘယ်သွားဖို့လဲ"

"စကားမများနဲ့ လိုက်ခဲ့"

"အောင်မာ ... သရဲနော်"

သူမက မျက်စောင်းထိုး၏။ သူက ရွှင်မြူးစွာ ရယ်မောလိုက်ပြီ...





...တ်လှေကားရှေ့ရပ်ကာ ခလုတ်နှိပ်လိုက်လျှင် စက်လှေကားတံခါးချပ်...သေး ဖျပ်ခနဲပွင့်လေသည်။

"ချွေး ... မြန်မြန်လာ"

ဘယ်ဆီမှန်းမသိလို့ ချွေး ခြေလှမ်းတွေ တုံ့ဆိုင်းနေသည်။ ...ထိုအခါ သူက သွက်လက်စွာ ချွေးလက်တစ်ဖက်ကိုဆွဲပြီး စက်လှေကား ...ထဲသွင်း၏။

"ကျွတ် ... သရဲ"

"သရဲ ... တချွေလုပ်မနေနဲ့ လျှပ်စီးမရာ"

သူက ပြောရင်း စက်လှေကားတံခါးပိတ်သွားလျှင် နံပါတ် တစ်ဆယ်ကို နှိပ်လိုက်၏။ ဓာတ်လှေကားနဲ့ ဆယ်လွှာကိုတက်နေမှန်း ချွေးနားလည်လိုက်သည်။ ဆယ်လွှာမှာ ဘာလုပ်မှာလဲ။ ပြောစရာရှိတာ ပြောကြမယ့်ကိစ္စ။ ဒီလောက်ထိ အပေါ်တက်နေဖို့မလို။

ခုတော့ သူက ချွေးကို တပြုံးပြုံးနဲ့ ငုံ့ကြည့်နေလျှင် ချွေး နေရခက်စွာ အနားမှာရှိနေတဲ့ သူ့ကိုယ်ကို တတောင်နဲ့ တွတ်လိုက် ၏။

"အား ... နင်တော်တော် လက်သွက်သားနော်"

"သွက်တယ် ... သတင်းထောက်လုပ်စားနေတော့ ပိုသွက်ရ တယ်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ . . . ဒါနဲ့ နှင် ငါနဲ့တွေ့ချင်တာက"

သူ စကားစဖော်လိုက်တော့ သူမ မျက်နှာလေးတည်သွား၏။ သူ့ကိုလည်း လေးလေးနက်နက် မော့ကြည့်ရင်း –

"အရေးကြီးတဲ့စကား ပြောချင်လို့"

"အရေးကြီးတဲ့စကား"

"ဟုတ်တယ်"

"ကဲပြော . . . နှင့်ဘက်က အရေးကြီးတဲ့စကား ပြောမယ်ဆိုတော့ ငါလည်း အလေးအနက် နားထောင်ပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ် တမန်ရယ်၊ နှင်နဲ့လမင်း စေ့စပ်ပွဲ"

"ရှူး"

သူမ စကားစရုံရှိသေးသည်။ သူက လက်ညှိုးလေးထောင်၍ ခါပြ၏။ သဘောက မပြောနဲ့ဆိုတဲ့ အပြုအမူမျိုး။

"ငါပြောတာနားထောင်ဦးသရဲရဲ့"

"ရှူး . . . နားထောင်မယ်၊ ခဏ"

စက်လှေကားက ဆယ်လွှာအရောက်မှာ ရပ်တန့်ကာ တံခါးပွင့်သွားသည်မို့ –

"ရောက်ပြီ"

သူခေါ်တဲ့အတိုင်း စက်လှေကားထဲက သူမ ထွက်ခဲ့ရသည်။





အခန်းနံပါတ် တစ်ရာ့လေးရှေ့မှာရပ်၍ သူက အခန်းတံခါး ဖွင့်လေသည်။

"လာ ချွေး"

သူ ဦးဆောင်ဝင်သွားတော့ သူမ နောက်ကလိုက်ဝင်ခဲ့သည်။ ထိုအခန်းထဲ ဝင်လိုက်သည်နှင့် အေးစိမ့်သွားသလို စံပယ်ပန်းရနံ့ချိုချိုမွှေးမွှေးသင်းလာလျှင် ချွေး အားပါးတရ ရှူမိသွားသည်။

ထိုမွှေးရနံ့က ချွေးရဲ့အာရုံကို ကောင်းစွာဖမ်းစားနိုင်ပြီဟု ထင်ရသည်။

"သရဲရေ . . . စပယ်ပန်းရနံ့တွေ မွှေးတယ်နော်။ အနံ့တုလား၊ အစစ်လား"

"အံ့မယ် . . . ငါက နှင့်ကို အတုနဲ့ညှော်ခံပါ့မလား"

"အစစ်ဆိုရင် ဘယ်မှာလဲ စံပယ်ပန်းတွေ"

"နှင်က လက်တွေ့မှယုံမယ်၊ အဲလိုလား"

"ဟုတ်တယ်၊ လက်တွေ့မြင်မှ ငါက ယုံတတ်တာ"

"ဟုတ်ပြီ . . . လက်တွေ့ပြမယ်။ လာ . . . နှင် ဒီနားမှာလာရပ်"

သူက ပြောရင်းဆိုရင်း သူမ လက်မောင်းလေးကို ဆွဲယူကာ မျက်နှာကြက်ရှိ အလှမီးပိုင်းကြီးအောက်မှာ ရပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇွေး ငြိမ်ပြီးရပ်နေလိုက်တော့ သူပြောသည်။

"မျက်လွှာချထား"

"မျက်လွှာချထားရမယ်"

"ဟုတ်တယ် . . . မျက်လွှာလေးစင်းထားလိုက်၊ အိုကေ"

သူမက သူပြောတဲ့အတိုင်း မျက်လွှာလေး စင်းချပြီးမှ မ
မရဲဖြစ်ကာ မျက်လွှာပြန်ပင့်ကြည့်ရင်း –

"သရဲနော် . . . မဟုတ်ကဟုတ်က မလုပ်နဲ့"

"ဇွေးရာ . . . ဒီအရွယ်က ကျောင်းတုန်းကလို ဗရက်ဗရ
လုပ်လို့ ကောင်းတဲ့အရွယ်မဟုတ်ဘူး။ တကယ်လုပ်မှာ။ ကဲ . . . ငါပြေ
သလို မြင်လွှာချထားတာမှ မပြောနဲ့၊ အိုကေ"

နောက်ဆုံးတော့ သူမပဲ သူပြောတဲ့အတိုင်း လိုက်နာရလေ
မြင်လွှာလေးချကာ နှုတ်ဆိတ်နေလိုက်သည်။ ထိုအခါ အေးမြမြလေ
ဖြစ်နေတဲ့ ထိုအခန်းမှာ စံပယ်ရနံ့ချိုတို့ သင်းပျံ့နေသည်က ပိုရှ
စွဲမက်ဖွယ် ကောင်းသလိုခံစား၏။

ထိုခံစားမှုနှင့် တစ်ပြိုင်နက် ဇွေး ခေါင်းထက်မှ စံပယ်ပွ
ကလေးများအား အဆက်မပြတ် လိမ့်ဆင်းလာတဲ့အရသာက ဇွေး
ဖြစ်ကာ စံပယ်ပွင့်တို့ထိခတ်လိမ့်ဆင်းသွားတဲ့ ဇွေးအသားစိုင်လေးမျ
လှုပ်ရှားသွား၏။





"ဟင်"

ဇွေး အံ့ဩလွန်းလို့ မြင်လွှာလေးဖွင့်ကာ မော့ကြည့်လိုက်မိ
သည်။ ထိုအခါ ကြာချပ်ကို ဝန်းရံနေတဲ့ မီးဆိုင်းကြားထဲမှ စံပယ်ပွင့်လေး
များ ဒလဟောကျလာသည်က အဆက်မပြတ်ရယ်။

ဇွေး အံ့ဩလွန်းပြီး သူ့ကိုမော့ကြည့်လိုက်၏။

"သရဲ"

"ဘာလဲ . . . အံ့ဩသွားလား"

"အင်းပေါ့ . . . နေ . . . နေပါဦး။ ဒါ နင်လုပ်ထားတာလား"

"ဟုတ်တယ် . . . နင့်အတွက် ရယ်လုပ်ထားတာ။ စံပယ်ပွင့်
အပွင့်တစ်သောင်းတိတိရှိတယ်"

"ဟဲတော့"

ဇွေး လှိုက်လှိုက်လှဲလှဲချည်း မြူးသွားကာ ဇွေးကိုယ်ပေါ် လိမ့်
ဆင်းလာတဲ့ စံပယ်ပွင့်လေးများကို တယုတယ ဇွေး ပွေ့နေမိသည်။

ဒါ့ပြင် ကျွန်းသားပါကေးပေါ်သို့ သူမ ကိုယ်မှ တစ်ဆင့်လိမ့်
ကျကုန်တဲ့ ပန်းပွင့်လေးတွေကို တယုတယ ကောက်နေမိသည်။

"နင် မှတ်မိလား ဇွေး"

"ဘာလဲဟင်"

"ငါတို့ နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးတဲ့ အထိမ်းအမှတ်ပိန္



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ ချက်စားတဲ့နေ့က''

သူမ မျက်လုံးလေး ဝင့်ခနဲ ဖြစ်သွားသည်။ မျက်ဝန်းမှာလည်း ထိုစဉ်က ပုံရိပ်တို့ထင်လာသည်။

အုပ်စုလိုက် ဈေးဝယ်ပြီး နေ့လယ်စာချက်စားကြတာက မတင် တတတ်နဲ့မို့ ပျော်စရာကောင်းနေသည်။

ဒါ့ပြင် စိတ်ဆိုးချင်စရာနဲ့လည်း ကြုံရသည်။ အထူးသဖြင့် သရဲပေါ့။ ထိုအကြောင်း အစဖော်ပြောနေတဲ့သရဲကို မျက်စောင်းထိုးကြည့်ရင်း –

''မှတ်မိတာပေါ့ သရဲစုတ်ရာ၊ နင့်ကြောင့် ငါ့တစ်ကိုယ်လုံး လက်ဆေးရေတွေ ရွှဲရွှဲစိုကုန်တာလေ။ အဲဒါ နင် တမင်လုပ်တာမဟုတ်လား''

''အဲ ... တမင်လည်း မဟုတ်ဘူး၊ မရည်ရွယ်ဘဲဖြစ်သွားတာ။ ငါက လက်ဆေးရေဇလုံကြီး မ,ပြီးသွန်အပစ် နင်ကလည်း အဲဒီနေရာတ အဖြတ် လက်ဆေးရေတွေ ရွှဲသွားတဲ့ နင့်ပုံစံက ကြွက်စုတ်လေးလိုပဲ ... ဟား ဟား ဟား''

အဲဒီတုန်းက သူငယ်ချင်းတွေအားလုံး တဟားဟား အော်ရယ်ကြတဲ့ဖြစ်စဉ်။ ဈေးမှာ ရှက်လွန်းလို့ မျက်ရည်လေးပါစို့၏။ ဒေါသထွက်လွန်းလို့ သူ့ကို အမိဖမ်းပြီး ထုဖို့ကြိုးစားသည်။





သူက ရှောင်ပြေးလျှင် လက်ဆေးရေတွေနဲ့ ဈေးတစ်ကိုယ်လုံး သကြံန်ကျနေခဲ့တဲ့ ထိုနေ့ရဲ့ အခိုက်သတ်လေး စိတ်ပျက်ဖွယ် ပြီးခဲ့ခဲ့သည်။

''ဘာရယ်တာလဲ''

''သတိရလို့ပါဟာ''

''ဟွန်း ... အဲဒီတုန်းက လူက သေချင်စော်နံ့တယ်။ လက်ဆေးရေတွေက အဆီတဝင်းဝင်းနဲ့ ညှီစို့နေတာလေ''

''အခုကော''

သူမ စံပယ်ပွင့်လေးတွေ ကောက်နေရာမှာ လက်ကလေးတန့်ကာ သူ့ကို တအံ့တသြမော့ကြည့်မိသည်။

မျက်ခုံးနက်နက်အောက်က တောက်ပနေတဲ့ သူ့မျက်ဝန်းက စကားလုံးပေါင်းများစွာ ခြွေနေသလို နှုတ်ခမ်းတို့ ပြုံးယောင်သမ်းနေသည်က ဈေး စိတ်နှလုံးကို တိမ်းညွတ်အောင် ဖမ်းစားနေသည့်နှယ်။

''နင့်ရင်ထဲမှာ ငါ့ကြောင့် မွှေးစေချင်တယ်၊ ဒါကြောင့် နင့်အတွက် တကူးတက ဖန်တီးထားတာ၊ အဲဒီတုန်းက ငါ့ကို အကြွေးမှတ်ထားတယ် မဟုတ်လား''

''အင်း ... အခွင့်အရေးရရင် ပြန်လုပ်မှာပေါ့''

''အဲဒီအတွက် ကြေအေးပေးဖို့ ခုချိန်တောင်းဆိုပါရစေ''

''ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com



ဈွေး မျက်နှာလေး တွန့်လိုက်ပေမယ့် မွေးရနံ့တွေက ညှို့ဆောင်ထားတော့လည်း နှုတ်ခမ်းလွှာလေးက ချိုမြနေသည်။

ထိုအခါ ကြမ်းခင်းပေါ်က စံပယ်ပွင့်လေးများကို ဈွေး တယုတယ ကောက်နေလျှင် သူက ဈွေး လက်ချောင်းကလေးများကို ဆုပ်ကိုင်လိုက်၏။

"အိုး ... သရဲ"

ဈွေး ရုန်းလိုက်သည်က စိတ်လှုပ်ရှားစွာ။

"ဈွေး"

"ကျွတ် ... သရဲ"

ဈွေး စိတ်လှုပ်ရှားကာ ခေါ်လိုက်မိသည်။ သူက ရုန်းခါနေတဲ့ ဈွေးလက်ကလေးကို ဖြေလွှတ်မပေးပါ။

ဒါ့ပြင် တခြားလက်တစ်ဖက်နဲ့လည်း ပူးတွဲဆုပ်ကိုင်ကာ နက်နက်ရှိုင်းရှိုင်း ပြောလေသည်။

"ချစ်တယ်ဈွေးရယ်" တဲ့။

"ဘုရားရေ"

ဈွေး နှုတ်ခမ်းလွှာလေး ရုတ်ခြည်းပွင့်ဟသွားသလို မျက်ဝန်းအိမ်လည်း ပြူးကျယ်ဝိုင်းစက်သွား၏။ ထို့ပြင် ဈွေး ခေါင်းလည်း တစ်ဆက်တည်း လှုပ်ခါသွား၏။





နှုတ်ကလည်း ဝေါခနဲ ပြောချ၏။

"မ ... မချစ်နဲ့"

သို့သော်လည်း ဈွေးရင်ထဲက စကားလုံးတွေ အပြင်ထွက်မလာ။ ခေါင်းပဲ တွင်တွင်ရမ်းမိသလို ဆုပ်ကိုင်ခံထားရတဲ့ သူ့လက်ကိုလည်း အားနဲ့ ရုန်းဖယ်ကာ။

"ဈွေးရယ် ... ငါ့ရင်ထဲမှာအရင်တုန်းက နင် ကိန်းဝပ်နေလိမ့်လို့ လုံးဝ မထင်ခဲ့ဘူး။ လမင်းကို မြင်လိုက်ရကတည်းက ငါ့နှလုံးသားမှာ နင် တကယ်ရောက်နေပြီးဆိုတာ ခံစားလို့ရတော့တယ်။ ဒါကြောင့်"

"ဟင့်အင်း"

ဈွေး ခေါင်းရမ်းကာ သူ့လက်တွေကို ဖယ်ရှားပြီး လှည့်ပြေးခဲ့သည်က ရင်ထဲမှာ မခံစားနိုင်စွာ။

ဟင့်အင်း။

သ သရဲရယ်။

နင် ငါ့ကို မချစ်ပါနဲ့။ တောင်းပန်ပါတယ် သရဲရယ်။

စံပယ်ရနံ့ကိုလည်း ဈွေး မရှိုက်ချင်တော့ပါကွယ်။

ကျေးဇူးပြုပြီး မွှေးရနံ့မသင်းပါနဲ့တော့ စံပယ်ပွင့်လေးများရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကျွတ်"

လမင်းဒေဝီ မျက်လုံးကို စုံမှိတ်ထားသော်လည်း မြင်ယောင်နေသည်။ ဈေးနဲ့တမန်။ ပြီးတော့ သွင်သွင်ရဲ့သွေးစက်တွေ စွန်းနေတဲ့ ဈေးစပ်ပွဲဝတ်မယ့် သူမဂါဝန်။

လျှော်ဖွပ်သန့်စင်လိုက်ပေမယ့် သွေးစွန်းကွက်တွေကိုပဲ စွဲစွဲမြဲမြဲ မြင်ယောင်နေတာ ခက်လှသည်။

အဆိုးဆုံးက ထိုနေ့တစ်နေ့လုံး လမင်း စိတ်ရှုပ်လက်ရှုပ်နဲ့ ထိုင်စောင့်နေသည်။ တမန်သစ် ပေါ်မလာ၊ ဈေးကိုလည်း မမြင်ရပေ။





ဒင်းတို့နှစ်ယောက် တွဲလျက် ဘယ်သဝေထိုးနေလို့လဲ။

ထိုသို့တွေးမိလေ အသည်းလှပ်လှပ်နာလေ။

ထို့ကြောင့် ထိုင်နေရာမှ ဝုန်းခနဲထထွက်ခဲ့သည်။

"သမီးလေး ... ဘယ်လဲ"

မာမီမေးတာကို မဖြေဖြစ်ပါ။ ကားသော့ယူပြီး ထွက်ခဲ့သည်က ချက်ချင်း။

မာမီကတော့ အားမလို အားမရ ကျန်ရစ်ခဲ့မှာ သေချာသည်။ ဘာကြောင့် သူမစိတ်တွေ ထိုသို့ ဆူပွက်နေရတာလဲ။

ခံပြင်းမှုကြောင့်လား။

ဒါမှမဟုတ် မာနကြောင့်လား။

ဘာကြောင့်ဖြစ်ဖြစ် လောလောဆယ်မှာ တမန်သစ်ကို တစ်ခုခု တုံ့ပြန်ချင်မိသည်။ ထိုစိတ်က သွေးဆောင်နေတဲ့အတိုင်း လမင်း ကမူးရှူးထိုး ကားမောင်းထွက်ခဲ့မိသည်။

တမန်သစ်ရယ်။

ရှင်ဟာ လမင်းရဲ့မာနနဲ့ ဂုဏ်သိက္ခာကို ဘယ်တော့မှ ချိုးဖဲ့လို့ မရစေရဘူး။ စိတ်ချ။ ရှင့်ရဲ့မာနနဲ့ ရှင့်ရဲ့ဂုဏ်သိက္ခာသာ ကျိုးပဲ့သွားစေရမယ်။

"ဟော ... သ ... သမီးလေး လမင်း။ လာလေ ...



www.burmeseclassic.com

www.burmeseclassic.com



လာမယ်ဆိုလည်း အန်တီ့ကို ကြိုတင်ဖုန်းဆက်ပါလား သမီးရယ် ... ဟင့် ဟင့် ဟင့်"

ခြံဝင်းထဲ လမင်းဒေဝီ ကားလေးမောင်းဝင်လာတာတွေ့တာနဲ့ ဒေါ်ခင်ချိုမြင့် အပြေးတစ်ပိုင်း ထွက်ကြိုရင်း လှိုက်လှိုက်မျိုးမျိုး ပြောလေသည်။

"လာ ... သမီး လာ"

ကားတံခါးကိုလည်း ကိုယ်တိုင်ဖွင့်ပေးရင်း လမင်းလေးကို တယုတယဆွဲခေါ်သည်။ လမင်း ကားပေါ်ကဆင်းရင်း –

"လမင်းလာတာ တမန်နဲ့ တွေ့ချင်လို့ပါ အန်တီ"

"သားနဲ့ တွေ့မလို့ဟုတ်လား"

လမင်းဒေဝီ ခေါင်းလေးဆတ်လိုက်သည်။ ဒေါ်ခင်ချိုမြင့်က ပို၍ပင် မျိုးရွှင်သွားကာ –

"တွေ့လေ လမင်းရဲ့ ... သား ရှိနေတယ်။ သားသူငယ်ချင်းတွေလည်း ရောက်နေကြတာ သမီးရဲ့ ... လာ လာ"

ဒေါ်ခင်ချိုမြင့် လှိုက်လှိုက်လှဲလှဲ ဦးဆောင်ခေါ်သွား၏။

"ကျေးဇူးပဲ အန်တီ၊ တမန့်သူငယ်ချင်းတွေလည်း ရှိနေတယ် ရပါတယ်"

"အဲဒါဆို ... အန်တီ နေခဲ့မယ်လေ"





"ကျေးဇူးပဲ အန်တီ"

ဒေါ်ခင်ချိုမြင့် အပေါ်ထပ်တက်နေရင်း လှေကားထစ်တစ်ဝက်လောက်အရောက်မှာ နောက်ပြန်လှည့်သွားသည်။

လမင်းဒေဝီတစ်ယောက်တည်း သူငယ်ချင်းတွေနဲ့ သူရှိရာ အပေါ်ထပ် နားနေဆောင် တက်ခဲ့သည်။

ထိပ်တိုက်တွေ့တာနဲ့ ပြောထည့်မယ့်စကားလုံးတွေကို လမင်းဒေဝီ စီစဉ်ပြီးသားပါ။

ဟင့် ဟင့် ဟင့်။

လမင်းဒေဝီကို ဘယ်သူမှ အောင်လံလွှင့်ထူလို့ မရစေရဘူး။

"ဘုရားရေ လျှပ်စီးမကို"

မယုံနိုင်စွာမေးလိုက်တဲ့ နီနီခရမ်းအသံကြီး စူးခနဲ ပေါ်ထွက်လျှင် လမင်းဒေဝီ ခြေလှမ်းတွေ တန့်သွား၏။

"တမန် ... မင်း ပြောနေတာတွေ ဟုတ်ရဲ့လားကွာ"

ကောင်းကျော် လက်မခံနိုင်စွာ မေးပြန်သည်။ ထိုအသံတွေက လမင်းခြေလှမ်းတွေကို ပို၍ တန့်သွားစေသည်။ သူ ဘာပြောမလဲ၊ ဒါကိုလည်း သိချင်နေမိသည် မဟုတ်လား။

"တမန်ရာ ... နောက်နေတာလား"

မိုးချာန်မေးလို့မဆုံးသေး သူ့ဖြေသံ ခုန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် . . . ဒါ နောက်စရာမှမဟုတ်တာ။ ချစ်လို့ချစ်တယ်ပြောတာကွ"

"ဘုရားရေ"

လမင်း လက်ဖဝါးလေး ရင်ဘတ်ဆီ ဖိမိသွား၏။ ချစ်လို့ ချစ်တယ်ပြောတာတဲ့။ ဘယ်သူ့ကို ချစ်တာလဲ။

ဘုရား ဘုရား။

လမင်းဒေဝီ နားထောင်နိုင်စွမ်းမရှိအောင် ခံစားရလေသည်။ သူ့သူငယ်ချင်းတွေလည်း သူ့ကို မယုံနိုင်စွာ ဝိုင်းအုံနေလျှင် –

"ကိုယ် ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်ကို ချစ်မိမယ်၊ မြတ်နိုးခံစားမိမယ်လို့ ထင်မထားဘူး။ ဒါကြောင့် ကိုယ်တစ်ယောက်တည်း နေနိုင်ခဲ့တယ်။ ဒီကိုပြန်လာတာ မင်းတို့မင်္ဂလာပွဲကို အားပေးဖို့ ဒီလောက်ပဲ။ ဒါပေမဲ့"

လမင်းဒေဝီ ခေါင်းတွင်တွင်ရမ်းလိုက်မိသည်။ ဒါပေမဲ့နောက်မှာ သူ ဘာတွေ ဆက်ပြောမလဲ။ ပြောလာမယ့်စကားတွေကို နားမဆင်ရဲပါ။

လမင်း ခေါင်းတွင်တွင်ရမ်းလိုက်သော်လည်း သူ့အသံက နားထဲ တဒိုင်းဒိုင်း ပြေးဝင်လာသည်။

"မထင်မှတ်ဘဲ ဧွးကို မြင်လိုက်ရတော့ ကိုယ့်ရင်ထဲ တစ်ခုခု





တိုးဝင်လာသလို ခံစားရတယ်။ အထူးသဖြင့် လမင်းဒေဝီ နာမည်ကြားကတည်းက ဧွးက ကိုယ့်နှလုံးသားထဲ ထိုးဖောက်ရောက်ရှိနေမှန်း ကိုယ်သိတော့တယ်။ ဒါကြောင့် ဧွးကို ကိုယ်ချစ်တယ်လို့ ဖွင့်ပြောလိုက်တာ"

"ဘုရား . . . ဘုရား"

လမင်းဒေဝီ မျက်လုံးအစုံ မှောင်ပျသွားကာ ခြေလှမ်းတွေက ဒလိမ့်ကောက်ကွေ့ လျောကျသွားသလို ခံစားရလေသည်။

"ဧွးက ဘာတဲ့လဲ"

"မင်းကို ချစ်သတဲ့လား"

သူငယ်ချင်းတွေ ဝိုင်းဝန်းမေးသံ ဆူညံစွာပေါ်ထွက်လာသည်။

ဟင့်အင်း။

ရှင်မပြောနဲ့။

ရှင့်ဖြေတဲ့အသံ လမင်း မခံစားနိုင်ဘူး။

ရှင့်ကိုလည်း ဧွး မချစ်စေရဘူး။

ဟုတ်တယ်၊ လုံးဝ ချစ်ခွင့်မရှိဘူး။

"တောက်"

လမင်း ကမူးရှူးထိုးပြေးဆင်းခဲ့လျှင် ခေါင်းချီမြင့် ဆီးခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး"

လမင်း ငုံ့မကြည့်တော့ပါ။ အန်တီ့ရှေ့မှ မျက်နှာလေးမော့ပြီး ထွက်ခဲ့သည်က ပေါက်ကွဲစွာ။

လျှပ်စီးမ။

ရှင်နဲ့ လမင်း တွေ့ကြသေးတာပေါ့။

✿ ✿ ✿

## အခန်း (၂၄)

"ဟင့် ဟင့် ဟင့်"

ခန့်သော ရယ်သံစူးစူးက လမင်းခံစားချက်တွေကို တိုက်ရိုက် စော်ကားနေသလို ခံစားရလေသည်။

အထူးသဖြင့် လမင်းတို့ အစဉ်အမြဲ ဝေဖန်တိုက်ခိုက်နေတဲ့ သွင်သွင့် ခန့်သံမို့ ပို၍ ခံရချက်လေသည်။

"တောက်"

လမင်း လက်သီးဆုပ်ကာ စားပွဲခုံပေါ် ထုချလိုက်သည်။

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"လမင်း"

မေရတီနဲ့ကလျာလေးက လမင်းရဲ့ လက်သီးဆုပ်ကလေးကို ပြိုင်တူနီးပါး ဆွဲတားကြ၏။

"လမင်းရယ် ... စိတ်လျှော့ပါဦးဟ"

ကလျာလေးက မရဲတရဲပြန်ပြော၏။ လမင်းဒေဝီ အံတင်းတင်း ကြိတ်ကာ –

"မလျှော့နိုင်ဘူးဟာ"

သူမတို့စားသောက်ဝိုင်းရှေ့မှ ခန့်သလို ရယ်မောရင်း အခြား သူငယ်ချင်းများနှင့် ဖြတ်လျှောက်သွားတဲ့ သွင်သွင့်နောက်လိုက်ဖို့ ဝုန်းခနဲ ထရပ်၏။

"လမင်းရယ် ... လမင်းမှာလည်း အစီအစဉ်ရှိနေတာပဲ၊ သွင်သွင့်လောက်ကို အရေးစိုက်စရာ မလိုပါဘူးဟ"

မေရတီ ဖျောင်းဖျသလိုပြောဆိုရင်း လမင်းလက်ကို ဆွဲကာ ထားသည်၊ ထိုအခါ ဖွတ်အတင်း သွင်သွင့်နောက်လိုက်သွားလိုတဲ့ လမင်း ခြေလှမ်းတွေ တုံ့နှေးသွားသလိုဖြစ်၏။

ဟုတ်တယ်။

နှုတ်ခမ်းကိုက်ထားရက်နဲ့ လမင်း ခေါင်းလေးဆတ်ပြီး–

"ကျေးဇူးပဲ ရတီ။ လမင်း အစီအစဉ်ကို လမင်း အမြန်ဆုံး





အကောင်အထည်ဖော်ရမယ်"

"ဟုတ်တာပေါ့ လမင်းရဲ့၊ အဲဒီအစီအစဉ်သာ ဘွားခနဲပေါ်သွားရင် သွင်သွင်မပြောနဲ့၊ တမန်သစ် ခြေလှမ်း လမင်းဆီ အပြေးတစ်ပိုင်း ရောက်လာလိမ့်မယ်"

ကလျာလေး အားတက်သရော ပြောသည်က လမင်းစိတ်နဲ့ လမင်းအစီအစဉ်ကို ပို၍ ထောက်ကူအားဖြည့်သလိုရှိ၏။

ထို့ကြောင့် ခုံမှာပြန်ထိုင်ချ၏။

ကလျာလေးနဲ့ မေရတီလည်း ပြန်ထိုင်ချကာ သက်မကိုယ်စီ ချလေသည်။

"ဒါနဲ့ ... လမင်းအဆက်အသွယ်လုပ်ချင်တဲ့သူနဲ့ ဆက် သွယ်လို့ရပြီလား"

"ရပြီလေ ... ရလို့ပဲ သူနဲ့တွေ့ဖို့ ဒီမှာချိန်းထားတာ"

"အဲဒါဆို အိုကေပြီပေါ့"

"ဟုတ်တယ်ရတီ ... အိုကေ၊ အဖက်ဖက်က အိုကေပဲ၊ သူနဲ့တွေ့ပြီး လမင်းအစီအစဉ်ကို အကောင်အထည်ဖော်လိုက်ရင် ... ဟင့် ဟင့် ဟင့်"

ပြောဆိုနေရင်း လမင်းဒေဝီ မာနနဲ့ရယ်မောလိုက်သည်။

"ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်လည်း အားအပြည့် ထောက်ခံလေသည်။

လမင်းအစီအစဉ် ဘွားခနဲပေါ်သွားရင် တမန်သစ်သော သွင်သွင်သော၊ လျှပ်စီးမသော ဘာသောက ခံနိုင်မှာလဲ။

အဲဒီတော့ –

"ဟုတ်တယ်"

"ဟင့် ဟင့် ဟင့်"

လမင်းပြောလျှင် မေရတီနဲ့ ကလျာလေးလည်း ယုံကြည်မှု အပြည့်နှင့် ထောက်ခံသို သဘောကျစွာလည်း ရယ်မောကြ၏။ ထိုစဉ်

"တီ တီ တီ"

သူငယ်ချင်းသုံးယောက် ရယ်မော၍မဆုံးသေးပါ။ လမင်း လက်ကိုင်ဖုန်းလေးမြည်လာသည်။

ထို့ကြောင့်။

✿ ✿ ✿

## အခန်း (၂၅)

"ဧွး . . . နင်ဘယ်မှာလဲ"

ဖုန်းခေါ်လို့မရတာနဲ့ message လှမ်းပို့လိုက်သည်။ သူသိချင်နေတာ ဒါပဲမဟုတ်လား။

"စဉ်းစားဦး တမန်"

ကောင်းကျော်က သူတို့မင်္ဂလာပွဲမှာ သူရိုက်ပေးထားတဲ့ ဓာတ်ပုံတွေကို ကြည့်ဖို့ စိတ်မဝင်စားနိုင်သလို သူကမ်းပေးတဲ့ ဓာတ်ပုံအယ်လ်ဘမ်ကို စားပွဲပေါ်တင်၍ လှမ်းပြောသည်။

တမန်က မျက်မှောင်ကြုတ်၍ လှမ်းကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"မင်းနဲ့လမင်း စေ့စပ်ပွဲရက်က တစ်နေ့ထက်တစ်နေ့ နီးလာနေပြီ"

"ကိုယ်မှစိတ်မဝင်စားတာ"

"မင်း စိတ်မဝင်စားပေမယ့် မင်းတို့ စေ့စပ်ပွဲက ဘယ်လိုမှ အလွဲအချော်ဖြစ်လို့ မကောင်းဘူးဆိုတာ မင်းလည်း သိရဲ့နဲ့"

"ကိုယ် အလေးအနက်မထားဘူး။ ကိုယ့်စိတ် ကိုယ်ခံစားချက်က ကိုယ့်ဘဝပဲ"

"ဒါပေမဲ့ ... မင်းဘဝဆိုတာထက် အားလုံးရဲ့ဘဝကလည်း အလေးထားစရာရှိတယ်ကွ။ ပြီးတော့ ဖွေး"

"ဖွေး ... ဖွေး ဘာဖြစ်လို့လဲ"

"ဖွေးဘဝ ဘာလဲဆိုတာ မင်းသိသားနဲ့"

တမန်သစ် ပန်းလေးပင့်ကာ ကောင်းကျော်ကို စိုက်ကြည့်ဖြစ်သွားသည်။ ကောင်းကျော်က မင်္ဂလာဆောင် ဗီဒီယိုခွေကို စီဒီစက်ထဲ ထည့်ရင်း ဖွင့်ကြည့်ဖို့ ကြိုးစားနေသည်။ သူက –

"ဖွေး ... နင် ဘယ်မှာလဲ၊ အကြောင်းပြန်လေ။ နင်ရှိတဲ့ဆီ ငါလာခဲ့မယ်"

ထို message ကို ဖွေးဆီ ဘူခြွေမပျက် ပို့နေလိုက်သည်။





ကြီးရင်လည်း ပြော၏။

"ကောင်းကျော် ... ဖွေးဘဝက မက်လောက်စရာမရှိဘူးဆိုတာ ငါတို့ကျောင်းတုန်းကတည်းက သိထားသားပဲ"

"သိရုံနဲ့မပြီးဘူးကွ"

"ဘာဖြစ်လို့"

"ဘဝနှစ်သွယ် ပေါင်းကြတဲ့အရေးမှာ ဂုဏ်ပကာသနက ဘယ်လောက်ထိ မျက်နှာပန်းပွင့်သလဲဆိုတာ ကိုယ်တို့မင်္ဂလာပွဲတွေရဲ့ မြင်ကွင်းက သက်သေပဲ"

တမန်သစ် သဘောကျစွာ ပြုံးမိသွားသည်။

ကောင်းပြောတာ မှန်နေသလားပဲ၊ ကောင်းမိဘက နိုင်ငံတကာ ခရီးသွားကုမ္ပဏီကြီးပိုင်သလို ရွှေမော်မော်ရဲ့ မိဘအသိုင်းအဝိုင်းက ကမ္ဘာ့အညီ ရတနာကုန်သည်တွေ။ ၎င်းတို့ရဲ့ လုပ်ငန်းချင်းလည်း စပ်စပ်မှုရှိတာကြောင့် နှစ်ဖက်မိဘအသိုင်းအဝိုင်းရဲ့ မိတ်ဆွေတွေကလည်း ဒိတ်ဒိတ်ကြဲတွေချည်း။

နှစ်ဖက်အသိုင်းအဝိုင်း အရှိန်အဝါကြီးသလို ပကာသနလည်း တောင့်တင်းကြသည်မို့ မင်္ဂလာညည်ခံပွဲက ရိုးရိုးမင်္ဂလာပွဲနဲ့မတူ။

ဂုဏ်ချင်း၊ ပကာသနချင်း၊ စိန်ချင်း ရွှေချင်း ထပ်တဲ့ပွဲတော်ကြီးနဲ့တူနေသည်။ လက်ဖွဲ့တွေကလည်း တောင်လိုနှယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အသိုင်းအဝိုင်းက စိန်လည်ဆွဲတစ်ကုံးဆိုရင် တစ်ဖက်အသိုင်းအဝိုင်းက ကွန်ဒိုတိုက်ခန်းတစ်ခန်း။ သတို့သားဘက်က မော်ဒယ်အမြင့်ဆုံး ဖိမ်ခံကားတစ်စီးဆိုလျှင် သတို့သမီးဘက်ကလည်း အားကျမခံတတ်ပါ။ မော်ဒယ်အမြင့်ဆုံး ဖိမ်ခံကားတစ်စီးနဲ့တွဲလျက် ဟန်းနီးမွန်းခရီးစဉ်အတွက် ကုန်ကျစရိတ်ပါ တွဲပေးပြန်သည်။

တစ်ဖက်နဲ့တစ်ဖက် ဒီလိုတွေ လက်ဖွဲ့ကြတာက အားကျစရာမက်မောစရာ ကောင်းလှပါသည်။

သို့သော်လည်း သူ့စိတ်က အဲဒါချည်းကို မနှစ်သက်သည်ခံစားခဲ့ရတာ။ ထိုမင်္ဂလာပွဲမြင်ကွင်းကို မြင်ရကတည်းက သူနဲ့ခွေးဆိုင်ကော။

ဟင့်အင်း။ အဲလိုအဖြစ်မခံနိုင်ပါ။ သူ့ဘက်က ပကာသနအင်အားကြီးပေမယ့် ထိုအင်အားကို မင်္ဂလာပွဲရဲ့ ပြယုဂ်အဖြစ် သူမခံစားလိုပါ။

ခွေးဘက်က ပိုလို့တောင်ရှင်းသေးသည်။

ခွေးဟာ မိဘမဲ့။ ပညာသင်စရိတ်ကိုတောင် ခွေးတို့ရွာကကျောင်းထိုင်ဘုန်းတော်ကြီး ထောက်ပံ့ခြင်း။ ခွေး တက္ကသိုလ်စတက်ကတည်းက ဆရာတော်ကြီးရဲ့ အထောက်အပံ့ကို မယူတော့တဲ့ အဆောင်မှာနေကာ အထက်တန်းကျောင်းသူကျောင်းသားတွေကို Guide လုပ်ရင်း





ကိုယ်ပိုင်ဝင်ငွေရှာပြီး ကျောင်းတက်ခဲ့သူ။

ခွေးဟာ ဝင်ငွေချို့တဲ့ပေမယ့် ဘယ်သူငယ်ချင်းဆီမှ လက်ဖြန့်၍အကူအညီတောင်းခံခြင်းမရှိသူ။ ရသမျှ ခြစ်ကုပ်၍သုံးစွဲပြီး ကျောင်းပြီးအောင် ပျော်ပျော်ရွှင်ရွှင် ပညာသင်ခဲ့သည်။

ခွေးရဲ့ ကျောင်းတက်ဝတ်စုံတွေ မှိန်ကောင်းမှိန်ခဲ့ပေမယ့် ခွေးရဲ့ပျော်ရွှင်စိတ်နဲ့ တက်ကြွလှုပ်ရှားမှုတွေက အစဉ်အမြဲ အရောင်တောက်ပြောင်ကာ ဘယ်တုန်းကမှ စိတ်ဓာတ်ကျပြီး အားငယ်ခြင်းမရှိတဲ့ ဘဝကိုရဲရဲချည်း ရင်ဆိုင်ကျော်ဖြတ်ခဲ့သူ။

ကျောင်းပြီးတာနဲ့ သူ ဂျပန်ထွက်သွားသည်။ ခွေးကတော့ သူ့ရွာသူပြန်သွားသလားပဲ။ ရှစ်နှစ်တင်းတင်းပြည့်လို့ ခုလို ပြန်ဆုံတော့သည်း ကျောင်းတုန်းကအတိုင်း ပျော်ပျော်ရွှင်ရွှင်ရယ်။

ထူးခြားတာက ခွေးနဲ့ ပြန်ဆုံခြင်းနဲ့ လမင်းဒေဝီနဲ့ ဆက်နွယ်သာခြင်းနောက်မှာ သူဟာ ခွေးကို မြတ်မြတ်နိုးနိုး ခံစားနိုင်တဲ့စိတ်ဖြစ်တည်ခဲ့သည်။

ထိုဖြစ်တည်မှုက နှလုံးသား၏ အနက်ရှိုင်းဆုံးတစ်နေရာမှာငြိမ်သက်စွာတည်ရှိနေတဲ့ ရင်ခုန်မှု။

တစ်နည်းအားဖြင့် အချစ်။

ဟုတ်တယ်။ အချစ်က သူ့နှလုံးသားမှာ ခွေးမှခွေးဖြစ်စေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် သူ ဝမ်းမနည်းပါ။ နောင်တလည်းမရချင်ပါ။ ဘာဂုဏ်ပကာသနကိုမျှ မဖက်တွယ်လိုပါ။

ဒါကြောင့် ဖန်သားပြင်ပေါ်မှ ပကာသနလွှမ်းနေတဲ့ ကောင်းတို့ မင်္ဂလာပွဲပုံရိပ်ကို သူ ငုံ့မကြည့်ပါ။ Message တွေ တပိုပို့ ပို့နေတာက သူမဆီ။ မေးနေသည်က –

"ဧွး နင်ဘယ်မှာလဲ"

သူသိချင်တာ ဒါပဲ မဟုတ်လား။

✿ ✿ ✿

## အခန်း (၂၆)

"တူ တူ တူ"

သူ့ဖုန်းသံလေး အဆက်မပြတ် မြည်နေပါသည်။ ထိုအခါ သူ့ရင်မှာ အားရဝမ်းသာ လှုပ်ရှားကာ ကမန်းကတန်း ရေချိုးခန်းထဲက ပြေးထွက်မိ၏။

တစ်ဖက်ကခေါ်နေတာ လျှပ်စီးမဖြစ်ပါစေ။

ထိုသို့လည်း ဆုတောင်းမိကာ ခေါင်းရင်းစားပွဲပေါ်ရှိ မြည်နေတဲ့ လက်ကိုင်ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။ သူ ဆုတောင်းသလို ချုပ်စီးမ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဖုန်းထူးလိုက်၏။

"ဟဲလို"

"အစ်ကို ကျွန်တော်ပဲ"

တစ်ဖက်ကပြောသံက သူနားမှာ အနည်းငယ်စိမ်းနေသည်။ ထိုအသံစိမ်းကို သူ စဉ်းစားရသည်။

ဘယ်သူဖြစ်မလဲပေါ့။

နောက်မှ သတိရ၏။ လျှပ်စီးမ သူငယ်ချင်း။ သတင်းထောက်လူရွယ်။

သို့မို့ကြောင့် သူ လိုက်ခနဲ ဝမ်းသာကာ –

"ပြော ... ညီလေး ဆွေဝင်း"

"အစ်ကိုက ဓွေးအကြောင်းမေးတယ် မဟုတ်လား"

"ဟုတ်တယ် ... ညီ။ ဓွေးနဲ့ ဖုန်းအဆက်အသွယ်မရဖြစ်နေလို့ ညီ့ကို ဆက်သွယ်ဖြစ်တာ"

"ဟုတ်ကဲ့ ... အစ်ကို၊ အစ်ကိုဖုန်းဆက်တုန်းက ကျွန်တော်တို့လုပ်ငန်းရှင်တစ်ယောက်နဲ့ အင်တာဗျူးလုပ်နေတာမို့ မကိုင်ဖြစ်တာပါ"

"ဆောရီး အစ်ကိုမသိလိုက်လို့ပါ"

"ရပါတယ်"





"ဒါနဲ့ ... ညီအခု ဖုန်းဆက်တာက အစ်ကို့အတွက်ထူးနေသလား"

"ဟုတ်ကဲ့ ... အစ်ကို၊ အဲဒါပြောမလို့။ ဓွေးက နတ်မောက်သွားမလို့တဲ့"

"နတ်မောက် ဟုတ်လား"

"ဟုတ်တယ် အစ်ကို"

"နတ်မောက်ကို ဘာသွားလုပ်မှာလဲ"

"ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်ပွဲတော်သတင်းလိုက်ဖို့"

"ကျေးဇူးပဲ ညီ"

"ရပါတယ် အစ်ကို၊ ဓွေးက အစ်ကို့ကိုရှောင်တာရယ်၊ ဆက်ချုပ်က တာဝန်ပေးတာရယ်နဲ့ပေါင်းပြီး ရာပြည့်ပွဲတော် သွားမှာပါ"

"ကျေးဇူးပဲ ညီ၊ ဓွေးမသိအောင် အစ်ကိုလိုက်သွားမယ်။ ညီဘာမှမပြောနဲ့ကွ"

"စိတ်ချ အစ်ကို၊ အခုလည်း ဓွေးမသိအောင် အစ်ကို့အတွက် သတင်းကောင်းပေးတာပါ"

"အိုကေ ... နတ်မောက်ကအပြန် ညီ့အတွက် အကောင်းဆုံးလက်ဆောင် ဝယ်လာပေးမယ်။ ကျေးဇူးအထူးတင်တယ် ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ဒါပဲ အစ်ကို"

"အိုကေ . . . ဘိုင်"

သူ အားရဝမ်းသာ နှုတ်ဆက်ရင်း လက်ကိုင်ဖုန်းလေး ပြန်ပိတ်ကာ ရေချိုးခန်းထဲ ကမန်းကတန်း ပြန်ဝင်ရင်း အပြီးသတ် ရေချိုးလိုက်သည်။

ဓွေးရေ . . . ချစ်စိတ်ဆိုတာ ရှောင်ဖယ်နေရမယ့်ခေါင်းစဉ်အောက်က စကားလုံးတွေမှ မဟုတ်တာ။

✿ ✿ ✿

## အခန်း (၂၇)

"သားလတ်ရေ"

မာမီ့ခေါ်သံကြားရလျှင် တမန်သစ်စိတ်မှာ မကြည်မသာ ဖြစ်လို့သွားသည်။

ဒါ့ကြောင့် ချက်ခင်းမထူးဘဲ ခရီးဆောင်ကျောပိုးအိတ်ထဲ အဝတ်လေးငါးစုံကို အပြီးသတ်ထည့်နေလိုက်သည်။

"သားလတ်"

ဒုတိယအကြိမ်ခေါ်သံနဲ့အတူ မာမီပါ သူ့အခန်းထဲရောက်လာသည်။ မာမီ့ပုံစံက တစ်စုံတစ်ရာအတွက် ကျေနပ်အားရဖြစ်နေဟန်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောမာမီ"

"ညှော်သည်ရောက်နေလို့"

"ညှော်သည်၊ ဘယ်က ညှော်သည်လဲ"

"သားလတ်နဲ့ တွေ့ချင်လို့တဲ့။ လမင်းလေး တကူးတက ခေါ် လာတာ"

လမင်း တကူးတကခေါ်လာတဲ့ညှော်သည်။ ထိုညှော်သည်က သူ့ကို တွေ့ချင်သတဲ့။

"ဘယ်သူလဲ မာမီ"

သူသိချင်တာကို မေးလိုက်သည်။ မာမီက သူပြင်ဆင်နေတဲ့ ခရီးဆောင် ကျောပိုးအိတ်နဲ့ သူ့ကို တစ်လှည့်စီကြည့်ရင်း ပြောသည်။

"အဲဒါတော့ မာမီလည်းမသိဘူး။ သားဆင်းတွေ့လိုက်လေ။ စောင့်နေရတာ အားနာစရာချည်း။ လာ သားလတ်"

မာမီက တစ်ခေါ်တည်းခေါ်ရင်း သူ့အခန်းထဲက ထွက်သွားသည်။ တမန်သစ် မစိတ်မကြည်လှပါ။ သွားခါနီး လာခါနီး ညှော်သည် ရောက်လာတာက အနှောင့်အယှက်ပေးသလို ခံစားရ၏။

ထို့ကြောင့် သူ အပြီးသတ်ပြင်ဆင်ကာ ကျောပိုးအိတ်ပါ တစ်ပါ တည်းလွယ်၍ အခန်းထဲ ထွက်ခဲ့သည်။

ဘယ်သူမှ အသိမပေးဘဲ သွားရမယ့် နတ်မောက်ခရီးစဉ်





ရှိနေသည် မဟုတ်လား။ အရေးထဲ လက်ကိုင်ဖုန်းမေ့ကျန်လို့ တစ်ဖန် လှည့်ယူရသည်။

ဖုန်းယူပြီးမှ အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းခဲ့သည်။

"ကိုတမန်သစ် ... ရှင်နဲ့တွေ့ချင်လို့တဲ့"

သူ ညှော်ခန်းထဲ လှမ်းဝင်သည်နှင့် လမင်းက လှိုက်လှိုက်လှဲလှဲ ဆီးကြို၍ ပြောလေသည်။ မသိရင် လမင်းနဲ့သူက တကယ်ရင်းနှီးတဲ့ ခုံတွဲလိုဟန်မျိုး လမင်းပြုမူသည်။ လမင်းစကားမဆုံးခင် သူ မျက်မှောင် ကြုတ်ထားလိုက်သည်။

"ဒီမှာလေ ကိုစစ်နိုင်"

ကနုတ်ပန်းတွေနဲ့ ဘောင်ကွပ်ထားတဲ့ ဆိုဖာပေါ်မှာ ခြောက်နှစ် အရွယ် ကလေးမလေးကိုပိုက်၍ အကျအန ထိုင်နေတဲ့ပုဂ္ဂိုလ်နဲ့ မိတ်ဆက် ပေး၏။

စစ်နိုင်ဆိုတဲ့ပုဂ္ဂိုလ်က သူ့အရွယ်လောက်ပဲရှိဟန်တူသည်။ သူ့ ကိုယ်သူ အထင်ကြီးဟန်နှင့် ဘဝင်မြင့်နေပုံမျိုး။ နောက်ပြီး တစ်ခုခု အတွက်လည်း ပိုင်နိုင်တယ်ဆိုတဲ့ အပေါ်စီးဆက်ဆံလိုဟန်နှင့် ပြုံးပြ၏။ ထိုအပြုံးက သူ့စိတ်ထဲ တကယ်မနှစ်မြို့လှပါ။ ကလေးမလေးကလည်း သူ့ကို မျက်လုံးဝိုင်းလေးနဲ့ စိုက်ကြည့်နေသည်။

ပြီးတော့ စစ်နိုင်ဆိုတဲ့ ထိုင်နေနဲ့ ထိုကလေးမကို သူ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖူးတာ သေချာသည်။ ဒါကြောင့် –

"ဆောရီးပဲ . . . ခင်ဗျားတို့ကို ကျွန်တော်မသိဘူး"

သူ အားမနာတမ်း ပြောလိုက်တော့ ထိုပုဂ္ဂိုလ်က ခနဲ့သလို ရယ်၏။ လမင်းက မြုံးမြုံးလေးပြုံး၍ ပြောသည်။

"ကိုတမန်သစ်ကိုလည်း ကိုစစ်တို့သားအဖက မသိပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေအရ သိဖို့လိုအပ်တယ်လေ"

"ဘာဖြစ်လို့လဲ လမင်း"

"စိမ်းစိမ်းစွေးနဲ့ ပတ်သက်လို့လေ"

"စွေးနဲ့"

"ဟုတ်တယ်"

လမင်းက မျက်နှာလေးဝင့်လျက် အပိုင်အနိုင်ပြော၏။ မာမီက လမင်းပြောနေတာကိုပဲ ပြုံးပြုံးလေးကြည့်နေသည်က လမင်း ဘာရည်ရွယ်ချက်နဲ့ လုပ်နေသလဲဆိုတာ သိနှင့်နေသလိုလို။

"ကိုတမန့်သူငယ်ချင်းစွေးနဲ့ ပတ်သက်နေတယ်"

"ဘယ်လိုပတ်သက်တာလဲ၊ ပြီးတော့ ကိုယ်နဲ့ကော ဘာဆိုင်လဲ"

"ဟင့် ဟင့် ဟင့် . . . ဆိုင်,မဆိုင် လမင်း ရှင်းပြပါ့မယ်။ ကိုစစ်နိုင်က ဒယ်ဒီ့မိတ်ဆွေရဲ့သားပါ။ ကိုစစ်နိုင်က ထိုင်းနိုင်ငံနယ်စပ်မှာ





အလုပ်လုပ်ရင်း အိမ်ထောင်ကျခဲ့တယ်။ ဒီသမီးလေးရခဲ့တယ်ပေါ့"

"ကျွတ် . . . ဘာတွေလဲကွာ"

သူ စိတ်မရှည်တော့ပါ။ သွားရမယ့်အချိန်က နီးနေပြီးမို့ နာရီ တစ်ချက်မြှောက်ကြည့်ရင်း ပြောလေသည်။

"လမင်းလေးပြောတာ ဆုံးအောင်နားထောင်ပါဦးလား သား ရယ်။ ထိုင်ပါဦး"

မာမီက ဝင်ပြောရင်း မိုးတိုးမတ်တတ်ဖြစ်နေတဲ့ သူ့ကို အတင်း ထိုင်စေသည်။ သူ မထိုင်ချင် ထိုင်ချင်နဲ့ ထိုင်ချလျှင် –

"ဟုတ်တယ် . . . ဟုတ်တယ်၊ လမင်းပြောတာ ဆုံးအောင် နားထောင်ဦး ကိုတမန်သစ်။ အဲဒီတော့ စိမ်းစိမ်းစွေးနဲ့ ခင်ဗျား ဘယ်လို ပတ်သက်လဲဆိုတာ ခင်ဗျားသိပါလိမ့်မယ်"

စစ်နိုင်က ပွေ့ထားတဲ့ ကလေးမလေး ခေါင်းကို ဖွဖွပွတ်၍ ပြောလေသည်။ လမင်းက အကြံပိုင်သောဟန်ဖြင့် လှိုက်လှိုက်လှဲလှဲ ပြုံး၍ ဆက်ပြောသည်။

"ဟုတ်တယ် ကိုတမန်သစ်၊ ကိုစစ်နိုင်ရဲ့ဇနီး ဒီသမီးလေးရဲ့ အမေက ကိုစစ်နိုင်တို့ သားအဖကိုပစ်ပြီး ခြေရာဖျောက်ထွက်ပြေး သွားတာလေ။ ကိုစစ်နိုင် ဘယ်လိုရှာရှာ မတွေ့ဘူးဖြစ်နေတယ်။ ဒီသမီး လေး နှစ်နှစ်အရွယ်ကတည်းကတဲ့။ ခုဆို သမီးလေးက ခြောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း ပြည့်ပြီလေ။ ပြောရမယ်ဆိုရင် သမီးလေးရဲ့အမေက သမီးနဲ့ ကိုစစ်နိုင်ကို ပစ်သွားတာလေ။ နှစ်နှစ်တင်းတင်းပြည့်ပြီ။ ကိုစစ်နိုင်က ဖွဲ့မလျှော့ပါဘူး။ မတွေ့တွေ့အောင် ကြိုးစားရင်း ရှာဖွေနေတယ်။ အဲဒီလို ရှာဖွေနေတုန်း ဒယ်ဒီတို့နဲ့ အဆက်အသွယ်ပြန်ရပြီး ကိုစစ်နိုင်အကြောင်း လမင်းတို့ သိသွားတယ်။ ဒါနဲ့ လမင်းလည်း သမီးလေးအမေကို ဝိုင်းရှာနေတာ တွေ့မယ့်တွေ့တော့ သမီးလေးအမေရင်းဟာ ကိုတမန်သစ်ရဲ့ သူငယ်ချင်း ဖြစ်နေတယ်''

''ဘယ်လို ကိုယ့်သူငယ်ချင်းဟုတ်လား''

''ဟုတ်တယ်လေ''

''ဘယ်သူလဲ''

သူ လောကြီးစွာမေးလိုက်မိသည်။ လမင်းက လက်ခုပ်လေး တီးမတတ် အားရဝမ်းသာ ရယ်မြူးလျက်ပြောသည်။

''ဘယ်သူရှိမလဲ ... ရှင့်သူငယ်ချင်း လျှပ်စီးမလေ''

''ဗွေး''

သူ့ရင်ထဲမှအသံလှိုင်းလေး လွှတ်ခနဲ ခုန်ထွက်သွားသလို ထို ကလေးမနဲ့ ထိုပုဂ္ဂိုလ်ကိုကြည့်ရင်းလည်း ဗျာများလျက် ချာချာလည်သလို ဖြစ်လေသည်။

ထိုအခါ သူ့လက်ထဲရှိနေတဲ့ လက်ကိုင်ဖုန်းလေး ရုတ်ခြည်း





ဖွတ်ကျသွား၏။

''ဒုတ်''

ဖုန်းကျသံက သူ့ကို ထိတ်ခနဲဖြစ်စေကာ –

''ဟုတ်တယ် ကိုတမန်သစ်။ ကျေးဇူးပြုပြီး စိမ်းစိမ်းစွေးနဲ့ ကိုယ်တို့သားအဖကို ပြန်ဆက်ပေးပါ''

ထိုစကားလုံးက သူ့မျက်နှာချည်း လွှဲအရိုက်ခံရသလို ထူပူသွားသလို၊ မယုံနိုင်လောက်အောင်လည်း ဖြစ်သွား၏။

မာမီက သူ့အပါးရွှေ့လာသလို လွတ်ကျသွားတဲ့ လက်ကိုင်ဖုန်း ကို ကောက်ပြီး သူ့လက်ထဲထည့်ပေး၏။

''ရော့ ... သားဖုန်း''

လက်ထဲရောက်လာတဲ့ ဖုန်းလေးကို သူ ပြန်ဆုပ်ဖို့ အားမရှိ သလိုဖြစ်ကာ မျက်ဝန်းမှာ ရီဝေမှောင်ပျသွားသည်။

ဒါပြင့် ပခုံးတစ်ဖက်မှ လွယ်ထားတဲ့ ဇကျာပိုးအိတ်ကလည်း လျှောခနဲကျလေသည်။

ထိုကျောပိုးအိတ်ကို သူ ဆုပ်ကိုင်ရင်း ထိုင်နေရာမှ ရုတ်ခြည်း ထကာ ချာခနဲ လှည့်ထွက်ခဲ့သည်က ညှော်ခန်းအပြင်ဘက်အရောက်။

''ကိုတမန်သစ် ... ကိုစစ်နိုင်တို့သားအဖအတွက် ကူညီပေးပါ နော်''



www.burmeseclassic.com

www.burmeseclassic.com



လမင်းက သူ့နောက်လိုက်လာရင်း ဖွတ်တိုးပြောခဲ့၏။

သူ ဘာမှပြန်မပြောဖြစ်တော့ပါ။ ပေါ်တီကို အောက်မှာရပ်ထား

တဲ့ သူ့ကားပေါ် လွှားခနဲတက်ကာ –

"ဗွေး"

သူ့ရင်မှာ တစ်ခွန်းတည်း ရေရွတ်မိပြီး။

✿ ✿ ✿

## အခန်း (၂၈)

"တမန် ... မင်း အခုဘယ်မှာလဲ"

နှိုင်းနှိုင်း၏အလောတကြီးမေးခွန်း။ သူ မဖြေပါ။ မောင်းနေတဲ့

ကားကို လီဗာမြှင့်လိုက်၏။

တစ်ဆက်တည်းလည်း နားမှာတပ်ထားတဲ့ ဖုန်းနားကြပ်ကို

ဖြုတ်မလို စိတ်ကူးစဉ် –

"မင်း နတ်မောက်သွားနေတာ မဟုတ်လား"

နှိုင်းနှိုင်းမေးသံကြီး ကြားရပြန်သည်။ ထိုအခါ သူ့စိတ်က

ဘာကိုမှ အစိုးမရတော့ပါ။ ခုနေခါ ဘာတို့မှ မိမိ ခံစားနိုင်စွမ်းမရှိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားလေး တင်းမာနေသည်။

"ဟုတ်တယ်ကွာ"

"ကျွတ် ... ဘာလုပ်ဖို့သွားနေတာလဲကွာ"

"ဟာ ... ခွေးဆီကို သွားနေတာ။ ပိုရှင်းအောင်ပြောလိုက်မယ်၊ ရာပြည့်ပွဲသွားနေတာကွ"

"မင်းသွားမယ်ဆို အစကတည်းက ကိုယ်တို့ကို ခေါ်ပေါ့ ကွာ"

"ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပါ။ မင်းတို့လည်း လိုက်ခဲ့ရင်လိုက်ခဲ့ကြ"

"လိုက်ခဲ့မှာပေါ့ကွ။ ဒါပေမဲ့ မင်း တစ်နေရာရာက စောင့်နေ ဘယ်ကစောင့်နေမလဲ ပြော"

"ဟာ ... မင်းတို့တာသာ မင်းတို့လိုက်ခဲ့။ ကိုယ် မစောင့်ဘူး"

"မစောင့်လို့ရမလား သရဲရာ"

"ရတယ် နှိုင်းနှိုင်း"

"ကျွတ် ... မင်းက တဖွတ်ထိုးမလုပ်နဲ့ သူငယ်ချင်း။ မင်း ဂုဏ်သိက္ခာကို ထောက်ဦးကွ။ လမင်းကလည်း အဲဒါပဲ ပြောနေတာ"

"လဲသေလိုက်"

သူ့စိတ် အနည်ထလာသည်။

"အဲဒီလမင်းကို ပြန်ပြောလိုက်၊ ဘာအကြောင်းကြောင့်မှ





စေ့စပ်ပွဲဖြစ်ဖို့ မရှိဘူးလို့"

သူ ပြောနေလိုက်တဲ့အသံက လမင်းနားထဲ ခါးသက်သွား၏။

"တောက်"

လမင်း လက်သီးလေးကျစ်ကျစ်ဆုပ်မိကာ တစ်ခုခု အော်ပြောဖို့ ပါးစပ်ပင်လိုက်သေးသည်။ နီနီခရမ်းက လမင်းပါးစပ်လေးကို အသာလှမ်းပိတ်ရင်း တိတ်တိတ်နေဖို့ လက်ဟန်လေးနဲ့ ဖြောင်းဖြရှာသည်။

နှိုင်းနှိုင်းက တမန်သစ် ပြန်ပြောတာအားလုံး ကြားစေလို့ စပီကာဖွင့်ထားသည် မဟုတ်လား။

ခုတော့ တမန်ပြန်ပြောနေတာတွေက သည်းမခံနိုင်ဖွယ်။

"တမန် ... မင်း စိတ်လိုက်မာန်ပါ ဘာမှမလုပ်ပါနဲ့ကွာ။ ခုလောလောဆယ်မှာ ခွေးနဲ့မင်း နှစ်ယောက်တည်းတွေ့ဖို့ မသင့်တော်ဘူးကွာ။ ကိုစစ်နိုင်"

"တော်တော့ နှိုင်းနှိုင်း။ မင်း ဘာမှမပြောနဲ့တော့"

"မပြောလို့ရမလားကွ။ ခွေးက ကိုယ်တို့နဲ့ အဆက်အသွယ်ပြတ်နေတဲ့ ရှစ်နှစ်အတွင်းမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ခုမှ ဘူးပေါ်သလို ပေါ်လာပြီးလေ။ အဲဒါကို မင်း သိသိကြီးနဲ့ ဖွတ်တွေ့ချင်နေတာ။ ကံကြီးထိုက်လိမ့်မယ်ကွ။ အရှင်းဆုံးပြောရရင် ခွေးက ပိုင်ရှင်ရှိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နှိုင်းနှိုင်း . . . ကိုယ်က စွေးကို ကြာကူလီရိုက်ဖို့ သွားနေတာ မဟုတ်ဘူးကွ"

သူ ခပ်ရိုင်းရိုင်းပြောလိုက်လျှင် သူငယ်ချင်းအားလုံး မခံမရပ်နိုင်အောင် ဖြစ်သွားသည်။

အသံတိတ်ကြိတ်ပြီး ပြောမိသလို နီနီခရမ်း တို့က ပွစိစိရွတ်၏။

ခုချိန်မှာ သူတို့သူငယ်ချင်းအားလုံးရဲ့ သဘောထားက လမင်းနဲ့ စေ့စပ်ပွဲကို စိတ်ဝင်တစား ရှိနေစေဖို့။

သူငယ်ချင်းတွေဆန္ဒနဲ့ တမန့်ဆန္ဒ ဆန့်ကျင်နေသည်က နှစ်ဦးနှစ်ဖက်လုံးအတွက် စိတ်အနှောင့်အယှက် ဖြစ်စေသည်မဟုတ်လား။

နှိုင်းနှိုင်းက တောက်ခတ်ရင်းပြော၏။

"တမန် . . . မင်းကို ကိုယ်တို့ပြောနေတာက ရိုးရိုးသားသားရင်ဆိုင်ဖို့ကွ"

"ငါ ဘာမရိုးမသားလုပ်နေလို့လဲ"

"ဟ . . . မင်း စွေးဆီမသွားသင့်ဘူး။ မသွားသင့်တဲ့သူဆီ သွားနေတာက မင်းတစ်ခုခုကို ကျူးလွန်နေတာပဲ တမန်"

"နှိုင်းနှိုင်း ငါ့ဘက်က ကျူးလွန်တယ်ဆိုရင် အဲဒီကျူးလွန်မှုက စွေးဘဝကို စာနာလို့ကွ"





"ဟာ တမန် . . . မင်းရှူးနေလား။ စွေးက လင်နဲ့သမီးနဲ့"

"ဟား ဟား ဟား . . . ရယ်ရတယ် နှိုင်းနှိုင်း။ မင်း စဉ်းစားကြည့်စမ်း စွေးဟာ မိမဲ့ဖမဲ့ တစ်ကောင်ကြွက်ပါ။ သူ့ဘဝတစ်လျှောက်လုံး ရုပ်တည်လာတာက ခင်မင်ရာ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ သံယောဇဉ်နဲ့ကွ။ လမင်းပြောတဲ့ ပုံပြင်ထဲကအတိုင်းပဲထားပါတော့။ လျှပ်စီးမကာ သူကိုယ်တိုင် တည်ဆောက်ထားတဲ့ မိသားစုတစ်စုကို ဥပေက္ခာပြု ရှောင်ပြေးရလောက်အောင် သံယောဇဉ်နှံနဲ့နေတဲ့ မိန်းကလေးမျိုးလား။ မင်းတို့ဦးနှောက်နဲ့ စဉ်းစားကြည့်စမ်းကွ"

"ကျွတ် . . . တမန်"

မိုးချာန်က နားထောင်နေရတာနဲ့ အားမရနိုင်တော့ပါ။ နှိုင်းနှိုင်းလက်ထဲက ဖုန်းကိုဆွဲယူရင်း ပြောလေသည်။

"မင်းက ပုံပြင်လို့ထင်နေတာလား"

"တမန်သစ်ဆိုတဲ့ကောင်က သူများပြောတိုင်း ယုံတတ်တာမဟုတ်ဘူးကွ"

"တောက်"

လမင်းဒေဝီ သည်းမခံနိုင်တော့ပါ။

"ရှင် ဘယ်လိုလူလဲ ကိုတမန်သစ်။ သူများလင်ကြီးငုပ်တုတ်မြင်နေလျက်နဲ့ ဘာဖြစ်လို့ ရှေ့တိုးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးရှာန် လက်ထဲမှ ဖုန်းခွက်လှမ်းယူရင်း လမင်းဒေဝီ ပေါက်ကွဲစွာ ပြောချလေသည်။ တမန်သစ် ကားမောင်းနေတဲ့အရှိန်ကို မလျှော့သလို ပြောစရာရှိတဲ့စကားလုံးတွေကိုလည်း မလျှော့ချနိုင်တော့ပါ။

"ဖွေးလင်ကြီးကို မင်း သေချာမေးကြည့်စမ်းပါ။ အဲဒီလင်ကြီးကိုရော ကိုယ်တိုင်မွေးထားတဲ့ကလေးကိုရော ဖွေး ဘာကြောင့်ပစ်ပြေးသလဲ လို့"

"ဟင်"

"ဘုရားရေ"

လမင်းနဲ့အတူ သူမေးတာ အားလုံးတဒိုင်းဒိုင်းကြားနေတဲ့ သူငယ်ချင်းများ ပါးစပ်ဟောင်းလောင်း ပွင့်သွားလေသည်။

ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်းလည်း ပျာယီပျာယာ ဖြစ်ကုန်သည်။

"လမင်း ...ကျေးဇူးပြုပြီး အဲဒီမေးခွန်း မေးပေးစမ်းပါ ကိုစစ်နိုင် ဘယ်လိုပြန်ဖြေလဲ ကိုယ့်ကိုပြန်ပြောပြပါ၊ ဟုတ်ပြီလား"

လမင်းဒေဝီ နှုတ်ခမ်းသား တဆတ်ဆတ်တုန်သွားသလို ဖုန်းကိုင်ထားတဲ့ လက်လည်း ကတုန်ကရင် ဖြစ်လို့သွားသည်။

"နောက်တစ်ခု ကိုယ်ပြောဦးမယ်။ ဖွေးဆီကို ကိုယ်တင်မကဘူး ကိုစစ်နိုင်နဲ့ သမီးလေး လိုက်ခဲ့လို့ရတယ်။ မင်းတို့လည်း လာလို့ရတယ်





စိတ်ဝင်စားရင် မင်းတို့အားလုံး လိုက်ခဲ့ကြ။ ကိုယ်ကတော့ နောက်ပြန်လှည့်ခဲ့ဖို့ မရှိဘူး။ *ကိုယ်စီစဉ်ထားတဲ့အတိုင်း ဖွေးဆီ မရောက်ရောက်*အောင် သွားမှာပဲ။ အဲဒီအတွက် မင်းတို့ ဘယ်လိုပဲတားတား ကိုယ့်အတွက်အဆောရိုးပဲ၊ ဒီထက်ပိုရှင်းအောင် ပြောလိုက်မယ်။ ဖွေးဟာ တစ်ချိန်တုန်းက ကိုယ်တို့နဲ့ကျောင်းနေဖက်သူငယ်ချင်း၊ အခုလည်း သူငယ်ချင်း။ ဒါပေမဲ့ ကိုယ့်နှလုံးသားက ချစ်တဲ့သူ။ ကိုယ်ချစ်နေတဲ့အတွက် ဘယ်သူ့ရဲ့ပြင်ကိုမှ အတည်မယူဘူး။ ဒါပဲ ... ကိုယ်ကားမောင်းနေလို့ နောက်မှပြန်ခေါ်မယ်"

တမန်သစ် ဖုန်းချသွားလျှင် သူငယ်ချင်းအားလုံး မျက်နှာအပျက်ပျက်ဖြစ်ကုန်သည်။

လမင်းမှာ ဆောက်တည်ရာမရသလိုဖြစ်ကာ ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်မျက်ရှသလို ရှက်စိတ်တွေလည်း ဖြစ်တည်လာသည်။

သူမကို စိတ်မဝင်စားဘူးဟု ကြွေးကြော်ထားတဲ့ တမန်သစ် သူမဘက် ခြေဦးပြန်လှည့်လာဖို့ ကိုစစ်နိုင်တို့သားအဖက အပြည့်အဝ ထောက်ကူပေးနိုင်သည်ဟု လမင်း အခိုင်အမာ ယူဆထားသည်။

ခုတော့ ထိုအယူအဆ လွဲရမလို ဖြစ်ကာ။

ဟင့်အင်း။

မလွဲရဘူး။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမလွဲသင့်ဘူး။

တမန်သစ်ဟာ ဓမ္မစပ်ပွဲကို ဂုဏ်သိက္ခာကြီးစွာ ဆင်နွဲစေရမယ်။

ဟုတ်တယ်၊ နွဲကိုနွဲရမယ်။

ဟုတ်တယ်။

တောက်။

✿ ✿ ✿

## အခန်း (၂၉)

"ဟယ်တော်"

အံ့ဩသံလေးနဲ့အတူ မျက်လုံးလေးပါ ဝိုင်းစက်သွားတဲ့ ချွေး မျက်နှာဖူးဖူးလေးကို သူ ကြည်နူးစွာ စိုက်ကြည့်မိသွားသည်။

"ရော့ . . . ချွေးအတွက်"

သူပြောရင်း ပဲပြုတ်နံ့ပြားထည့်ထားတဲ့ ပလတ်စတစ်ထုတ်လေး ကို ကမ်းပေး၏။

ချွေးက ပဲပြုတ်နံ့ပြားထုတ်လေးနှင့် သူ့ကို တစ်လှည့်စီကြည့်ရင်း အံ့ဩဝမ်းသာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် လိုက်လာတယ်"

"ချစ်သူရှိရာလာရမှာပေါ့"

"ဟွန်း . . . သရဲနော်၊ ပြောရင်း ဗွေဖောက်မလာနဲ့"

"တကယ်ပြောတာဟ၊ နင်ဗိုက်ဆာနေပြီ မဟုတ်လား။ တ လိုက်လေ၊ လာ . . . လူရှင်းတဲ့ဟိုဘက်အပင်အောက်က ခုံတန်း ထိုင်စားရအောင်လာ၊ ငါလည်း ဆာနေပြီဟ"

"အေး . . . ငါလည်း တကယ်ဆာနေတာ"

နှစ်ယောက်သား ဗိုလ်ချုပ်ရာပြည့်အခမ်းအနားကျင်းပရာ လူ လူဝေးနဲ့ လှမ်းရာ လျှောက်ထွက်ခဲ့သည်။ ပွဲတော်မှာ တိုးမပေါက်အောင် စည်ကားနေသည်။ မနက် ခုနစ်နာရီကတည်းက ဗိုလ်ချုပ်ပွဲတော် အထိမ်းအမှတ်အဖြစ် ပဲပြုတ်နံ့ပြားကျွေးနေသည် မဟုတ်လား။

ပွဲတော်လာ ပရိသတ်များကလည်း ဗိုလ်ချုပ်ကို အောက်မေ့ခြင်း အထိမ်းအမှတ်နဲ့ ပဲပြုတ်နံ့ပြားစားရန် တန်းစီနေကြတာ ပျော်ရွှင်ဖွယ်ကောင်းနေသည်။

နံပြားဖိုတွေကလည်း အလုံးနှစ်ဆယ်ကျော်ပါသည်။

ပဲပြုတ်နံ့ပြားကို တစ်ယောက်စာအိတ်ထဲထည့်ပေးရင်း အလှူဒါနပြုနေတဲ့ အစီအစဉ်က ပွဲတော်လာ ပရိသတ်အတွက် နှစ်ထောင်းအားရဖွယ်။





ခွေးက သတင်းဓာတ်ပုံတွေ လိုက်ရိုက်နေသလို ပွဲတော်လာ ပရိသတ်လူတန်းစားအစုံတို့၏ အသံကို နားဆင်ရင်း အင်တာဗျူးတာဝန်တွေနဲ့ အလုပ်ရှုပ်နေပါသည်။

ဒါကြောင့် သူမအတွက် ပဲနံ့ပြားရအောင် တန်းစီရင်း ရအောင် ကြိုးစားပေးခဲ့သည်က ချစ်တဲ့စိတ်နဲ့ မဟုတ်လား။

နှစ်ယောက်သား ခုံတန်းလေးမှာထိုင်ကာ စားပွဲပေါ်သို့ ပဲနံ့ပြားထုတ်လေးကိုယ်စီ တင်၍ မျက်နှာချင်းဆိုင် ထိုင်ဖြစ်၏။

သူ ကျောပိုးအိတ်ထဲက ရေသန့်ဘူးလေးထုတ်ပြီး စားပွဲပေါ်တင်သည်။ သူမကလည်း အားကျမခံ သူမသိုင်းလွယ်ထားတဲ့ အိတ်ထဲမှ ရေသန့်ဘူးထုတ်၍ စားပွဲပေါ်တင်လျှင် နှစ်ယောက်သား သဘောကျစွာ ရယ်မောမိလေသည်။

"နင်တော့ အရမ်းပင်ပန်းမှာပဲနော် ခွေး"

သူက စာနာစိတ်ဖြင့်မေးတော့ သူမက ပေါ့ပါးစွာ ခေါင်းလေးခါပြီးပြောသည်။

"မပင်ပန်းပါဘူးဟာ"

"တကယ်"

"တကယ်ပေါ့ဟ ပျော်တောင်ပျော်တယ်။ ဒီအခွင့်အရေးရလာတာ ကံကောင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဗိုလ်ချုပ်ရာပြည့်ပွဲတော် သတင်းလိုက်ဖို့ အားလုံးလာချင်ကြတာလေ။ တိုက်ကလွှတ်မှ လာရမှာဆိုတော့ ငါ ကံကောင်းသွားတယ်။ ထောက်ချုပ်က သွားဆိုတာနဲ့ ငါ ဘယ်သူ့မှမပြောဘဲ လစ်ထွက်ခဲ့တာ"

"ငါလည်း နင့်လိုပဲ ဘယ်သူမှမပြောဘဲ လစ်ထွက်ခဲ့တာ"

"နင်ကတော့ အပျော်သဘောပေါ့"

"ဟ . . . အပျော်သဘောဆိုတာထက် လေးနက်တယ်။ ပြီးတော့ ရင်ခုန်စိတ်နဲ့လည်း ဆိုင်တယ်"

သူ့စကားမဆုံးခင် လျှပ်စီးမက သူ့ကို မျက်စောင်းထိုး၏။ သူက ထိုမျက်စောင်းလှလှလေးကို မမိတ်မသုန်ကြည့်၍ –

"ဟုတ်တယ် . . . ရင်ခုန်စိတ်နဲ့ လာခဲ့တာ။ မယုံရင် ပဲပြုတ်နံပြားကိုကြည့်လေ"

"ဟင်"

ဇွေးက သူပြောတဲ့အတိုင်း ပဲပြုတ်နံပြားထုတ်လေးကို ဖွင့်ကြည့်၏။ ကြည့်တော့လည်း ဘာမှထူးခြားတယ်လို့ မမြင်ပါ။

နံပြားနှစ်ချပ်ပါတယ်။

ပဲပြုတ်ဆီဆမ်းထားတာ စားချင်စဖွယ်ရယ်။ သူမက ကြည့်နေရင်း စားချင်စိတ်ဖြင့် လျှာဖျားလေးနဲ့ နှုတ်ခမ်းကို သပ်လျှင် သူက





သဘောတကျပြော၏။

"ဗိုလ်ချုပ်က ဗိုလ်ချုပ်ချစ်သူကို စာရေးပြီးပြောတာ မှတ်မိလား"

"ကြည့်ရေ . . . ပဲပြုတ်နံပြားရရင် စားချင်တယ် ဆိုတာလား"

ဇွေး ခေါက်ခနဲပြောလျှင် သူ ရွှင်မြူးစွာ ခေါင်းလေးညိတ်၍ . .

"ဟုတ်တယ်ဟ . . . ဟုတ်တယ်။ ကြည့်ရေ ပဲပြုတ်နံပြားရရင် စားချင်တယ်တဲ့။ ခုလည်း ငါက နင့်ကိုပြောမှာ။ ဇွေးရေ ပဲပြုတ်နံပြားရပြီ စားတော့ဟ"

"သရဲ"

သူ့စကားအဆုံးသတ်မှာ သူမက သဘောတကျ ရယ်မော၍ ရေရွတ်လေသည်။

"တကယ်ပြောတာ၊ ဗိုလ်ချုပ်က ပဲပြုတ်နံပြားရရင် စားချင်တာ၊ တကယ်စားရလား မစားရလားတော့ မသိဘူး"

"အေးနော်"

လျှပ်စီးမက လေးလေးနက်နက်လေး တွေး၍ ခေါင်းညိတ်ရှာသည်။

"ပြောရင်းဆိုရင်းတောင် ဗိုလ်ချုပ်ကို ပိုသတိရလာပြီ သရဲရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါလည်း သတိရလွန်းလို့ နင့်အတွက် တန်းစီပြီး မရရအောင် ယူလာတာ။ ကဲ . . . စားလိုက်လေ။ ပိုလ်ချုပ်ကို သတိရခြင်း အထိမ်းအမှတ်နဲ့"

"နင်လည်း စားပါ"

"စားမှာပါဟ"

ပြောရင်းဆိုရင်း သူက ဦးစွာ နံပြားကိုဖဲ့၍ ပဲပြုတ်ဆီဆမ်းနှင့် တို့စားလေသည်။

ထိုအခါ သူမကလည်း အားကျမခံပါ။ ဂျုံမီးဖုတ်နံ့လေးသင်းနေတဲ့ နံပြားချပ်လေးဖဲ့ကာ ဆီအိနေတဲ့ ပဲပြုတ်လေးနှင့် တို့၍ အားပါးတရ စားလေသည်။

ထိုစဉ်။

✿ ✿ ✿

## အခန်း (၃၀)

"သားလတ်"

"ဟင်"

ရုတ်ခြည်းပေါ်ထွက်လာသည့်ခေါ်သံနှစ်သံက ပြိုင်တူနှယ်။ ခေါ်သံကြောင့် မော့ကြည့်လိုက်တော့ သူ့မျက်ဝန်း အဆမတန် ပြူးကျယ်သွားသည်သာ။

"မာမီနဲ့ဒယ်ဒီ"

သူ့နှုတ်မှလည်း လွှတ်ခနဲ ခုန်ထွက်သွား၏။

"ဟုတ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက ချက်ချင်း ရှေ့တိုးလာသလို မာမီက လက်တစ်ဖက် ခါးထောက်ရင်း ရှေ့လာသည်။

"ထစမ်း"

ဒယ်ဒီ အမိန့်ပေးသလိုပြော၏။

သူ မျက်လွှာလွှဲချလျှင် ဓွေးက နားမလည်သလိုနှင့် သူ့မိဘ နှစ်ပါးနှင့် သူ့ကို တစ်လှည့်စီကြည့်၏။

ဒယ်ဒီနဲ့မာမီကလည်း ဓွေးကို ရှုတ်ချသလို ကြည့်ရင်း မာမီက ခရားရေလွှတ်ပြောချ၏။

"သောက်ဆင့်မရှိတဲ့မိန်းမနဲ့ ဒီမှာလာပြီး အကြည်စိုက်နေတာ အံ့ပါရဲ့၊ သားလတ် ခုချက်ချင်း ထစမ်း"

မာမီက ပြောရင်းဆိုရင်း သူ့ပခုံးကို ဆွဲထစေသည်။

"အန်တီ"

ထိုအပြုအမူက ဓွေးရဲ့သိက္ခာကို ဆွဲချသလို ဖြစ်သည်ဟု ဓွေး ခံစားစိတ်တို့ကြောင့် သူ့ထက်ဦးစွာ ဓွေးက မတ်တပ်ရပ်၍ မာမီ့ကို ခေါ်ဆိုရင်ဆိုင်လိုက်သည်။

မာမီက မျက်စောင်းခဲခဲနဲ့ ဓွေးကိုကြည့်ပြီး –

"ညည်းက ဘာလဲ"

"ဘာလဲဆိုတာ အန်တီ ပိုသိမှာပါ"





"ဘာပြောတယ်"

မာမီ ဆွေ့ဆွေ့ခုန်ဖြစ်ကာ သူမပခုံးစွန်းကို လှမ်းဆွဲ၏

"မာမီ"

သူက မာမီ့လက်ကို ကမန်းကတန်း ဆွဲကာ မာမီနဲ့သူမကြား ဝင်ရပ်လိုက်လျှင် –

"သားလတ်"

"မာမီ ဘာမှမပြောပါနဲ့"

"ဟော့ကောင် မင်းအမေကို မင်း ဘယ်လိုပြောလိုက်တာလဲ။

ဒယ်ဒီက သူ့ရင်ဘတ်ကို ဆွဲ၍ မကျေမနပ်ပြောလေသည်။ သူက ဒယ်ဒီနဲ့ ရဲရဲရင်ဆိုင်၍ –

"ဒယ်ဒီရာ မာမီအခုပြောနေတာက ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်ဖြစ်ဖြစ်၊ လင်ကြီးငုပ်တုတ်ရှိလျက်နဲ့ မင်းနဲ့ အကြည်စိုက်နေတဲ့မိန်းကလေးကို ဘယ်သားရှင်မှ တန်ဖိုးမထားနိုင်ဘူး ကွ"

"ဟင်"

ဒယ်ဒီ့စကားလုံးတွေက သူ့ရဲ့သိက္ခာကို ပိုပြီးထိပါးစေသည်။ ထို့ပြင် ဓွေးကိုလည်း စကားလုံးအပြင်းစားနဲ့ ဆွဲရမ်းဓော်ကားလိုက်သည် နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာအန်ကယ် . . . သားသမီးချင်း ကိုယ်ချင်းစာစိတ်မရှိရင်တောင် သူတစ်ပါးသားသမီးကို အလွတ်မဲ့စော်ကားနေစရာ မလိုပါဘူး"

"မလိုဘူးထင်ရင် အန်ကယ့်သားနဲ့ မပတ်သက်နဲ့ကွာ"

"ဟင့် ဟင့် ဟင့် . . . အန်ကယ် အန်ကယ့်စကားတွေက အပျော်ဖတ်ဝတ္ထုတွေထဲက ဂုဏ်မောက်တဲ့ သားရှင်တွေရဲ့စကားလုံးမျိုးတွေပါ။ အဲဒီစကားလုံးမျိုးက ကျွန်မအတွက် ဘာမှမစွမ်းဆောင်နိုင်ပါဘူး။ အဲဒီအတွက် အန်ကယ့်သားကို ကျွန်မ အချိန်မရွေး ဆွဲထားလို့ရတယ်။ အခုကတည်းက အန်ကယ်တို့ အန်တီတို့ရှေ့မှာ ကျွန်မ အဖြေပေးလိုက်မယ်။ တမန် . . . ရှင့်ကို ဇွေး ချစ်ပါတယ်"

"ဟင်"

အားလုံး မျက်လုံးတွေပြူးပြီး လွှင့်စဉ်မတတ် ဖြစ်သွား၏။ လျှပ်စီးမကတော့ ဘာကိုမှ အရေးမစိုက်ပါ။

"မောင်ရေ . . . နောက်တော့ဆုံကြတာပေါ့။ ဇွေး သတင်းလိုက်ဖို့ သွားဦးမယ်။ ဒါပဲနော် ဘိုင်"

ဇွေး ခပ်တည်တည်လေးပင် သူ့မစားလက်စပဲပြုတ်နံပြားထုတ်လေးကို မြတ်မြတ်နိုးနိုး ဆွဲ၏။

ထို့နောက် သူမရဲ့သားရေအိတ်ကိုလွယ်ကာ ဒယ်ဒီနဲ့မာမီရှေ့မှာ ရင်ကော့၍ ထွက်သွားလေသည်။





သူ့ရင်မှာ စိတ်ကြည်နူးသွားသလို မောင်ဆိုတဲ့နာမ်စားလေးကို သဘောကျသွား၏။ သို့သော်လည်း သူ့မိဘနှစ်ပါးသူ့ကို ပြိုင်တူကြည့်လျှင် ရှက်ရိပ်နှင့် သူ့မျက်နှာ နီစွေးသွား၏။

"ကြည့်စမ်း . . . အညတြမ"

"သားမိုက်"

မာမီနဲ့ဒယ်ဒီ အံတင်းတင်းကြိတ်ကာ ရေရွတ်၏။ ဒါပြင် ဒယ်ဒီက သူ့ရင်ဘတ်ကို ဆုပ်ဆွဲထားလျက်နဲ့ ထိုးချ၏။

"ခွပ်"

"အား"

"မင်းကြောင့် ဟိုမိန်းမက အရွဲ့တိုက်တာ ခံရတာကွ။ မင်းကြောင့် ကျက်သရေမရှိတဲ့မိန်းမ စော်ကားသလိုခံနေရတာ၊ တောက်"

"အန်ကယ်"

ဒယ်ဒီပြောသမျှကို သူ့မျက်နှာလွှဲ၍ ခံယူလိုက်သည်။ ထူပူသွားတဲ့ ဘယ်ဘက်ပါးပြင်က နာကျင်သွားသလို အက်ကွဲသွားသလား အောက်မေ့ရ၏။

အဲဝေးတစ်နေရာမှ အဲခြေအနေကို စောင့်ကြည့်နေကြတဲ့ သူ့သူငယ်ချင်းတွေ အပြေးအလွှား ရောက်လာကြသည်။

"တော်ပါတော့ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"တမန့်ကို ကျွန်တော်တို့ စည်းရုံးပါ့မယ်"

သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းဝင်ပြောရင်း သူ့ကို ဆွဲတားကာကွယ်ကြလေသည်။

"မစည်းရုံးနဲ့။ ဒီကောင့်အဆင့်က စည်းရုံးသိမ်းသွင်းလို့ရတဲ့ အဆင့်မျိုး မဟုတ်ဘူး"

"ဟုတ်တယ်၊ စည်းရုံးလို့ရမယ့်အဆင့် မဟုတ်ဘူး။ လာခဲ့ သားမိုက်"

မာမီက ဒယ်ဒီနောက်မှ ပြောဆိုရင်း သူ့ကို အတင်းဆွဲ၍ ကားပေါ်ထိုးတင်ဖို့ ကြိုးစားနေသည်။

"လာ တမန်"

သူ့သူငယ်ချင်းတွေက သူ့ကို ဖေးဖေးမမ ဆွဲခေါ်ရှာသည်။

"ရတယ်ကွာ"

ဘယ်သူ့ရဲ့ဖေးမမှုမကိုမှ တမန်မလိုလားပါ။ ဒါကြောင့် သူငယ်ချင်းတွေဆွဲခေါ်ရာကို သူလိုက်ပါမသွားပါ။

အနီးဆုံးစားပွဲပေါ်မှ သူစားလက်စ ပဲန်ပြားထုတ်ကို ရင်ခုန်မြတ်နိုးစွာ ကောက်ယူသလို စွေးနဲ့သူ့ရဲ့ ရေသန့်ဘူးငယ်လေးနှစ်ဘူးကိုပါ ပူးတွဲကောက်ယူကာ ကျောပိုးအိတ်လွယ်ပြီး လျှောက်ထွက်ခဲ့သည်။

"ဟေ့ နေဦးကွ"





ဒယ်ဒီ ဟန့်တားတာကိုမမှုပါ။

သူ့ခြေလှမ်းတွေ ရွှေ့နေဆဲ။

"သားလတ်နော် ... မာမီတို့အရှက်ကွဲအောင် ဘာမှမလုပ်ပါနဲ့။ သားလတ် တစ်ခုခုလုပ်တာနဲ့ မာမီအရှက်သည်းပြီး သေရလိမ့်မယ် ... ဟင့် ဟင့်"

မာမီက ပြောဆိုငိုယိုရင်း သူ့နောက်က လိုက်ပါလာသည်။

သူကတော့ ကားဆီတန်းသွား၏။

"တမန် မင်းကိုယ်တို့ကားနဲ့လိုက်ကွာ"

သူ ဘာမှဝင်မပြောပါ။ ခုချိန်မှာ သူ သိတာ သူခံစားနေမိတာ တစ်ခုတည်းရှိသည်။ အဲဒါက -

"တမန် ... ရှင့်ကို စွေးချစ်တယ်" တဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟင် . . . ချစ်တယ် ဟုတ်လား။ ပြန်ပြောစမ်း . . . ဘယ်လို တကယ်ပြောတာပေါ့လေ"

လမင်းဒေဝီခမျာ ဆားပက်ခံရတဲ့ ငါးပြေမလို ဆွေ့ဆွေ့ခုန် ဖြစ်လျက် မေးလေသည်။

နီနီခရမ်းလည်း မျက်နှာပျက်ပျက်နဲ့ ခေါင်းလေးညိတ်ရှာသည်။

"အို"

လမင်းဒေဝီ မခံနိုင်စွာ ထိုင်နေရာမှ ဝုန်းခနဲထ၏။

"လမင်း လက်မခံဘူး။ တမန့်ကို လျှပ်စီးမ ချစ်ခွင့်မရှိဘူး။





ဟင့်အင်း . . . မချစ်ရဘူး၊ တောက်"

လမင်းဒေဝီ ဝေါခနဲပြောချသလို ခြေလှမ်းတွေလည်း ဦးတည်ရာမဲ့ကာ ညှော်ခန်းထဲ ပတ်လျှောက်ရင်း ဗျာများနေပါသည်။

ဒါပြင် မျက်နှာအပျက်ပျက်နဲ့ ငုတ်တုတ်ထိုင်နေတဲ့ စစ်နိုင်ရှေ့ ခြေစုံရပ်ရင်းပြော၏။

"ရှင် ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်နေရလား ကိုစစ်နိုင်၊ ရှင့်ဖနီး ကို ရှင် သိမ်းပိုက်ရမှာလေ။ ရှင် ဘာတွေ တွေဝေနေတာလဲ၊ လာစမ်းပါ"

လမင်းဒေဝီ စိတ်လိုက်မာန်ပါဖြစ်၍ ကိုစစ်နိုင်ကို ဆွဲခေါ်လေသည်။

"လမင်း"

မေရတီနဲ့ကလျာလေးက သူမကိုခေါ်ရင်း အနားရောက်လာသည်က လမင်းစိတ်တည်ငြိမ်အောင် ဖြောင်းဖြပေးလိုတဲ့ ခံစားချက်နဲ့ပါ။

"မခေါ်နဲ့၊ လမင်းကို ဘယ်သူမှမခေါ်နဲ့။ လမင်းသိတာ တစ်ခုပဲ ရှိတယ် ကိုစစ်နိုင်။ ရှင့်ဖနီးကို ရှင်သွားခေါ်လေ၊ ဘာကြောင်နေတာလဲ"

စစ်နိုင်က သက်ပြင်းရှည်ကြီး အလီလီချရင်း မျက်နှာလွှဲ၏။ လွှဲထားတဲ့ ထိုမျက်နှာကလည်း ဘယ်လိုမှ ဆယ်ထိန်းလို့မရအောင် ဖြစ်နေတာကလည်း အကြောင်းမဲ့ဟုတ်ရိုးလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် စဉ်းစားပါရစေဦး"

"ဘာပြောတယ်"

လမင်းဒေဝီ ပေါက်ကွဲစွာအော်ဟစ်မေးလိုက်မိသည်။ ကိုစစ်နိုင်က ဘာပြန်ပြောလို့ ပြောရမှန်းမသိပေမယ့် ဗျာများသွားဟန်နှင့် အမူအရာတွေ ဖရိုဖရဲဖြစ်သွား၏။

"ကိုစစ်နိုင် ... ရှင့်စိတ်က ဘာဖြစ်နေတာလဲ။ လျှပ်စီးမကို ရှင် ကြောက်နေတာလားဟင်၊ ပြောစမ်း"

လမင်းဒေဝီ ဒေါနဲ့မောနဲ့ မေးလေသည်။

သွေးရူးသွေးတန်းဖြစ်နေတဲ့ လမင်းဒေဝီကို စောင့်ကြည့်နေတဲ့ တမန့်သူငယ်ချင်း နီနီခရမ်းတို့ နားလည်လို့မရအောင်ဖြစ်လေသည်။

ဒီကိစ္စက သူတို့လိုက်မမီနိုင်တဲ့ဖြစ်စဉ်တစ်ခု ဖြစ်နေမှန်း။ ကိုစစ်နိုင် ငြိမ်ချက်သားကောင်းနေပုံက သိသာနေသည် မဟုတ်လား။

"နေပါဦး လမင်းရယ်"

"ရှင် ဝင်မပါနဲ့ နီနီခရမ်း"

"ဘုရားရေ"

နီနီခရမ်းကို ဟန့်တားလိုက်တဲ့ လမင်းရဲ့လေသံက ယန်နိုင်တွေလို။ သူမဟန့်တားတိုင်း သူမ သူငယ်ချင်းမနှစ်ယောက် ငြိမ်ခံနေပေမယ့် နီနီခရမ်း ငြိမ်ပြီးမခံနိုင်ပါ။





ဒါကြောင့် ထိုင်နေရာမှထကာ လမင်းနဲ့မျက်နှာချင်းဆိုင်လေသည်။

"ဒီမှာလမင်း"

"ကျွတ် ... ရှင့်ကို ဝင်မပြောနဲ့ ပြောထားတယ် မဟုတ်လား"

"ရှင်ပြောတဲ့အတိုင်း ခရမ်းက ရှင့်သူငယ်ချင်းတွေလို ငြိမ်ခံနေမှာမဟုတ်ဘူး"

"ဘာပြောတယ်"

သူမကို ပြန်ပြောလာတဲ့ နီနီခရမ်းကို လမင်းဒေဝီ ဒေါသနဲ့ ရင်ဆိုင်ကြည့်၏။ နီနီခရမ်းကလည်း မခေပါ။

လမင်းနဲ့ ဒွဲရင်ဆိုင်လျှင် ကလျာလေးတို့ စိုးရိမ်ရလေသည်။

"ဒီမှာလမင်း ... နေရာတကာမှာ ငါ့စကားနွားရ မလုပ်ပါနဲ့"

"ဟင် ... ဘာ ဘာ ... ငါ့စကားနွားရဟုတ်လား။ လမင်းစကားက နွားလို အသိမဲ့နေတယ်လို့ ဆိုလိုတာလား"

"ရှင့်စကားလုံးတွေကို ရှင်ပြန်ခံစားကြည့်စမ်းပါ။ ခရမ်းတို့ ခုလိုတွေပြီး ဆွေးနွေးကြတာက ရှင့်ဘက်က ရပ်တည်ဖို့ပါ။ အခု ရှင်က မဏ္ဍပ်တိုင်တက်နေရုံ မကဘူး မဏ္ဍပ်တိုင်ထိပ်ဖျားက တံခွန်တိုင်ပေါ် တက်ရပ်နေတာမျိုး ဖြစ်နေတယ်။ ရှင့်စိတ်နဲ့ရှင် တံခွန်တိုင်ပေါ်တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာပြောမယ်၊ ဆိုချင်ရာဆိုနေမယ်ဆိုရင် ခရမ်းတို့က ရှင့်ပေးစာ ကမ်းစာ စားနေတဲ့ သူတွေလို ခေါင်းငုံ့ခံမှာမဟုတ်ဘူး''

''ဟင် . . . ရှင့်ရှင် ဘယ်လိုပြောလိုက်တာလဲ''

လမင်းဒေဝီ ဆွေ့ဆွေ့ခုန်နာမျက်သွား၏။ ထို့အတူ မေရတီနဲ့ ကလျာလေးလည်း လမင်းဒေဝီဘက်မှ နီနီခရမ်းကို ဝိုင်းလျက်ပြော၏။

''ရှင်စကားပြောတာ ကြည့်ပြောစမ်းပါ''

''ကလျာတို့က ဘယ်သူ့ပေးစာ ကမ်းစာနဲ့မှ ရပ်တည်နေတာ မဟုတ်ဘူး''

''အဲဒါ ရှင်တို့ကိုယ်ရှင်တို့ ပိုသိမှာပါ''

နီနီခရမ်း ဒဲ့ပဲပြော၏။ တဆက်တည်းလည်း ကိုစစ်နိုင်ဘက် လှည့်ကာ –

''ကိုစစ်နိုင် . . . ရှင် ဒီကိစ္စမှာ တစ်ခုခုပြောဖို့ လိုအပ်တယ်။ ရှင် ဘာမှမပြောဘဲ ငုတ်တုတ်ထိုင်နေတာ ဘာကြောင့်လဲ၊ ပြောစမ်းပါ''

နီနီခရမ်းပြောချတော့ ကိုစစ်နိုင်မှာ မျက်နှာမှာ ချွေးစတွေ စို့ထွက်လာသည်လေ။ ဒီပြဿနာက ပြောရအခက်သား။

ပြီးတော့ သူ့ရဲ့ဂုဏ်သိက္ခာနဲ့ ဆိုင်သည်။

ဒါပြင် သူ့အရှက်သိက္ခာကို ဘယ်လိုပုံစံနဲ့ ဖုံးဖိပြီး ရင်ဆိုင်ရမှာလဲ။





တွေးရင် တွေးစရာတွေ အများကြီးဖြစ်နေတာမို့ သူ့ဘက်က ချွေးပျံ နေခြင်း။

သူ ချွေးပျံနေလေ လမင်းတို့က ပိုပြီးမကျေနပ်လေ။

''ဟုတ်တယ်၊ ရှင်ပြောကိုပြောရမယ်။ ပြောမှ ဒီကိစ္စ ရှင်းမယ်။ နောက်ဆို မဆိုင်တဲ့ဟာတွေနဲ့ စွက်ဖက်နေတာလေ၊ ရှင် မမြင်ဘူးလား''

လမင်းက နီနီခရမ်းကို ဖက်ပြိုင်ပြောလို့ မနိုင်မှန်းသိတော့ ကိုစစ်နိုင်ဘက် ပစ်မှတ်ထား၏။

''ဟင့် ဟင့် ဟင့် . . . ရှင့် ကိုစစ်နိုင်က ရှင်ပြောစေချင်တိုင်း ပြောမယ်တဲ့လား''

''ဟင်''

ခနဲ့သဲ့သဲ့ရယ်သံနှင့် စကားဝိုင်းထဲ ပေါက်ချလာတဲ့ သွင်သွင်။ သွင်သွင့်ကိုမြင်ရတော့ လမင်းဒေဝီ အသားတဆတ်ဆတ်တုန်သွား၏။

''သွင်သွင်''

မေရတီတို့လည်း အံ့သြကာ ရင်ဘတ်လေးဖိ၏။ သွင်သွင် ပါလာရင်မလွယ်။ သွင်သွင်က အစကတည်းက လမင်းကို ဝေဖန်တိုက်ခိုက်သူ မဟုတ်လား။

''သွင်သွင် . . . ရှင်''

''ဟုတ်တယ်လေ၊ ရှင်တို့သူငယ်ချင်းသွင်သွင်။ မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဆိုတော့ သတိရလို့ ဝင်လာတာ။ ဒါနဲ့ ကိုစစ်နိုင် ... ရှင်ဘာဖြစ်လို့ ထုတ်မပြောရတာလဲ။ ရှင်မြန်မြန်ပြောလိုက်စမ်းပါ။ ရှင်မပြောသလောက် လမင်းဒေဝီ ရနေတဲ့ရောဂါ သက်သာမှာမဟုတ်ဘူး၊ ဟုတ်တယ်နော် လမင်း''

''တောက်''

ဟိုဘက်ဖိအားပေးသလိုပြောရင်း လမင်းကို ထိုးဆွသလို ပြောလျှင် လမင်း လက်သီးဆုပ်လေး ဆုပ်မိချေသည်။

''ရှင် ထွက်သွားစမ်းပါ သွင်သွင်''

လမင်းနှင်ထုတ်၏။ သွင်သွင်က ပခုံးလေးပင့်ကာ တဟင့်ဟင့် ရယ်မောလျက်ပြော၏။

''ရှင်နှင်ထုတ်ရလောက်အောင် ဒီညွှန့်ခန်းက ရှင့်အိမ်ညွှန့်ခန်း မို့လို့လား''

''ဟင်''

''ဟုတ်တယ်လေ၊ ဒါ ... နီနီခရမ်း ညွှန့်ခန်း။ နီနီခရမ်း နှင်ထုတ်တယ်ဆိုရင် သဘာဝကျသေးတယ်''

''ကျွတ်''

လမင်းဒေဝီ ရှုံးချင်လောက်အောင် ခံစားရလေသည်။

ဒါကြောင့် ...





''ကိုစစ်နိုင် ... လာ လာစမ်းပါ''

မရတဲ့အဆုံး ကိုစစ်နိုင်ကိုပဲ သည်းသည်းမည်းမည်း ဆွဲခေါ်လေသည်။

''ဟုတ်တယ်ကိုစစ်နိုင်၊ ဒီကိစ္စ ရှင်နဲ့စွေး ထိပ်တိုက်ရင်ဆိုင်မှာ။ အဲဒီထိပ်တိုက်ရင်ဆိုင်တဲ့အခါ လမင်းကိုရှေ့မှာထားပါ။ ဒါမှ လမင်းက ရှင်နဲ့စွေးဖြစ်စဉ်ကို သိရမယ်။ အဲလိုသိရမှလည်း တမန့်ကို လမင်း မျှော်လင့်ဖို့ အလားအလာရှိမရှိ ကွဲကွဲပြားပြားသိရမယ်လေ နော် လမင်း''

''ကျွတ်''

''ဒါပဲနော်၊ လမင်း ... ဘိုင့်ဘိုင်''

သွင်သွင်ကပြောချင်ရာပြောသွားပြီး အနိုင်ပိုင်း၍ ထွက်သွားလျှင် လမင်းဒေဝီ ဒေါသဖြစ်ကာ စားပွဲပေါ်က ပန်းအိုးကို ဆွဲယူသည်က ပစ်ပေါက်ဖို့။

နီနီခရမ်းက လမင်းလက်ထဲမှ ဦးစွာဆွဲ၍ –

''ကဲ လမင်း ... ရှင့်လူရှင်ခေါ်သွားပြီး ပြဿနာကိုမေးတော့။ ခရမ်းလည်း ရှင့်ဘက်က ပါသင့်မပါသင့် စဉ်းစားဦးမယ်။ ဒါပဲ''

နီနီခရမ်း အားနာမနေတော့ပါ။ ရင်ထဲရှိတဲ့အတိုင်း ပြောချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ . . . ဒီမှာ တွေ့ဆုံကြတာ ပြဿနာကို ရှင်းဖို့

လမင်းရဲ့စိတ်က ပြဿနာကိုရှင်းဖို့ထက် ပိုင်ဖို့ နိုင်ဖို့တွေး ဦးတည်နေသလို ဖြစ်နေတာဘာကြောင့်လဲ။

"လာ ကိုစစ်နိုင် . . . ကျက်သရေမရှိတဲ့ဟာတွေရဲ့ အရိပ်အောက်မှာမပြောတော့ဘူး။ လာစမ်းပါ . . . မေရတီနဲ့ကလျာ"

လမင်းဒေဝီဆိုတာ အဲသလိုရယ်။

ဒါကြောင့် နီနီခရမ်း အံကြိတ်ကာ မျက်နှာလေးခါပစ်လိုက်ရ

တည်ငြိမ်မှုမရှိတဲ့လမင်း။

ရင့်ကျက်ဖို့ဆိုတာ အဝေးဆုံးမှာ။

ဒါကြောင့် ပြဿနာက ပိုကြီးတာလို့ပြောရင်။

✿ ✿ ✿

## အခန်း (၃၂)

"တောက် ကိုစစ် . . . ရှင်သောက်ကျင့်ကဘာလဲ"

စိမ်းစိမ်းဈေးအသံလေး သူ့နားမှာ ပဲ့တင်ထပ်နေလျှင် စစ်နိုင်နေမထိ ထိုင်မသာဖြစ်လို့သွားသည်။

ထိုမေးခွန်းနဲ့အတူ စူးရဲသော စိမ်းစိမ်းဈေးရဲ့အကြည့်က သူ့ရင်ကို သွက်သွက်ခါ ပူလောင်စေသည်။ ထို့ကြောင့် ရေခဲလုမတတ် ဖြစ်နေတဲ့ ရေသန့်ဘူးကို ဆွဲယူ၍ တစ်ကြိုက်မော့သောက်လိုက်သည်။ သို့သော်လည်း ရင်မှာမငြိမ်။ စိတ်မှာ ဂယောက်ဂယက် ဖြစ်လို့နေသည်။

ဒါပြင် . . . ထိုမေးခွန်းနောက်က စိမ်းစိမ်းဈေးရဲ့ပြောသံတွေက



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသက် နာကျင်မှုတွေ ရောထွေးနေခဲ့သည်က ခုချိန်ထိ နှလုံးသားမှာ လတ်လတ်ဆတ်ဆတ် ခံစားနေဆဲဖြစ်သည်။

''ရှင်ပြောစမ်းပါ ... ရှင် တောင်းဆိုတုန်းက''

''တော်ပါတော့ ဓွေးရယ်''

''အို ... တော်လို့မရဘူး။ ရှင်မပြောချင်ရင်လည်း ရတယ်။ ဒါပေမဲ့ ... ရှင့်ကိုယ်ရှင် ပြန်မေးကြည့်''

လက်ညှိုးဒိုင်းခနဲထိုးရင်း မေးလျှင် သူ့ရင်ထဲကအသံတွေက လှိုင်းတံပိုးနှယ် ဆူညံလို့သွားသည်။

သူ့နှလုံးသားဖာတ်လမ်းက တကယ်တော့ အံ့သြဖွယ်ကောင်းနေသည်ဟု ပြောလို့ရသလို ထူးခြားနေသည်ဟုလည်း ဆိုနိုင်သည်။

ဒယ်ဒီနဲ့စိတ်ဆိုးပြီး သူငယ်ချင်းရှိရာ ထိုင်းနယ်စပ်ဘက်သို့ ထွက်ခဲ့သည်။ ပြည့်စုံသောမိဘမျိုးရိုးမှ ဆင်းသက်လာတဲ့ သူ့အဖို့ နယ်စပ်မှာ အခက်အခဲဖြစ်လျက်။ သို့သော်လည်း မာမီက ဒယ်ဒီမသိအောင် သူ့အတွက် လစဉ် ငွေပို့ပေးလို့ သူ ရပ်တည်နေနိုင်ခဲ့သည်။

သို့သော်လည်း ဝေလေလေရယ်။

ဘာအလုပ်မှလုပ်ဖို့ စိတ်မဝင်စားသလို ဘယ်အလုပ်ကိုမှလည်း ထိထိရောက်ရောက် လုပ်ကိုင်မတတ်ပါ။ သို့သော် မာမီပို့တဲ့ငွေနဲ့ သူ့ဘဝ ပျော်သလိုနေနိုင်ခဲ့သည်။





ထိုသို့ သူ့သူငယ်ချင်းနဲ့နေရင်း အစိမ်းဆိုတဲ့ မိန်းကလေးနဲ့ တွေ့ခဲ့သည်။

အစိမ်းရဲ့နာမည်ရင်းက စိမ်းစိမ်းဓွေး။

အဲဒီအစိမ်း ခေါ် စိမ်းစိမ်းဓွေးရဲ့ သူငယ်ချင်းကလည်း အစိမ်းနဲ့ နာမည်တူ စိမ်းစိမ်းဓွေး ဖြစ်သလို မိဘနာမည်ချင်းပါ တူနေကြသည်က ပုံပြင်ဆန်သလို ရှိ၏။

အစိမ်းက ထိုစဉ်က စက်ရုံဝန်ထမ်း၊ စိမ်းစိမ်းဓွေးက အလွတ်တန်းသတင်းထောက်လုပ်နေသည်။

အစိမ်းနဲ့သူ ချစ်သူဖြစ်ပြီး မကြာခင်မင်္ဂလာဆောင်သည်။ အစိမ်းနဲ့ စိမ်းစိမ်းဓွေးက အတူနေသူငယ်ချင်းမို့ သူက စိမ်းစိမ်းဓွေး ငှားထားတဲ့အခန်းမှာ လိုက်နေသည်။

သူ့အစိမ်းနဲ့ စိမ်းစိမ်းဓွေးက နာမည်တူသလို ရုပ်ရည်လည်း ဆင်သည်။

သို့သော်လည်း သူ့အစိမ်းက မျက်မှောင်တကြုတ်ကြုတ်နဲ့ နေတတ်ပြီး စိမ်းစိမ်းဓွေးက အစဉ်အမြဲ ရွှင်မြူးနေကာ ဘဝအတွက် အမြဲတမ်း တက်ကြွနေခဲ့သည်။

ထိုနှစ်ယောက်ကို နေ့စဉ်နဲ့အမျှ ယှဉ်တွဲပြီး မြင်နေရတော့ သူ့စိတ်က တစ်မျိုးတစ်မည်ဖြစ်လာသည်။ သို့သော်လည်း အစိမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျော်မွေ့စွာ နေထိုင်ရင်း သမီးလေးတစ်ယောက်ရ၏။

နှလုံးရောဂါအခံရှိတဲ့ အစိမ်းက သမီးလေးမွေးပြီး ကိုးလအကြာမှာ အအေးမိလွန်ပြီး ရုတ်တရက် ဆုံးပါးခဲ့သည်။

"ဘုရားရေ ... အို အစိမ်း ... ဘုရား ဘုရား"

အစိမ်း ရုတ်တရက် ဆုံးပါးတော့ စိမ်းစိမ်းဖွေးမှာ သူငယ်ချင်းအတွက် ယူကြုံးမရဖြစ်မိသလို သမီးလေးကိုလည်း ကရုဏာသက်လျက် မွေ့မွေ့ပိုက်ပိုက် ယုယရှာသည်။

အစိမ်း တစ်လပြည့်ဆွမ်းသွပ်ပြီးတော့ သူ စိမ်းစိမ်းဖွေးကို တောင်းဆိုခဲ့သည်။

"စိမ်းစိမ်းရယ် ... အစိမ်းမျက်နှာကိုထောက်ပြီး သမီးလေးကို ကိုယ်နဲ့အတူ စောင့်ရှောက်ပေးပါနော်။ သမီးလေးက ငယ်သေးတော့ ကိုယ်မပြုစုတတ်လို့ လိုအပ်ချက်တွေရှိနေလိမ့်မယ်။ ဒါကြောင့်ပါ"

"သမီးလေးကို ဖွေးလည်း ကရုဏာသက်ပါတယ်။ စောင့်ရှောက်ပေးရတာ အပန်းမကြီးပါဘူး။ ဒါပေမဲ့ ... ကိုစစ်မိဘဆီ သမီးလေးကို ခေါ်သွားတာ ပိုပြီးကောင်းမလားလို့"

"ဟင့်အင်း ... မဖြစ်သေးဘူး။ လောလောဆယ် မာမီက နိုင်ငံခြားမှာ ဆေးသွားကုနေတာ။ အစိမ်းဆုံးတဲ့အကြောင်းလည်း မသိသေးဘူး။ သိအောင်ပြောလို့လည်းမဖြစ်ဘူး။ နောက်မှ အခြေအနေ





ကြည့်ပြီး စီစဉ်မယ်။ ခုလောလောဆယ် အရင်အတိုင်းပဲ ဒီမှာ ဆက်နေသွားမယ်"

သူ ကမန်းကတန်းရှင်းလိုက်တော့ ဖွေး နားလည်စွာ လက်ခံပေးလေသည်။ တကယ်တော့ သူရှင်းပြတာတွေက ဖန်တီးမှုတွေ။

အစိမ်းဆုံးတာကို မာမီတို့သိအောင် သူမပြောလိုပါ။

တစ်ချိန်ကျရင် ဖွေးဟာ သူနဲ့သမီးလေးဘဝထဲ ရောက်လာလိမ့်မယ်လို့ သူယူဆသည်။

ဒါတင်မက –

"သားရယ် ... သားတို့မိသားစု အဝေးမှာနေနေတာ မာမီစိတ် မချမ်းသာဘူး။ သားဒယ်ဒီ သားကို စိတ်ပြေလာအောင် မာမီ စည်းရုံးနေပါတယ်။ သား ဒယ်ဒီ သားကိုပြန်ခေါ်တဲ့တစ်နေ့ သားတို့ ပြန်လာခဲ့နော်"

မာမီက တတွတ်တွတ်နဲ့ ဖုန်းဆက်တိုင်း ထိုသို့ပြောနေကြ။ ဖွေးဟာ အစိမ်းကိုယ်စား သမီးလေးမိခင်ဖြစ်လာနိုင်သည်။ သမီးလေးကလည်း ဖွေးကိုပဲ မိခင်ရင်းလို့ထင်မှတ်ကာ စကားစထွက်တာနဲ့ မေမေမေဟုခေါ်သည်။

သူ့ကိုလည်း ဖေ ... ဖေဖေနဲ့ရယ်။

သမီးရယ်၊ ဖွေးရယ်၊ သူရယ် မသိရင် တကယ့်မိသားစုရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလည်း တွန်းအားပေးသလို စနောက်တာတွေရှိ၏။

စနောက်လာသမျှကို ဆွေးက ပြန်လည်းမပြော။ စိတ်ဆိုးတဲ့ အမူအရာလည်းမပြ။ သမီးလေးကို ချစ်မြတ်နိုးစွာကြည့်ရင်း ကြည့်ဖြူ နေလျှင် သူ့စိတ်က ဆွေးအပေါ် ပို၍ ရင်ခုန်လေ ဖြစ်ရသည်။

ဒါ့ပြင် သူ့ဘဝနဲ့သူ့သမီးလေး အနာဂတ်အတွက်။

ထိုသို့တွေးမိလေ ဆွေးအပေါ် ချစ်စိတ်တို့ ပိုကြွကာ သူ့ရင်မှာ စိမ်းစိမ်းဆွေးမှ စိမ်းစိမ်းဆွေးအဖြစ် ခံစားမိ၏။

ထိုခံစားမှုတွေ ဖြစ်တည်လာတာရဲ့နောက်တွင်။

✿ ✿ ✿

## အခန်း (၃၃)

"မင်းပုံစံက ဘာဖြစ်နေတာလဲကွာ"

သူ့သူငယ်ချင်း ပိုင်ပိုင်လင်း အားမလို အားမရမေးခြင်းပါ။ သူက ရင်ဖွင့်ရမှာ ရှက်ရွံ့သလိုလို ဖြစ်၏။

ပိုင်ပိုင်လင်းက ဒီကိစ္စမှာ ဇရှိသူမို့ သူ့မျက်နှာရိပ်ကို ကြည့်တာနဲ့ ဒက်ခနဲ သိနှင့်သလိုရှိ၏။

"စိမ်းစိမ်းဆွေးကို တွယ်ချင်နေတာ မဟုတ်လား"

ထိုမေးခွန်းနောက်မှာ သူ့မျက်နှာ ပို၍ အရှက်သည်းသွားသလို သူ့စိတ်ကလည်း ပို၍ ဆူဆူကြွကြွ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါများကွာ ... သွေးတိုးစမ်းနေစရာတောင်မလိုဘူး။ မင်း သမီးလေးကို စိမ်းစိမ်းဓွေး ကိုယ်ဖိရင်ဖိ ပြုစုနေတာက မင်းကို ကြွေနေလို့ပဲဖြစ်မယ် သူငယ်ချင်း။ မင်းကသာ အစပြုဖို့လိုတာ။ မင်းဘက်က စကြည့်လိုက်။ အပျိုရိုင်းလေး သွေးကြွလာစေရမယ်"

"စွတ်ရွတ်မြှောက်မနေနဲ့ ... တော်ကြာ"

"ဒါ ... မြှောက်တာမဟုတ်ဘူး။ အတည်ပြောတာကွ။ မင်းစမှ ဟိုက သွေးကြွမှာ။ သွေးကြွလာတော့ တွယ်လိုက်ပေါ့ကွ ... ဟား ဟား ဟား"

ပိုင်ပိုင်ပြောတာကလည်း ဟုတ်နေသည်။ နောက်ပြီး သူ့စိတ်လိုအင်တွေကလည်း လှုပ်လှုပ်နွေးနွေးလျက်။ အစိမ်းဆုံးပြီးကတည်းက သူ့သွေးက တောင်းဆိုလာတဲ့ ဆန္ဒတွေကို တခြားနည်းတွေနဲ့ ဖြေသိမ့်နေခဲ့ရတာ။ စိတ်ဆန္ဒ မပြေရုံမက ပို၍ တောင့်တလာသယောင်ရှိနှင့်၏။

ဒါကြောင့် သူ့စိတ်က တွယ်မက်နေတဲ့ မိန်းကလေးနဲ့ သူ့ဆန္ဒတွေ ပြည့်ဝအောင် ခံစားလိုစိတ် ထက်သန်နေသည်။

ဒီအချိန်မှာ ပိုင်ပိုင်ကလည်း ဇာတ်လမ်းစဖို့ လမ်းကြောင်းပေး လာတော့ ပို၍ တအားတက်ကာ။

ဒီလိုနှင့်။

✿ ✿ ✿

## အခန်း (၃၄)

မီးရောင်လေး မှိန်လျနေသည်။

မီးရောင်မှိန်မှိန်အောက်မှာ စိမ်းစိမ်းဓွေးရဲ့အသားအရေက ကြည်ဝင်းနေသလို ဘေးတစောင်းလေး လှဲအိပ်နေတဲ့ပုံစံလေးက ပွေ့ဖက်ယုယလိုစိတ်ကို မထိန်းနိုင်အောင် ဖြစ်ရလေသည်။

ထို့ကြောင့် သူမလေးကို ဖွဖွလေးပွေ့၍ ရွရွလေး နမ်းရှိုက်လိုက်မည်ဟု စိတ်ကဖြစ်တည်နေတဲ့အတိုင်း စိမ်းစိမ်းဓွေးအနား ကပ်သွားလျှင် ...

"ဟင် ... ကိုစစ် ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သံလေးနှင့် ရှန်းထတဲ့ စိမ်းစိမ်းရွှေ။ သူက စိမ်းပါးစပ်ကို လှမ်းပိတ်၏။

"အို ... ရှင် ယုတ်မာမလို့ဟုတ်လား။ အံ့သြစရာကောင်းလိုက်တာ"

"ဟို ... မ မဟုတ်ပါဘူးဟာ။ ကိုစစ် ရှင်းပြပါရစေ။ ဒီလိုဟာ"

"ဘာမှမရှင်းပြနဲ့။ ဒီမှာ ရှင့်သမီးကို ရင်နဲ့လွယ်ပြီး ထိန်းအိမ်စောင့်ရှောက်ပေးတဲ့ ငါ့စေတနာကို နင် ထိုင်ကန်တော့သင့်တယ်။ အခုတော့ ငါ့ကိုပါ သိမ်းပိုက်မလို့တဲ့။ ဟင့် ဟင့် ဟင့် ... နင့်သောက်ကျင့်ကို ငါမကျေနပ်ဘူး"

"ဟင်"

စစ်နိုင် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်လေသည်။

"စိမ်းစိမ်း ကိုစစ်တောင်းပန်တယ်ဟာ။ စိမ်းစိမ်းကို မြတ်မြတ်နိုးနိုး ပေါင်းချင်လို့"

"သေချင်းဆိုး၊ ပေါင်းချင်လို့ ဟုတ်လား။ ငါနဲ့တော့ မပေါင်းရဘူး။ ထောင်နဲ့ပေါင်းရစေမယ်၊ ခုချက်ချင်း သွားတိုင်မှာ ... တောက်"

စိမ်းစိမ်းရွှေ ဒေါသမထိန်းနိုင်စွာပြောရင်း သူ့ကို ဆောင့်တွန်းကာ အခန်းထဲက တိုးထွက်သွား၏။





"စိမ်းစိမ်း ... နေ နေဦးဟာ၊ ငါ ရှင်းပြ"

သူလိုက်လံဆွဲတားလို့ မရတော့ပါ။

တကယ်ပဲ တိုင်တောဖို့ ထွက်သွားလျှင် စစ်နိုင် မလန့်ဖျပ်ဘဲ မနေနိုင်တော့ပါ။

ဒါ နယ်စပ်။

မိန်းကလေးတစ်ယောက် အလိုမတူဘဲ စော်ကားမှုပြုရင် ဥပဒေနဲ့ စီရင်တာ နောက်မှ။

လောလောဆယ် ဒီနယ်မြေကို ထိန်းသိမ်းတဲ့ ဂိုဏ်းအဖွဲ့ ရှိသည်။

ထိုအဖွဲ့က ပုဂ္ဂိုလ်တွေက တိုင်တောတာနဲ့ ဖမ်းဆီးပြီး မသေမရှင် နှိပ်စက်မယ်။

တစ်ခါတုန်းကဆိုလျှင် မိန်းကလေးတစ်ယောက်ကို စော်ကားတဲ့လူကို တာရာခွေတွေစွပ်ထည့်ပြီး မီးရှို့သတ်ဖြတ်ခဲ့တာမျိုး သူကြားဖူးသည်မဟုတ်လား။

ဥပဒေထက် ထိုပုဂ္ဂိုလ်တွေရဲ့ စီရင်မှုက ပိုဆိုး၏။

သေချာတာက သူ့အသက်နဲ့ကိုယ် အိုးစားမကွဲရင်တောင် ခံရမှာက နည်းနည်းနောနော မဟုတ်ပါ။

ရှင်းပြရင်လည်း ဘယ်သူမှ လက်ခံမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို တွေးမိတာကြောင့် သူ့ခမျာ သမီးကိုပွေ့ချီကာ ထိုနေရာမှ ထွက်ပြေးခဲ့တာ သူ့မိဘအရိပ်အောက်ရောက်တဲ့အထိ။

ပိုင်ပိုင်ကတော့ စိမ်းစိမ်းဓွေးကို စည်းရုံးပေးမည်ဟု ဆိုပါသည်။ သူကလည်း ယုံကြည်စွာ မျှော်လင့်သည်။

သို့သော် သူ မျှော်လင့်သလို ဖြစ်တည်မလား။

စိမ်းစိမ်းဓွေးက တောက်တခတ်ခတ်နဲ့။

ဒီနယ်မြေမှာတွေ့ရင် တွေ့တာနဲ့ ထိုပုဂ္ဂိုလ်တွေနဲ့ ပိုင်းဆုံးမဖို့ သူ့ကို အံတကြိတ်ကြိတ် ဖြစ်နေသတဲ့။

သူ့မှာ မစားရဘဲ ဝရမ်းပြေးဖြစ်ကာ။

ဒီလိုနဲ့ စိမ်းစိမ်းဓွေးနဲ့ အဆက်အသွယ်ပြတ်နေသည်။ သူကတော့ သံယောဇဉ်မကုန်နိုင်စွာ စုံစမ်းမိသေးသည်။

"နင့်စိမ်းစိမ်းဓွေး ဘန်ကောက်ဘက်သွားတယ်လို့ သတင်းရတယ်။ မင်း စုံစမ်းကြည့်ဦး"

ပိုင်ပိုင်က ထိုသို့ သတင်းပေးလာသည်။ သူကလည်း အမျှင်မပြတ် စုံစမ်းသေးသည်။

"သားရယ် ... လင်မယားချင်း စိတ်ဆိုးတာပဲ ချော့မော့ပြန်ခေါ်ပါကွယ်။ မာမို့မြေးလေး အမိမဲ့ဖြစ်နေတာ မာမီ မကြည့်ရက်ဘူး"





မာမီက ထိုသို့ဆိုသည်။

သူက မုဆိုးဖိုလို့ ထုတ်ပြောဝန်ခံခြင်းမရှိသလို စိမ်းကိုလည်း မျှော်လင့်သေးသည်။

ဒါကြောင့် စိမ်းနဲ့ စိတ်ဆိုးပြီး မာမီတို့ဆီကို ပြန်လာတာဟု သူညာခဲ့သည်။

မာမီက တကယ်ထင်သည်။

ဒီလိုနဲ့ နေလာတာ သမီးလေးပင် ခြောက်နှစ်ပြည့်ချေပြီ။

သမီးလေးနဲ့ သူ့ဘဝ မာမီတို့ရင်ခွင်မှာ ခိုလှုံရင်း လမင်းဒေဝီနဲ့ ရင်းနှီးကာ။

လမင်းဒေဝီကလည်း သူပြောတဲ့အတိုင်း သမီးအမေက စိတ်ဆိုးပြီး သူတို့သားအဖကို ပစ်သွားတာကို ယုံကြည်နေသည်။

ဒါနဲ့ တစ်နေ့ သမီးအမေနာမည် စိမ်းစိမ်းဓွေးဆိုတာကို သိသွား၏။

ထိုသို့သိလျှင် သတင်းထောက်လုပ်နေတဲ့ စိမ်းစိမ်းဓွေးပုံစံကို မြော် ဖြစ်လေသည်။

ထိုအခါ ...

သူ့စိတ်က စိမ်းစိမ်းဓွေးကို လိုချင်စိတ်လက်ကျန် ရှိနေသေးတာမို့ လမင်းအားပေးတာနဲ့ ကြိုးစားဖို့ စီစဉ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း . . . စိမ်းစိမ်းခွေးကို သူ မျက်နှာချင်း မဆိုင်ရဲပါ။

လမင်း ဝင်နှောက်တဲ့အတိုင်း တမန်က စိမ်းစိမ်းခွေးကို ရှောင်သွားရင် သူ့ဘက်က အလေးသာလာနိုင်သည်ဟု ယူဆသည်။

ခုတော့။

✿ ✿ ✿

## အခန်း (၃၅)

"ခွေးကို ရှင်တို့ ဘယ်လိုမိန်းကလေးထင်လို့လဲ။ ဒီမှာ သတ္တိရှိရင်လာခဲ့။ ရှင်ကော လမင်းဒေဝီကော။ နောက်ပြီး ရှင့်မိသားစု အသိုင်းအဝိုင်းကိုပါ ခေါ်လာ။ ခွေးစောင့်နေတယ် ကိုစစ်နိုင်။ ရှင်တို့မလာရင် ခွေးကိုယ်တိုင် လာခဲ့မယ်။ ဒါပဲ"

သူ့ကိုဖုန်းဆက်ပြီး ထိုသို့အသံပေးသလို လမင်းဒေဝီကိုလည်း ပြော၏။ ထိုအခါ လမင်းဒေဝီ အူလျားဖားလျားပြေးလာပြီးမေး၏။

"ကိုစစ် . . . ရှင်တို့ဇာတ်လမ်းက ဘယ်လိုလဲ။ လျှပ်စီးမကလာတွေ့မယ်တဲ့။ ပြီးတော့ လမင်းကိုလည်း တရားစွဲမယ်တဲ့လေ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ကြမလဲ။ ရှင်ပြောတော့ လျှပ်စီးမက ရှင့်ဖနီးဆို ... ပြောလေ''

''ဟုတ်တယ်ဆိုတာ''

''ဘာဟုတ်တယ်ဆိုတာလဲ။ ရှင့်စကားယုံလို့ လမင်းပြောဆိုခဲ့တာ။ ခုတော့ကြည့်စမ်း ... ရှင့်ကိုလည်း မကျေနပ်ဘူး၊ တောက်''

လမင်းဒေဝီ တောက်တခတ်ခတ်နဲ့ ဖြစ်နေသလို ကိုစစ်နိုင်လည်း ဆောက်တည်ရာမရ ဖြစ်နေသည်။

စိမ်းစိမ်းစွေးစိတ်ကို သူ့ဘက်က လျှော့တွက်ခဲ့မိတာ မှားပြီထင်တယ်။

အကယ်၍ စိမ်းစိမ်းစွေး သူ့အသိုင်းအဝိုင်းထဲရောက်လာပြီး သူ့ အကြောင်းတွေ ဖွင့်ပြောချရင်။

ဟင့်အင်း။

စစ်နိုင် ထိုသို့ အဖြစ်မခံနိုင်ပါ။

ထို့ကြောင့်။

✿ ✿ ✿

## အခန်း (၃၆)

''ဘယ် ... ဘယ်လို''

ဒေါ်ခင်ချိုမြင့် စိုးရိမ်စိတ်ကလေးနဲ့ ထပ်ဆင့်မေး၏။ ဒေါ်ရတနာဒေဝီက သက်မရှည်ကြီးချ၍ ပြောရှာသည်။

''သမီးလေး လမင်းက ဒီပလိုမာစာမေးပွဲဖြေမယ်ဆိုပြီး သူ့အစ်မရှိရာ အင်္ဂလန်သွားပြီ၊ ဟုတ် ... ဟုတ်လား ရတနာ''

''ဟုတ်တယ် မမမြင့်ရဲ့''

''အိုး ... ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ။ သားနဲ့စေ့စပ်ပွဲရှိတယ်လေ။ ဟင့်အင်း ... ရတနာရေ မြင့် လက်မခံဘူး။ ခုနဦး



www.burmeseclassic.com

www.burmeseclassic.com



မြင့်လာခဲ့မယ်''

မာမီ ကမန်းကတန်း ဖုန်းချရင်း နောက်ပြန်လှည့်လျှင် အပေါ် ထပ်မှ ဆင်းလာတဲ့ သူ့ကို ဘွားခနဲ မြင်တွေ့လေသည်။ သူ့ကိုတွေ့တာနဲ့ အားရဝမ်းသာ ပြေးလာ၍ –

''သားလတ်ရယ် ... လမင်းလေးကို ဖြောင်းဖျပါဦးကွယ်။ လမင်းလေး အင်္ဂလန်သွားပြီတဲ့။ သား လိုက်သွားစမ်းပါ''

''မာမီ''

သူ စိတ်ပျက်စွာ ဖိခေါ်ဖြစ်သည်။

''သားလတ်''

''မာမ့်ကို သား အစကတည်းက ပြောပြီးသား။ လမင်း ဘာကြောင့် အင်္ဂလန်သွားတယ်ဆိုတာ မာမီတို့သိရက်နဲ့''

''ဟဲ့ ... ဟိုမိန်းမကြောင့်လား''

''အေး ... အဲဒီမိန်းမကြောင့်ပဲ။ လမင်း အင်္ဂလန်ကို ရှောင်ထွက်သွားသလို စစ်နိုင်လည်း သူ့သမီးခေါ်ပြီး စင်ကာပူ ထွက်သွားပြီ''

''ဟင်''

ဒေါ်ခင်ချိုမြင့် ပါးစပ်အဟောင်းသားဖြစ်ကာ သားဖြစ်သူကို ပြူးကြောင်ကြောင့်လေး ကြည့်မိသွားသည်။





''ဟုတ်တယ် မာမီ၊ စစ်နိုင်နဲ့လမင်း လျှပ်စီးမကို ရင်မဆိုင်ချင်လို့ ဆိုတာထက် ရင်မဆိုင်ရဲကြတာ။ အဲဒီအတွက် သူတို့စိတ်နဲ့သူတို့ ထွက်သွားကြတာကို မာမီက အမြီးလိုက်ဆွဲနိုင်းနေတာ သား တကယ် အံ့ဩတယ်''

''အို ... ဆွဲရမယ့်အရေးဆို လိုက်ဆွဲရမှာပဲ။ စစ်နိုင်ထွက်သွားတာ အရေးမကြီးပေမယ့် သမီးလေးထွက်သွားတာ အရေးကြီးတယ်''

''မာမ့်အတွက် လမင်းက အရေးကြီးတယ် မဟုတ်လား''

''ဟုတ်တယ်၊ ကြီးတယ် သားလတ်''

မာမီက မလျှော့တမ်းပြောလျှင် သူလည်း မလျှော့တမ်း ပြောရလေပြီ။

''မာမ့်အတွက် လမင်းက အရေးကြီးတယ်ဆိုရင် မာမီကိုယ်တိုင် လိုက်သွား''

''ဟင် ... သားလတ်၊ သားလတ် ဘယ်လိုပြောလိုက်တာလဲ''

ဒေါ်ခင်ချိုမြင့် ဒေါသအမျက်ချောင်းချောင်း ထွက်ကာ သားလတ်ပခုံးကို တဖျပ်ဖျပ်ရိုက်ရင်းပြော၏။

''မာမီကြားတဲ့အတိုင်းပဲ၊ သားအတွက်က လမင်းထက် ဈေးကပိုအရေးကြီးတယ်မာမီ''

''ဘုရား ... ဘုရား ... သားမိုက်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဈေးကြောင့် သားမိုက်တယ်ဆိုလည်း သားကို စွန့်ပစ်လိုက်တော့"

"ဘုရားရေ"

ဒေါ်ခင်ချိုမြင့် ရင်ဘတ်ဖိလျက်သားနဲ့ တကယ့်ကို နောက်ပြန်လန့်ကာ ဆိုဖာပေါ် ထိုင်ချလိုက်သလို ဝုန်းခနဲကျလေသည်။

"ဈေးမှာ ဘာပိုင်ဆိုင်မှုမှ မရှိပါဘူးမာမီ။ မိဘအသိုင်းအဝိုင်းလည်း မတောင့်တင်းဘူး။ ခိုကိုးရာမဲ့ဘဝနဲ့ ဆရာတော်ကောက်ယူမွေးစားထားတဲ့ အညတြ မိန်းကလေးပါ။ ဒါပေမဲ့ ဈေးမှာ ဈေးဘဝကို ရပ်တည်နိုင်တဲ့ ကိုယ်ပိုင်အရည်အသွေးအပြည့် ရှိတယ်မာမီ။ အဲဒီ အရည်အသွေးကို ကျွန်တော် တန်ဖိုးအထားဆုံးနဲ့ အမြတ်နိုးဆုံးပဲ။ ဒါကြောင့် အစကတည်းက ကျွန်တော် ဈေးကို ရွေးချယ်ခဲ့တာ။ ကျွန်တော့် ဘဝအတွက် ကျွန်တော့်နှလုံးသားအတွက် ဈေးက မရှိမဖြစ်ဈေးပဲ။ ဒါကြောင့် ကျွန်တော့်ကို ခွင့်မလွှတ်ချင် မလွှတ်ပါနဲ့။ သားအဖြစ် စွန့်ပစ်ချင်လည်း စွန့်ပစ်ပါ။ သားကျေနပ်ပါတယ်။ သား ဈေးဆီလိုက်မယ်။ မာမီ့ကို ကန်တော့ခဲ့မယ်"

"ဟင်"

ဒေါ်ခင်ချိုမြင့် အရုပ်ကြိုးပြတ်သလို ဆိုဖာပေါ်အိကျသွားလေသည်။





သားက ဒလဟောပြောချပြီး ကြမ်းခင်းပေါ် ဒူးထောက်ကာ သူမကို တကယ်ပင် ဦးချလေသည်။

"ဟီး"

ဒေါ်ခင်ချိုမြင့် စိတ်မထိန်းနိုင်စွာ ငိုချ၏။

"ကိုစိုး"

အသံကျယ်ကျယ်ဖြင့်လည်း ခင်ပွန်းသည်ကို အော်ဟစ်ခေါ်ဆိုဖြစ်သည်။ ဦးအာကာစိုး အပြင်ကပြန်လာလို့ ဧည့်ခန်းထဲ ခြေလှမ်းသွင်းရုံရှိသေးသည်။

သားနဲ့မအပြောနေတာတွေက ဒိုင်းဒိုင်းကြားရလို့ ရပ်တန့်ပြီး နားထောင်နေခဲ့တာ။ ခုတော့ ဇနီးသည်က ငိုယိုနေသည်။

သားဖြစ်သူက ဦးချနေသည်။ ဦးအာကာစိုး သူ့ခြေလှမ်းတွေ ဇနီးသည်ဆီ ဦးတည်လျက်၊ သားက . . .

"ဒယ်ဒီ . . . ဒယ်ဒီ့ကိုလည်း သား ကန်တော့ခဲ့ပါတယ်"

"ဟီး ဟီး . . . မကန်တော့နဲ့။ သား သား . . . ဘယ်သူ့ဆီမှ လိုက်သွားစရာမလိုဘူး"

ဦးအာကာစိုး ဘာပြောလို့ပြောရမှန်း မသိသေးပါ။ ဇနီးဖြစ်သူ ငိုရှိုက်မရပ်နိုင်ဘဲ သားကို ဟန့်တားလေသည်။

"ကိုစိုး . . . သားကို တားဦးလေ။ တားပေးစမ်းပါ။ သားကို



www.burmeseclassic.com

www.burmeseclassic.com



မြင့် မပစ်နိုင်ဘူး ... ဟင့် ဟင့် ဟင့်"

"သားသွားတော့မယ် ဒယ်ဒီ"

"သား"

မအေဖြစ်သူ ငိုယိုဆွဲတားနေတာလည်းမမှု၊ ဖခင်ကို ကန်တော့ပြီး တစ်ခါတည်းထွက်သွားတဲ့သား။ သားဟုခေါ်လိုက်ပေမယ့် ခေါ်သံက လည်မျိုအောက်မှာ ပျောက်ဆုံးနေသည်။

"သားလတ်"

ဇနီးသည်ကိုသာ ဦးအာကာစိုး စာနာစွာ မရင်း နှစ်သိမ့်ပေးနေမိသည်။

"ဟီးဟီး ... ကိုစိုး။ သားလတ်ကိုခေါ်ပေးစမ်းပါ။ သားလတ်ကို မြင့်ရင်ခွင်ထဲ ထွက်သွားခွင့် မပေးနဲ့လေ။ သားလတ် ... ဟီး ဟီး ဟီး"

"မြင့်ရယ်"

ဦးအာကာစိုး ရင်နင့်လျက်။ ဖခင်ပါဝါနဲ့ တားဖို့ ဆီးဖို့ထက် သားနဲ့ဇနီးကို ဘယ်လိုပုံစံမျိုးနဲ့ ဖျောင်းဖျနှစ်သိမ့်ပေးရမှန်းမသိအောင် ဖြစ်ရလေပြီ။ ဒါ ... ဘာ့ကြောင့်။

ပြောပါ သားလတ်ရာ။

✿ ✿ ✿

## အခန်း (၃၉)

"ဟင်"

ရုတ်တရက် သူ့ကားရှေ့ ပြေးပြီးလာတဲ့ လူအုပ်ကြီး။ သူ့လန့်ဖျပ်ကာ ကားဘရိတ်ဆွဲလိုက်ရသည်။

"ကျွီ"

ကားဘရိတ်ဆွဲတာ မြန်ပေလို့။

"ဒေါက်"

ထိုလူအုပ်ကြီးက ဆယ့်ငါးယောက်ထက်မနည်းပေ။ အားလုံး မျက်နှာဖုံးတွေကိုယ်စီကာပ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



သူကားသွားလို့မရအောင် ကြိုးတန်းကြိုးတန်းကာ ခုန်ပေါက်နေကြသည်။

"ဟော့ . . . သေကုန်မယ်ကွ၊ ဘေးဖယ်စမ်းပါ"

သူ အော်ဟစ်ပစ်လျှင် အားလုံး မျက်နှာဖုံးစွပ်တွေ ချွတ်ပြလျှင် တမန့်သစ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူ့သူငယ်ချင်းတွေနဲ့အတူ ဈေးရဲ့သူငယ်ချင်း သတင်းထောက်တွေလည်းပါ၏။ နောက်ပြီး လမင်းသူငယ်ချင်းသွင်သွင်လည်းမကျန်။

"ကျွတ် . . . မင်းတို့ ဘာအရူးထတာလဲကွာ"

"သတို့သားလောင်းကို ကြိုးတားတာ"

"ခဲဖိုးမပေးမချင်း မလွှတ်ဘူးကွ"

"ဟာ"

သူ့စိတ်မထိန်းနိုင်ဖြစ်ကာ ဟာခနဲ ရယ်မလိုဖြစ်သွားသည်။

"ဘာ ခဲဖိုးလဲ"

"မသိချင်ယောင် မဆောင်နဲ့ ကိုတမန့်။ ကျွန်တော်တို့ ကိုတမန့်နောက် မလိုက်ချင်လို့ ကြိုးတားလိုက်တာ"

ဆွေဝင်းတို့အဖွဲ့ပြောလေ၏။ သွင်သွင်ကလည်း –

"ဟုတ်တယ်၊ ကိုတမန့် ဘယ်သွားမလဲဆိုတာ သိနေလို့ ကြိုးတန်းတာ။ ခဲဖိုးမပေးမချင်း ဒီကြိုးနဲ့တားထားမှာပဲ"





"ဟာ ကျွတ်"

"ကဲ တမန့် . . . မင်းစိတ်နဲ့မင်း သွားသလို ငါတို့စိတ်နဲ့လည်း ငါတို့ တားတယ်။ ဒီကြိုးက ခဲဖိုးနဲ့မှ ပြုတ်မယ်"

"ဟုတ်တယ်"

သူ့သူငယ်ချင်းတွေ ဝင်ပြောပြန်သည်။

ခဲဖိုးတဲ့။

သူ ဘယ်တုန်းကမှ မစဉ်းစားမိတဲ့ကိစ္စ။ ခုတော့ တကယ်အတောင်းခံနေရပြီ။ မပေးမချင်း ဒီအုပ်စုက ဖယ်မယ့်ပုံမပေါ်။

"နေဦးဟာ"

သူ ပြောဆိုရင်း သူ့အကျႌအိတ်နဲ့ ဘောင်းဘီအိတ်ကို နှိုက်၏။ လက်ကိုင်ဖုန်းကလွဲပြီး သူ့မှာ ပိုက်ဆံအိတ် ပါမလာမှန်း ခုမှသိလေသည်။

အဲဒါမှဒုက္ခပဲ။

"ကျွတ် . . . အကြွေးမှတ်ကွာ"

"ဟာ . . . မရဘူး"

"အကြွေးက လက်ငင်းလောက် မသေချာဘူး"

"ပိုက်ဆံမရှိရင်လည်း ရှိတာပေး"

ဆွေဝင်းအသံက ပိုကျယ်နေသည်။ ထိုအခါ သွင်သွင်က ခုန်ဆွခုန်ဆွနှင့် တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"သွင်က ရှင့်မျက်မှန်ယူမယ်"

"ဟာ"

သူ အလုတပ်တဲ့မျက်မှန်ကို သွင်သွင်ပြောလို့မဆုံးသေး လာလု၏။ ဆွေဝင်း သူငယ်ချင်း ကိုထိုက်က –

"ကိုတမန့်အကျီဆို ကျွန်တော့်အတွက် အိုကေမယ်"

"ဟုတ်တယ်ကွ၊ ကိုယ်တို့က မင်းဝတ်ထားတဲ့ ဂျင်းဘောင်းဘီနဲ့ဆို ပြေလည်တယ်"

"ဟာ"

ပြောရင်းဆိုရင်း ထိုကားပေါ်မှဆွဲချကာ ကိုယ်ပေါ်ရှိတဲ့ အဝတ်တွေ တကယ်ချွတ်နေကြသည်။

"ဟာ . . . မင်းတို့ ဘယ်လိုတွေလဲကွာ"

"ခဲဖိုးဆိုတာ ရတာယူရတယ်ကွ"

"ဟား ဟား ဟား"

ပြောရင်းဆိုရင်း သူ့ကို တကယ်ပင် ဝိုင်းသမနေကြသည်။

"တောက်"

သူ တောက်ခတ်လို့လည်း နောက်မဆုတ်။ ဒေါသထွက်ပြလို့လည်းမရ။

နောက်ဆုံး သူ့မှာ ထိုအုပ်စုနှိပ်စက်လို့ အတွင်းဘောင်းဘီလေး





သာ ကျန်တော့သည်။

"ဟား ဟား ဟား"

သေနာတစ်ဖွဲ့က သူ့ကို လက်ညှိုးတထိုးထိုးနဲ့ ဝိုင်းဟားလျက် တမန့်သစ် ဒေါသထွက်ထွက်နဲ့ ကားပေါ်တက်ကာ ဆောင့်အောင့်မောင်းထွက်ခဲ့မိသည်။

တောက်။ ခဲဖိုးတဲ့။

ခဲဖိုးကြောင့် သူ့ပုံစံက ကျောက်ခေတ်လူသားနှယ် ပုံစံရှိနေပြီ။

ဒီအရှိုင်းပုံစံနဲ့ ဈေးဆီ သူ ဘယ်လိုသွားရမလဲ။

ကားကို နောက်ပြန်လှည့်ရသည်ကအခရင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"တီ တီ တီ"

အရေးထဲ သူ့ဖုန်းကမြည်လာသည်။ သူ ကမန်းကတန်း ဖုန်းဖွင့်ကြည့်လိုက်သည်။ ခေါ်နေတာက သူ့သူငယ်ချင်း မိုးရှာန်။

"ဟဲလို"

"ဟော့တမန်"

"ဘာလဲ ပြောကွာ"

သူ ရန်လိုစွာပြောလိုက်လျှင် မိုးရှာန် ဟောခနဲပြောချ၏။

"ခွေးတဲ့"





"ခွေး ခွေး ... ဘာဖြစ်လဲ"

"ဖြေးဖြေးမေးပါ သူငယ်ချင်းရာ"

"ကဲ ပြော ... မြန်မြန်ပြောကွ။ ကိုယ်စိတ်ပူတယ်ကွာ"

"ခွေးက စစ်နိုင်ဆီ လိုက်သွားတော့မယ်"

"ဘာ ... ဘာပြောတယ်။ စစ်နိုင်ဆီလိုက်သွားမယ် ဟုတ်လား"

"ဟုတ်တယ်၊ စစ်နိုင်ဆီသာမက လမင်းဒေဝီဆီလည်း လိုက်ဦးမယ်လို့ သတင်းရတာကွ"

"ဟာ ... ကျွတ် ဘာသွားလုပ်ဖို့လဲ ... ဟာ"

"ရန်လိုက်ဖြစ်ဖို့ နေမှာပေါ့ကွာ"

"ဟာ ... ငါ ခွင့်မပြုနိုင်ဘူးကွ၊ ခုချက်ချင်း ငါလိုက်သွားတားမယ်"

သူပြောရင်းဆိုရင်း ချက်ချင်းပဲ သူမဆီ ကားခေါင်းပြန်၏။ ဖုန်းကိုလည်းချပစ်ရင်း အရှိန်နဲ့မောင်း၏။ ခဲဖိုးပေးလိုက်ရလို့ သူ့ကိုယ်မှာ ဘာမှမရှိတော့တာလည်း သူ သတိမထားနိုင်တော့ပါ။

အဲဒါ ဘာကြောင့်လို့ထင်လဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ဒေါက် ဒေါက် ဒေါက်"

သတင်းတစ်ပုဒ်ရေးနေတာ ပြီးတောင်မပြီးသေး။ တံခါးခေါက်သံကြားလို့ ဓွေး ကမန်းကတန်း တံခါးသွားဖွင့်၏။

"ဟာင်"

တမန့်ကို ဘွားခနဲမြင်ရတော့ ဓွေး အံ့သြကာ ရင်မှာ သိမ့်ခနဲ ခုန်သွား၏။

"သရဲ"

"ဟုတ်တယ် ... ငါပဲ။ နင် စစ်နိုင်နောက်လိုက်ဖို့ဆို"





"အားအားလျားလျား ... ဘယ် စစ်နိုင်နောက်လိုက်မှာလဲ"

"စင်ကာပူသွားမယ်ဆိုတာက"

"ဘုန်းဘုန်းကို ဆေးသွားစစ်ဖို့၊ အင်္ဂလန်သွားဖို့က သတင်းယူ ထောက် ဖိုရမ် သွားတက်မှာ။ ကဲ ... ဘာသိချင်သေးလဲ"

လျှပ်စီးမ ပြောစကားမဆုံးခင် သူ ဟာခနဲဖြစ်ရ၏။

"တောက် ... မိုးချုန်"

"နေပါဦး ... နင်က ဘာဖြစ်လာတာလဲ။ နင့်ပုံကိုလည်း ငုံ့ကြည့်ဦး"

"အဲ"

လျှပ်စီးမပြောကာမှ ရှက်စိတ်ဖြင့် သူ့တစ်ကိုယ်လုံး ဖြန်းခနဲ ကြက်သီးထကာ မျက်နှာတစ်ပြင်လုံး နီရွေးသွား၏။

"နင့်သူငယ်ချင်းတွေပေါ့ ... ခဲဖိုးဆိုပြီး အတင်းချွတ်သွားတာ"

"မသိပါဘူး၊ ဆွေဝင်းပြောတော့ နင် ဘာစိတ်ရိုင်းဝင်နေလဲမသိဘူးတဲ့ သူတို့ကို အဝတ်အစားတွေ ချွတ်ပေးသွားတာတဲ့၊ နင်လာရင် ပေးလိုက်ဆိုပြီး လာပို့ထားတယ်။ ရော့ ... ဝတ်ဦး"

သူမ ပြောဆိုရင်း အခန်းထဲဝင်ကာ သူ့အဝတ်အစားတွေ ထုတ်ယူပြီး လာပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ကမန်းကတန်း ဆွဲယူပြီးဝတ်လျှင် လျှပ်စီးမ အခန်းထဲ ဝင်သွားလေသည်။

"တောက်"

"တွေ့မယ်"

သူ အဝတ်အစားဝတ်ရင်း သူ့သူငယ်ချင်းတွေနဲ့ သူမ သူငယ်ချင်းတွေကို အံကြိတ်၍ တောက်ခတ်နေမိသည်။

သူ တောက်ခတ်တာကို သူမ ဘယ်လိုနားလည်သည်မသိပါ။ အခန်းထဲမှ အော်ပြော၏။

"သရဲ . . . နင်က ငါ့ကို တောက်ခတ်တယ်ပေါ့လေ"

"တောက်မခတ်ပါဘူးဟာ . . . ချွေးကို ချစ်တယ်လို့ ပြောတာ"

"ဘာရယ်"

"ချစ်တယ်လေ"

ချွေးလည်း မျက်စောင်းလှမ်းထား၍ တောက်ခတ်လျှင် သူ ရယ်မော၍ ပြောလေသည်။

"ချွေးလည်း မောင့်ကို ချစ်တယ်ဆိုတာ မောင် သိပြီးသားပါ"

"ရှင်နော်"





'ချစ်ကြမယ်နော် ချွေး"

"ချစ် ချစ် . . . လောလောဆယ် ငါ သတင်းတစ်ပုဒ်ရေးရဦးမယ်"

"နင့်သတင်းရေးပြီးတဲ့အချိန်ထိ ငါ ထိုင်စောင့်နေမယ်"

"စောင့် စောင့်ရင်းနဲ့ နင့်ခံစားချက်တွေ ထိုင်ရေးနေ"

"အိုကေ"

သူပြောရင်း သူမ စာရေးနေတဲ့ အခန်းထဲဝင်သွားလျှင် သူမ မျက်လုံးအပြူးသားနဲ့။

"ဟဲ့ . . . ဘာလို့ဝင်လာတာလဲ"

"ခံစားချက်ရေးဖို့က ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီးမှ ရေးလို့ရမှာလေ"

သူက ပြောရင်း သူမကိုယ်လုံးလေးကို ဆွဲယူကာ သူ့ရင်ခွင်ထဲ သွင်းမိသွား၏။

"ဟာ် သရဲ"

သူမလေး ရင်ခုန်လှုပ်ရှားစိတ်ဖြင့် ရုန်းဖယ်ဖို့ ကြိုးစားသော်လည်း အခွင့်မသာ။

အချစ်ဆိုတာ စံပယ်ပွင့်လေးလို နူးညံ့ပြီး စံပယ်ရနံ့လေးလို ချိုမွှေးနေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် –

"အိုး"

အနမ်းပွင့်တို့ တဖျောဖျော ကြွေလေလျှင်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**ဝိန်းကလေး**

အမှတ် ၄၅ (B)၊ ၆–လွှာ၊ ဦးလွန်းလမ်း

အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂၄၇

www.burmeseclassic.com